www.burmeseclassic.com

ဝိနိုသရုပ္ပစာပေ

မောင်လှမျိုး ( ချင်းချောင်းဦး )

# အလွမ်းလက်တစ်ဆစ်



ရေးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com



# မောင်လှမျိုး (ချင်းချောင်းခြံ)

# အလွမ်းလက်တစ်ဆစ်

စိန်သာရွှေ စာပေ

www.burmeseclassic.com

www.burmeseclassic.com

## စကားလက်တစ်ဆုပ်

ကျွန်တော့်၏ လူမှုဘဝတွင်၊ ဆင်းရဲ ပင်ပန်းခြင်း၊ ခက်ထန်ကြမ်းတမ်းခြင်း၊ ရှန်းကန် ရင်ဆိုင်ခြင်း၊ ကြိုးပမ်း အားထုတ်ခြင်းတို့ အပြင်၊ ခံစား နာကျင်ခြင်း၊ အငြိုးအတေးကြီးခြင်း၊ စိတ်ကြမ်းကိုယ်ကြမ်းဖြင့် စိတ်လိုက်မာန်ပါ ပြုလုပ်ခြင်းစသည်ဖြင့်သော သမုဒ်အမိုက်သရိုက်များကို တည်ဖွဲ့ဖြတ်သန်းခဲ့ဖူးပါသည်။ အနုပညာမဆန်ခဲ့သော ဘဝဟု၊ ပြတ်ပြတ်သားသား ဝန်ခံချင်ပါသည်။

အနုပညာဟူသော ဝေါဟာရနှင့် ပတ်သက်ဆက်နွယ်နေကြရသော အနုပညာရှင်များ အားလုံး၏ ဘဝ အထွေထွေတို့သည်လည်း၊ အမှန်တကယ် နူးညံ့ကြပါ့မလား . . ဟု၊ တစ်ကိုယ်တည်းတွေးတော စိတ်မောမိချေသည်။

အပြင်အပ လောက၏ ပုံရိပ်ကို လည်းကောင်း၊ အပြင်အပဘဝ၏ အရိပ်လက္ခဏာကိုလည်းကောင်း၊ မူလအတိုင်း အရင်းခံအတိုင်း အနုပညာ ခေါင်းစဉ်အောက်တွင် အနုပညာပစ္စည်းအဖြစ်ပုံပြဖော်ဆောင်နိုင်ဖို့ရာ လွန်စွာခက်ခဲသည်ဟု၊ ယူဆချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

အနုပညာဟူသည် . . ဝါဒရေးရာ၊ ခွဲဝေဖြန့်ကျက်စရာ၊ အသုံးခံပစ္စည်း မဟုတ်။ မိမိ၏ လူမှုဘဝ အတွေ့အကြုံ အခက်အခဲတို့ကို ဖွင့်လှစ်ပြသရာ ကြော်ငြာသင်ပုန်းမဟုတ်။ အနုပညာသည် တရားဟော စင်မြင့်မဟုတ်။

သို့သော် . . . အနုပညာသည် အရာခပ်သိမ်း၏ ပုံရိပ်တစ်ခု ဖြစ်နေပြန်သည်။ အနုပညာဖန်တီးမှု တစ်ခုခုကို ခံစားသုံးသပ်ကြည့်ရှုမှုဖြင့် ထိုအနုပညာ၏ လာရာအရပ်၊ ထိုအနုပညာ၏ သဘောသဘာဝ၊ ထိုအနုပညာ၏ အရှိန်အဝါတို့ကို ထင်လင်းစွာ တွေ့မြင်သတ်မှတ်နိုင်ပေသည်။

ဒေသတစ်ခု၏ အနုပညာပစ္စည်း တစ်ခုခုကို ဆန်းစစ်ကြည့်ရှုမှုဖြင့် ထို ဒေသ၏ ယဉ်ကျေးမှု မလေ့စရိုက်၊ အတွေးအခေါ် ပညာအမျှော်အမြင် စိတ်ထားနှလုံးသားတို့ကို အကြွင်းမဲ့ သိမြင်ရမည် ဖြစ်ပေသည်။



ကွယ်လွန်သူ စာရေးဆရာကြီး (ဦး) ငြိမ်းကျော်က "ဝတ္ထုတွေထဲမှာ မလိုအပ်ဘဲ မနမ်းစေချင်ဘူးကွာ၊ မြန်မာတွေ ရေးတဲ့ မြန်မာဝတ္ထုဟာ၊ မြန်မာမဟုတ်သူ ဖတ်တဲ့ အခါ မြန်မာ မဆန်မှာ စိုးရိမ်တယ်" . . ဟု၊ ကျွန်တော့်အား သတိပေး ဆုံးမခဲ့ဖူးပါသည်။ ထိုသြဝါဒ စကားကို ကျွန်တော့်၏ နောက်ဆုံးထွက်သက်အထိ လိုက်နာကျင့်ဆောင်သွားမည်ဟု၊ သန္နိဋ္ဌာန် ပြုဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့်၏ အနုပညာ စာဝါကျများတွင်လည်း၊ "ဒါ မြန်မာဝတ္ထုကွ" . . ဟု၊ကြွားဝါနိုင်လောက်အောင် အရည်အချင်း မပြည့်မီခဲ့သည့်တိုင်၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာလွန်းသော၊ စာဝါကျများမဖြစ်အောင် အထူး သတိထား ဆင်ခြင် ကြိုးစားခဲ့ပါသည်။

ပြင်ပ ဘဝ၏ ဝတ်စားနေထိုင်မှု၊ ပြုမူ ပြောဆိုမှု စရိုက်များ မည်မျှပင် ကြမ်းတမ်းခဲ့စေကာမူ ဖန်တီးအပ်သော အနုပညာ၊ အဖွဲ့အနွဲ့များအတွင်း၌ မြန်မာဟူသော ဝေါဟာရ၏ ဂုဏ်သိက္ခာကို မညှိုးနွမ်းအောင် အထူးကြိုးပမ်းခဲ့ပါသည်။

စရိုက်ဆိုးကို ရေးဖွဲ့ရမည် ဆိုလျှင်ပင် စကားဆိုးတို့ မပါအောင်၊ စရိုက်ပျက်ကို ရေးဖွဲ့ရမည် ဆိုလျှင်လည်း စကားပျက်တို့



www.burmeseclassic.com

www.burmeseclassic.com

မပေါ်များအောင်၊ ဆင်ခြင် ပုံဖော်ခဲ့ပါသည်။

မြန်မာဝတ္ထုကို . . , မြန်မာဆန်ဆန် မရေးတတ်မှာကို ကျွန်တော် လွန်စွာ စိုးရိမ်ပါသည်။

ပရိသတ်ကို တိုက်ရိုက်စကားပြောဖို့ ကျွန်တော့်မှာ နေရာ မရှိပါ။ ထိုကြောင့် . . ဤစာမျက်နှာကို ပရိသတ်နှင့် တိုက်ရိုက် စကားပြောခွင့်ရသော ရင်ပြင်ကျယ်အဖြစ် . . , ကျွန်တော် အသုံး ပြုဖြစ်ပါသည်။



အနုပညာသည် နူနယ်သော၊ နူးညံ့သော၊ သိမ်မွေ့သော၊ နက်နဲသော၊ ပညာရပ်တစ်ခု . . ဟု၊ ကျွန်တော် ခံစားနားလည်ထား ပါသည်။

အနုပညာရှင်ဟု၊ ကိုယ့်ကိုယ်ကို သတ်မှတ်နားလည်ထား ချင်သော်လည်း ထိုအရည်အချင်း၊ ထိုအရည်အသွေးတို့၊ ကျွန်တော့် တွင် ပြည့်မီနေလိမ့်မည် မဟုတ်သေး။

ဝန်ဂိုး၏ . . .

ပန်းချီကားများစွာကို ကျွန်တော် မခံစားတတ်သေးပါ။ (နားလည်နိုင်စွမ်း နည်းပါးနေခြင်း ဖြစ်ပါသည်။)

လီယိုနာဒိုဒါဗင်ချီ၏ မိုနာလီဇာပန်းချီကားကို ကြည့် လျက် နားလည်ရ ခက်ခဲနေဆဲ ဖြစ်ပါသည်။ မိုနာလီဇာ၏ အပြုံး သည် လောကဓံ အထပ်ထပ်ကို ကျော်ဖြတ်ရင်ဆိုင်ခဲ့ရသူ၏ အပြုံး . . . ဟု၊ ဖတ်မှတ်ကြားနာဖူးပါသည်။

ထိုအခါ မိုနာလီဇာထက် ပိုမို ပြင်းထန်သောလောကဓံ ကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသူများ၏ ကိုယ်စား နောက်ထပ်ပန်းချီကား တစ်ချပ်ကို ရေးဆွဲကြည့်နိုင်စွမ်း ကျွန်တော့်မှာ ရှိချင်ပါသည်။

သို့သော် ထိုအရည်အချင်း ကျွန်တော့်မှာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ခုသောစိတ်ဖြင့်၊ တစ်စုံတစ်ခုသော အနုပညာကို (အနုပညာရှင်တို့) ဖန်တီးကြသောအခါ ပရိတ်သတ်၏နှလုံးသားနံရံသို့ တိုက်ရိုက်ခိုတွယ်နိုင်ခြင်း ရှိမရှိ သေချာစွာ သိဖို့ ခက်ခဲလှပါသည်။ ဖန်တီးသူ၏ စိတ်၊ ခံစားသူ၏ စိတ်တို့၊ ထပ်တူမကျသည့်အခါ၊ တစ်စုံတစ်ခုသော အင်အားနည်းပါးတတ်ပါသည်။

ထိုအင်အား၏ အမည်မှာ နားလည်မှုပင် ဖြစ်၏။

ထိုသို့ အင်အားနည်းပါးရခြင်းမှာ ဖန်တီးသူ၏ချွင်းချက်ဟုသာ ကျွန်တော် ယူဆ လိုပါသည်။

ဤ အလွမ်းလက်တစ်ဆစ် . . ဟု၊ အမည် ပေးအပ်ထားသော ဝတ္ထုကို . . တစ်စုံတစ်ခုသော စိတ်ဖြင့် ရေးသားဖန်တီးပါသည်။

ကျွန်တော် ချစ်သော . . . ပရိသတ်၏ နှလုံးသားနံရံသို့ တိုက်ရိုက်ခိုတွယ်နိုင်ခြင်း မရှိခဲ့လျှင် ကျွန်တော့်၏ ညံ့ဖျင်းမှုသာ ဖြစ်ပါသည်။

ညံ့ဖျင်းမှု၊ လိုအပ်မှု၊ အားနည်းမှုတို့ အပေါ် အစွမ်းကုန်ဖြည့်ဆည်း နားလည်ပေးပါရန် ခင်မင်ရင်းနှီးစွာ တောင်းပန်၊ ပန်ကြားအပ်ပါသည်။



ကျွန်တော် ချစ်သော ပရိသတ်များ အားလုံး . . . လောကစံ တောင်အထပ်ထပ်ကို ငြိမ်းချမ်းစွာ ဖြတ်သန်း ကျော်လွှားနိုင်ပါစေသတည်း။ ။

**လေးစားခင်မင်လျက်,**

**မောင်လှမျိုး(ချင်းချောင်းခြံ)**

**2006. 10. 1**

**5 : 15 ( P.M )**



www.burmeseclassic.com

www.burmeseclassic.com

သံလွင်ငြိမ်း . . . . သို့

www.burmeseclassic.com

www.burmeseclassic.com

မုန်းသူကို မေ့၍

ချစ်သူကို တွေ့ပါစေ . . .

(သံလွင်ငြိမ်း)

(၁)

"လူတစ်ယောက် အသက်အန္တရာယ်နီးနေတဲ့ အချိန်မှာ၊ နင်တို့၊ ဒီ့လို တွေးတောတာတော့ မသင့်လျော်ဘူးထင်တယ်" . . ဟု၊ နော်ဇာဝတ်ရည်ကို ဦးတည်လျက်၊ ကျွန်တော် . . . ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာဝတ်ရည်က၊ ဘာမျှ ပြန်မပြောသော်လည်း . . ၊ ဝေဝေဦးက ,

"အသက်အန္တရာယ် မနီးပါဘူးဟယ်။ ခေါင်း ထိခိုက်လို့ သတိလစ်နေရုံပဲဟာ။တစ်ရက် နှစ်ရက်နေရင် သတိပြန်ရလာမှာပါ"

ဦးခေါင်း အနောက်ဘက်တွင်၊ ရရှိသော ဒဏ်ရာကြောင့် သတိလစ်နေသော၊ သူငယ်ချင်းဖြစ်သူ သံလွင်ငြိမ်း၏ မျက်နှာကို တစ်ချက်မျှ ငုံ့ကြည့်ပြီး၊

ကျွန်တော်က . . . ,

"သူက ခေါင်းထိသွားတာ ဝေဝေဦးရဲ့။ အချိန်မရွေး အသက်အန္တရာယ် ထိခိုက်သွားနိုင်တယ်။ နင်တို့ပြောသလို . . အတိတ်မေ့တာတွေ ဘာတွေလည်း၊ ဖြစ်သွားနိုင်တယ်။ သတိလစ် နေတယ် . . ဆိုကတည်းက၊ ဒဏ်ရာပြင်းထန်လို့ ပေါ့ဟ။ ဒါကို နင်တို့က, နောက်ကြပြောင်ကြဦး မယ်ဆိုတော့ . . . "





ကျွန်တော် စကားမဆုံးခင်၊ ဇော်သန်းက, ကျွန်တော့် အုံးတိုလက်ဖြင့် ပုတ်ပြီး . . .

"မင်းက, လည်း၊ ထူလိုက်တာ။ ဒီကောင် သတိလစ်နေတာ, ဒဏ်ရာကြောင့်မှမဟုတ်တာ။ ထိုးဆေး အရှိန်ကြောင့်၊ သတိမရသေးတာပါကွ"

ဇော်သန်း၏ စကားကြောင့်၊ ကျွန်တော် ငြိမ်သက်သွား ရသည်။ ကိုကိုမင်းက,

"သူတို့ . . . မိန်းကလေး သုံးယောက်, လုပ်ချင်တာ လုပ်ပါစေ။ ဒါ . . . နောက်တာ ပြောင်တာပဲဟာ။ မင်းက, ဘာဖြစ်နေတာလဲ။ အသက်အန္တရာယ် ထိခိုက်မဲ့ ကိစ္စဆိုရင်၊ ငါတို့က, ခွင့်ပြုပါ့မလား။ သူတို့က, ရော လုပ်ရက် ပါ့မလား"

ကျွန်တော်က . . . ,

"ဒီ အနောက် အပြောင်မျိုးက . . ၊ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်နိုင်တဲ့ အနှောက်အပြောင်မျိုး။ အဲဒါကို ငါ စိုးရိမ်တာ။ မင်းတို့က, ဘာကြောင့်ခွင့်ပြုချင်ရတာလဲ"

"ဟာ။ နှောက်တဲ့ပြောင်တဲ့ ကိစ္စပဲ။ ဘာခွင့်မပြုစရာ လိုသလဲ။

အေး . . လိုတာတစ်ခုပဲ။ မင်း နှုတ်လုံဖို့။ မင်းက . . သံလွင်နဲ့ပတ်သက်ရင်၊ ဆတ်ဆတ်ထိ မခံတဲ့ကောင်။ မင်းသာ နှုတ်မလုံရင်၊ သူ့ကို၊ နှောက်တာပြောင်တာ အထမမြောက်ဘဲ၊ ငါတို့တွေ၊ သူတို့တွေ အရှုံးပြန်အလုပ်ခံရမယ်။

အဲဒီတော့ . . . .

မင်း နှုတ်လုံပေးစမ်းပါ။ သူတို့ အစီအစဉ်လေးက ပျော်ဖို့ကောင်းပါတယ်"

"သူတို့ မင်းတို့ ပျော်ဖို့၊ သံလွင် မပျော်ဘူး ဆိုရင်၊ ဘယ်လို လုပ်မလဲ"





"ခြော် . . . ပြဿနာ အကြီးကြီး မဖြစ်ပါဘူးကွာ။ ဖြစ်ခဲ့ရင်လည်း၊ အားလုံးက ဝန်ခံရှင်းပြလိုက်ရုံပေါ့"

"အစီအစဉ်က၊ ဘာလဲ"

ဇော်သန်းက . . . .

"သူ . . သတိရလာရင်၊ ငါတို့နဲ့ အတူ . . မင်းက, ကူပြီးညာပေးရမှာ။

သတိရရချင်းတော့၊ မဟုတ်ဘူးပေါ့။ နေ့ထိုင်ကောင်းသွားတဲ့ အချိန်ကျမှ၊ ညာပြောပေးရမှာ"

"ဘယ်လိုညာရမှာလဲ"

"သံလွင်ငြိမ်း ၊ အတိတ်နည်းနည်း မေ့နေပြီဆိုတဲ့ အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရည်ရွယ်ချက်က၊ ဘာလဲ"

ဇော်သန်းကို၊ နှုတ်က မေးရင်း . . နော်ဇာဝတ်ရည်ကို၊ မျက်လုံးဖြင့် မေးဖြစ်သည်။

နွယ်နွယ်ဦးက၊ ဝေဝေဦးကို၊ အနီးမှ ထ, လာပြီး၊ တီးတိုးစကားသံဖြင့်,

"သံလွင်က . . ဘယ်မိန်းကလေးမှ စိတ်မဝင်စားဘူး မဟုတ်လား"

"ဟုတ်တယ်။ အဲဒါ ဘာဖြစ်လဲ"

"သူ သတိရလာပြီး . . ၊ ကျန်းကျန်းမာမာဖြစ်လာရင်။ နော်ဇာက၊ သူချစ်သူပါ . . လို့ ဝိုင်းပြောကြမှာ။ ဝိုင်းညာပေးကြရုံပဲ။

ဘယ်သူ့ကိုမှ မချစ်တတ်တဲ့သူ၊ နော်ဇာ့ကို ချစ်သွားရင်၊ ဘယ်လောက် ပျော်ဖို့ကောင်းလဲ၊ နင်. . သံလွင့်ကို၊ နော်ဇာနဲ့ အဘောမတူဘူးလား"





ကျွန်တော် ဘဝင်မကျ။

နော်ဇာဝတ်ရည်ကို၊ ဘဝင်မကျခြင်း မဟုတ်။ အခြေအနေကို ဘဝင်မကျခြင်း ဖြစ်သည်။ ဒါ . . . သွေးရိုးသားရိုး ကိစ္စမဟုတ်နိုင် . . ဟု၊ စိတ်က,သိနေ၏။ ထို့ကြောင့် ,

"နော်ဇာက၊ သံလွင့်ကို ကြိုက်နေလို့လား"

နော်ဇာဝတ်ရည်၊ ဦးခေါင်းငုံ့သွားသည်။ ပြီးမှ, ကျွန်တော့်ကို မဝံ့မရဲကြည့်ပြီး . . .

"နင်က, လည်း၊ နောက်မလို့ပါဆို။ အမေး အမြန်း အရမ်းထူတယ်"

"မမေးလို့ မရဘူးလေဟာ။ ဒါ . . . , တစ်ခုခု လုပ်ကြံထားတဲ့ ကိစ္စလို့ ငါ့ စိတ်ထဲက ထင်နေတယ်။

နင်တို့က, နောက်တယ်ပြောင်တယ်ပဲထား။ ဒီကောင်က, နင့်ကို တကယ် ချစ်ကြိုက်သွားရင်၊ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြန်ချစ်လိုက်ပေါ့"... ဟု၊ ကိုကိုမင်း ဝင်ပြော၏။ မိန်းကလေး သုံးဦးစလုံး ရယ်မောကြသည်။ ဇော်သန်းလည်း ... ရယ်မောသည်။ ကျွန်တော်မရယ်ဖြစ်။

"ဟဲ့၊ တီးတိုးရယ်ကြ။ သတိပြန်ရနေလို့ ကြားသွားဦးမယ်" ... ဟု၊ ဝေဝေဦး ပြော၏။

ကျွန်တော် စကားစ, ပြန်ကောက်သည်။

"ကဲ ... ။ ငါ မေးတာ၊ နင်တို့ ဖြေလေ။
သံလွင်က, နော်ဇာကို ချစ်သွားရင်, ဘာလုပ်မလဲ"

နော်ဇာဝတ်ရည်က, ရယ်မောလေ၏။ အသံမထွက်သော အသော့အထေ့ အရယ်အမောမျိုး။ ပြီးနောက်, နော်ဇာဝတ်ရည်က ...,

"ဘယ်မိန်းကလေးမှ စိတ်မဝင်စားတဲ့ သူက၊ ငါ .. သူ့ချစ်သူပါ .. လို့ ပြောပြီး ဝင်ရောလိုက်ရုံနဲ့ ချစ်ကြိုက်သွားမယ်ဆိုရင်၊ နင်တို့ ယောကျ်ားတွေရဲ့၊ စိတ်က၊ ဘာအံ့သြစရာ ရှိလို့လဲဟ။ တောင့်ထားတဲ့ စိတ်သမာဓိမျိုးကြီး။





ဟင်းဟင်း"

ဇော်သန်းနှင့် ကိုကိုမင်းတို့ကို၊ ကျွန်တော် ကြည့်ပစ်လိုက်သည်။ သံလွင်ငြိမ်း၏ မျက်နှာကိုလည်း ဂရုဏာသက်စွာ၊ ကြည့်နေလိုက်မိသည်။

ကျွန်တော့် စိတ်, ဘာဖြစ်သွားသည် မသိ။ သူတို့ ဘာရည်ရွယ်ချက်နှင့် ပြုမူနောက်ပြောင်ကြမည်ကို မသိလိုတော့ဘဲ ... ။

"ကောင်းပြီ နော်ဇာ။ နင်တို့ အားလုံး ပြောစေချင်တဲ့ အတိုင်း ငါ ပြောပေးမယ်။ နင့်ကို၊ သံလွင် ချစ်ကြိုက်သွားတဲ့ နေ့ကျရင်၊ ငါ ... ဒီအုပ်စုထဲက ထွက်မယ်။ ပြီးတော့ ...,
သံလွင်ငြိမ်း ဆိုတဲ့ ငါ့သူငယ်ချင်းကို၊ စိတ်ဓာတ်မခိုင်မာတဲ့ ယောကျ်ားတစ်ယောက်အဖြစ်၊ သတ်မှတ်ပြီး ငါ .. သူ့ကိုပါ သူငယ်ချင်း အဖြစ်က၊ စွန့်ခွာမယ်။ ဒါပဲ။ နှုတ်လုံဖို့ မလုံဖို့တွေကို၊ ငါ့ကို မဆွေးနွေးနဲ့တော့။ နင်တို့ ဘာရည်ရွယ်ချက်နဲ့ပဲ လုပ်လုပ်၊ ငါ စိတ်မဝင်စားတော့ဘူး။ ငါ ..

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားတာ တစ်ခုပဲ ရှိတော့တယ်။ နင့်ကို သံလွင်ငြိမ်း ဘယ်လို သဘောထားမလဲ ဆိုတာပဲ"

"ကောင်းပြီ" . . . ဟု၊ နော်ဇာဝတ်ရည် ပြောသည်။ ပြီးနောက် . . စဉ်းစားဟန်ပြုရင်း . . .

"ငါတို့ . . ပြောစေချင်တာလေးတွေတော့ နင် . . ကူပြီး ပြောပေး အယုံသွင်းပေးပေါ့၊ နော် . . . မြင့်မြတ်"

ကျွန်တော် ခေါင်းကို ဆတ်ကနဲ ညိတ်လိုက်သည်။

မလှုပ်မလွန့်၊ မလှုပ်မယှက်ဘဲ၊ ငြိမ်သက်နေရှာသော သံလွင်ငြိမ်း၏၊ သတိလစ် မေ့မျောနေသော မျက်နှာလေးကို၊ ယုံကြည်ချက်ခိုင်မာကိုးစားစွာ၊ ကျွန်တော် ငေးကြည့်လိုက်လေသည်။



(၂)

"ဟဲ့။ ဘာဖြစ်လာတာလဲ။ မျက်နှာက, တွန့်လိမ်ကောက်ကွေးနေတာပဲ" . . . ဟု၊ နော်ဇာဝတ်ရည်ကို၊ ကျွန်တော် ပြောမေး, မေးသည်။

နော်ဇာဝတ်ရည်က . . ,

"မာန်တက်နေတဲ့ ကောင်နဲ့ ငါ, တွေ့ခဲ့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဇော်သန်းက . . .

"ဘယ်သူလဲ"

ဝေဝေဦးက . . .

"ဟို . . . မေဂျာကင်းလေ"

ကျွန်တော်က . . .

"သံလွင်ငြိမ်းဆိုတဲ့ ကောင်လား"

"ဟုတ်တယ်" . . ဟု၊ နော်ဇာဝတ်ရည် ပြော၏။

"နင့်ကို ဘာလုပ်လို့လဲ။ ဘာပြောလို့လဲ။ လာ . . . ငါတို့ လိုက်ခဲ့မယ်။ ပြော . . . ဒီကောင် ဘာလဲပြော"

ကိုကိုမင်းက၊ လွယ်အိတ်ကို စလွယ်သိုင်းပြီး၊ ခြေလှမ်းပြင်သည်။ ကျွန်တော်က၊ လွယ်အိတ်ကိုင်းကို၊ ဆွဲထားလိုက်ပြီး . . .





"နေစမ်းပါကွာ။ မင်းက, လည်း၊ မိန်းကလေးတွေ ရှေ့ကျရင် လက်မောင်းကြွက်သား တော်တော်ထုတ်ပြချင်တာပဲ"

နော်ဇာဝတ်ရည် ဘက်သို့လှည့်ကာ . . .

"ကဲ . . . ပြော။ နော်ဇာ။ နင့်ကို၊ အဲဒီ သံလွင်ငြိမ်းဆိုတဲ့ကောင်၊ ဘာလုပ်လို့လဲ"

နော်ဇာဝတ်ရည်က၊ နှုတ်ခမ်းကိုသာ ကိုက်နေ၏။

နွယ်နွယ်ဦးက . . .

"ဟဲ့ ပြောပြလိုက်လေ"

နော်ဇာဝတ်ရည်က . . .,

"Library ဘယ်မှာလဲ . . လို့ ငါမေးတာ ငါ့ကို မျက်ခုံးတွန့်ကြည့်ပြီး၊ ထွက်သွားတယ်။ ငါ ရေရေလည်လည်တင်းတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ စိတ်ဆိုးစရာမှ မဟုတ်တာ။ သူ မသိလို့ နေမှာပေါ့"

"မသိစရာလား ဟဲ့။ သူ . . ထွက်လာတဲ့ ဘက်ကို ငါတို့ ဝင်သွားတာ အဲဒီမှာ Library"

"အဲဒီတော့ ဘာဖြစ်လဲ"

"သိရက်သားနဲ့ မပြောတာပေါ့ဟ။ သက်သက်မဲ့ အကျင့်မကောင်းတာ။ ကင်း ဆိုပြီး မာန်တက်နေတာ"

"အဲဒီ ကင်း ကို၊ နင်တို့ မိန်းကလေးတွေပဲ ရွေးကြတာလေ"

"အနေအေးလို့။ နေတာထိုင်တာ တည်ကြည်လို့ ရွေးတာပေါ့ဟ။ မာန်တက်မယ်မှန်း





သိရင် လုံးဝဘဲ"

"ငါတွင်မဟုတ်ဘူး မြင့်မြတ်ရေ။ သူ့ကို စကားသွားပြောမိတဲ့ မိန်းကလေးတိုင်း၊ ငါလို ခံခဲ့ရတာချည်းပဲ။ မတူမတန်သလို လုပ်လုပ်ပစ်တယ်။

Fresher Welcome တုန်းကလည်း၊ သူ့ လုပ်ပေါက်ကို၊ နင်တို့ အမြင်ပဲ။ မေဂျာကင်းနဲ့ မေဂျာကွင်း အတူတွဲရပ်ပြပါဆိုလို့ ငါက . . . မတ်တပ် ရပ်လိုက်တာ၊ အခန်းထဲမှာ သူ မရှိတော့ဘူး။

ငါ . . , အဲဒီတုန်းကတည်းက၊ တင်းနေတာ။ အဲဒါကို နင်တို့ မသိဘူး"

"အဲဒီတုန်းကတည်းက၊ မကျေနပ်ဘူး ဆိုလည်း၊ နင် . . အခု ဘာဖြစ်လို့ သွားမေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်တန်းတည်းသားတွေလေဟာ။
မသိလို့ သွားမေးမိတာပေါ့"

"အခု . . နင် ဘာလုပ်ချင်လဲ"

"ငါက . . မိန်းကလေး ဘာလုပ်လို့ရမှာလဲ။ မကျေနပ်လွန်းလို့ နင်တို့ကို ရင်ဖွင့်တာ။ ပြောခွင့်ရရင် ပြောလိုက်ချင်တယ်။ နင်လည်း . . ကင်း။ ငါလည်း ကွင်း . . လို့"

နော်ဇာဝတ်ရည် စကားကြောင့်၊ ကျွန်တော် ပြုံးလိုက်မိသည်။

"ဘာပြုံးတာလဲ"

"စာသင်တဲ့ နေရာဌာနမှာ ကင်း(န်)တွေ ကွင်း(န်)တွေ ရှုပ်ယှက်ခတ်နေတာကို တွေးမိလို့





ပြုံးတာပါ။

ငါ သတိထားမိသလောက်တော့၊ အဲဒီကောင်က၊ ဘယ်သူနဲ့မှ သိပ်ရောတာမှမဟုတ်တာ။ နင်ပြောသလို မာန်တက်တာလည်း၊ မဖြစ်နိုင်ဘူး။ နင်တို့တွေ ဘာတဲ့ဆိုပ်မှ မကပ်ခင်ကတည်းက၊ သူ . . . ဒီအတိုင်းပဲနေတာ"

ဇော်သန်းက . .

"ဒီလိုလုပ်။ ငါတို့ ဒီကောင်ကို သွားမေးလိုက်မယ်။ ဘာသဘောလဲ . . . လို့"

"ရန်တော့ မဖြစ်စေချင်ဘူး" . . . ဟု၊ နော်ဇာဝတ်ရည် ပြော၏။

ကျွန်တော်က . . . ,

"မင်းလည်း မမေးနဲ့။ ကိုကိုမင်း၊ လည်း မမေးနဲ့။ ငါပဲ မေးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ဒီမှာပဲ နေခဲ့။ အေးအေးဆေးဆေးပဲ မေးကြည့်မှာ။ ရန်မဖြစ်ဘူး”

လူစု ခွဲလိုက်ကြ၏။ ဘာမျှ ဝင်မပြောဖို့၊ ဇော်သန်းနှင့် ကိုကိုမင်းကို မှာကြားရသေးသည်။

“ငါ . . မင်းနဲ့စကားပြောချင်လို့။ ငါ့နာမည် မြင့်မြတ်။ ဒီကောင့် နာမည်က . . . ဇော်သန်း။ ဒီကောင်က, ကိုကိုမင်း။ သူငယ်ချင်းတွေပေါ့ကွာ။





မိန်းကလေး သူငယ်ချင်းတွေလည်း၊ ရှိသေးတယ်။ နော်ဇာဝတ်ရည် . . တဲ့။ နောက် . . . ဝေဝေဦးနဲ့ နွယ်နွယ်ဦးမိန်းကလေးသူငယ်ချင်း သုံးယောက်”

ကျွန်တော်ပြောသော စကား၊ အမည်များကို၊ သံလွင်ငြိမ်း က, အေးဆေးတည်ကြည်စွာ နားထောင်၏။

“ငါတို့ မင်းကို၊ သိတာကြာပြီကွ။ မင်းက, ဒေသမှာကတည်းက, ဘယ်သူနဲ့မှ သိပ်မရောတာကို၊ သတိထားမိတယ်။

ဒီ . . ရောက်တော့။ ဒီ . . မိန်းထဲမှာ. . ငါတို့ သိပ်မကျွမ်းဘူးကွ။ အဲဒါ . . . ခုနက, ငါ့သူငယ်ချင်း နော်ဇာဝတ်ရည်က, မင်းကိုစာကြည့်တိုက် ဘယ်မှာလဲလို့ မေးတာ၊ မင်းက, ဘာမှပြန်မပြောဘဲ၊ မျက်ခုံးတွန့်သွားလို့ . . တဲ့။ မင်းကို စိတ်ဆိုးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . ငါ့ လာမေးကြည့်တာ။ မင်း . .
မသိလို့မပြောတာလား။ သိရက်နဲ့ မပြောတာလား"

သံလွင်ငြိမ်းက,

"ငါ . . . ဘယ်မိန်းကလေးနဲ့မှ စကား မပြောဖူးဘူးကွ။ အဲဒါကြောင့်, ငါက . . ဘာမှ ပြန်မပြောလိုက်တာ။ မင်းက, စိတ်ဆိုးလို့ မေး တာလား။ ဒါမှမဟုတ်၊ မင်း သူငယ်ချင်း, အဲဒီ ကောင်မလေးက၊ လာမေးခိုင်းတာလား"

ကျွန်တော်က . .

"စိတ်ဆိုးတယ်တော့ မဟုတ်ဘူးပေါ့ကွာ၊ စိတ်ထဲတော့ တစ်မျိုးဖြစ်တာပေါ့။ နော်ဇာ မေး ခိုင်းလို့ လာမေးတာမျိုးလည်း၊ မဟုတ်ဘူး။ ဘာ ကြောင့်လဲဆိုတာ၊ ငါကိုယ်တိုင် သိချင်လို့၊ လာ မေးတာ . ."





သံလွင်ငြိမ်းက . . .

"အကြောင်းကတော့၊ အဲဒါပဲ။
မိန်းကလေးနဲ့ ငါ စကားမပြောဘူး"

"ဘာဖြစ်လို့လဲ။ ငါတို့ မသိရဘူးလား"

သံလွင်ငြိမ်းက၊ ခေါင်းခါသည်။ ပြီးမှ -

"အဲဒါ . . ၊ ငါ့ personal"

"ဆောရီး။ အဲဒါဆို . . ငါမမေးတော့ဘူး"

ဇော်သန်းက . .

"ငါ . . မေးစရာရှိတယ်ကွ။
မင်း . . ဖြေမလား"

"မခက်ခဲရင် ဖြေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သန်းက၊ ပြုံးလျက် -

"မင်းကို၊ မေဂျာကင်း(န) ရွေးတုန်းက၊ ကွင်း(န)နဲ့၊ တွဲရပ်ပြပါလို့ ပြောကြတာ။ မင်း ဘာဖြစ်လို့ထွက်သွားရတာလဲ"

"ခုနက၊ ငါပြောတဲ့ စကားထဲမှာ၊ ပါသွားပြီးပြီ။ It's my personal"

"မာနကြီးတာမျိုးလား"

သံလွင်ငြိမ်း၊ ပြုံးလေသည်။ ပြီးမှ -

"ဘာကို မာနကြီးရမှာလဲကွ။ ကျောင်းလာတက်တယ်။ စာသင်တယ်။ ပြီးတော့ အိမ်ပြန်တယ် . .။ ဒါ . . ငါ့ရဲ့ ကျောင်းသားဘဝပဲ"

"မင်း . . မပျင်းဘူးလား" . . ဟု၊ ကိုကိုမင်း ဝင်မေးသည်။





"ပျင်းတာပေါ့။ ငါက၊ ဒီ . . ရန်ကုန်မှာ၊ အပေါင်းအသင်းမရှိဘူး။ ပျင်းရင်၊ ငါ . . အိမ်မှာ ဂစ်တာတီးတယ်။ အပျင်းပြေသွားရော"

ကျွန်တော်က . . ,

"မင်းက . . နယ်မှာ နေတာလား"

"အေး။ နယ်မှာ . . ငါ့ အဖေရှိတယ်။ ဒီ . . ရန်ကုန်အိမ်က အဘွားအိမ်။ အဘွားတော့ မရှိတော့ဘူး။ ငါ တစ်ယောက်တည်းပဲ"

"မင်း . . ဘယ်နယ်က,လဲ"

"မမေးပါနဲ့ကွာ။ ငါ . . သိပ်မပြောချင်ဘူး"

ကိုကိုမင်းက . . ,

"ကျောင်းသားရေးရာမှာ သွားစုံစမ်းရင်၊



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ သိနိုင်တယ်နော်”

တရင်းတနှီး ပြောသည်။

“သွားစုံစမ်းလို့ သိသွားတော့လည်း . . .၊ ဘာမှတော့မဖြစ်ပါဘူးကွာ။ ငါဘာသာ မပြောချင်တာပါ”

ကျွန်တော်က . . ,

“မင်းက လူတစ်မျိုးပဲနော်”

“လူများများနဲ့ မရောလို့ . . တစ်မျိုးဖြစ်နေတာ နေမှာပါ”

“မင်း အခုလို ဘယ်သူနဲ့မှ သိပ်မရောဘဲ နေတာ၊ အကြောင်းတော့ ရှိမှာပေါ့”

ကျွန်တော်စကားနှိုက်မှန်းသိသောကြောင့်၊ သံလွင်ငြိမ်းက၊





ညှော့က်သာနေ၏။

“ဘာပဲဖြစ်ဖြစ်ကွာ။ ငါတို့ကို၊ သူငယ်ချင်းလိုပဲ သဘောထားပါ”

“သဘောထားစရာ မလိုပါဘူးကွာ။ မေဂျာ တစ်ခုတည်းပဲဟာ။ သူငယ်ချင်းပဲပေါ့။ ခက်တာက, မိန်းကလေးတွေကိုတော့၊ ငါ . . . သူငယ်ချင်း မဖြစ်ချင်ဘူး”

“မိန်းကလေးတွေ ကြားရင်၊ မင်းကို ပိုမုန်းကြလိမ့်မယ်”

. . ဟု၊ ကိုကိုမင်း, ပြောသည်။ သံလွင်ငြိမ်းက . .

“ချစ်ခြင်း မုန်းခြင်းဆိုတာ၊ ကိုယ့်စိတ်မှာ ဖြစ်တဲ့အရာက၊ ပိုအရေးကြီးပါတယ်။

<သူတစ်ပါးရဲ့ . . ချစ်ခြင်း၊ သူတစ်ပါးရဲ့ . . မုန်းခြင်း ဆိုတာ၊ ကိုယ် . . ယူမှ၊ ကိုယ်လက်ခံမှ ကိုယ့်အပေါ် သက်ရောက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ဘယ်လို မုန်းမုန်း၊ အဲဒီ အမုန်းကို
ငါ့ စိတ်က, ယူမထားရင်၊ အဲဒီ အမုန်းဒဏ်ကို
ငါ . . ခံရမှာမဟုတ်ဘူး

ကျွန်တော်က . . အသံထွက်ရယ်မောကာ -

"ဟားဟား။ မင်း ဖလော်ကို၊ ငါ . . ကြိုက်သွားပြီကွာ။ ကဲ . . လာ။ ကင်(န)တင်း သွားမယ်"

"အို-ကေ" . . ဟု၊ ပြောပြီး၊ သံလွင်ငြိမ်း ထိုင်ရာမှ၊ ထ၏။ သူ့ ပခုံးကို၊ ကျွန်တော် ဖက်ထားလိုက်သည်။



(၃)

"ကင်(န)တင်း သွားမလို့" . . ဟု၊ နော်ဇာဝတ်ရည်တို့ကို အော်ပြောခဲ့ပြီး၊ ဦးချစ်ဆိုင်သို့၊ ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ ရောက်ပြီး မရှေးမနှောင်းတွင်၊ နော်ဇာဝတ်ရည်တို့ နောက်က၊ လိုက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ငြိမ်း၏မျက်နှာကို ကျွန်တော် ငဲ့ကြည့်လိုက်သည်။ နော်ဇာဝတ်ရည်တို့ ဤစားပွဲတွင်၊ လာထိုင်မည်ကို၊ သူ . . ဘဝင် တွေ့ဟန်မတူ။

"မင်း . . မကြိုက်ရင်၊ ငါတို့ မိတ်ဆက် မပေးဘူး။ ဒါပေမဲ့ . . . သူတို့ သုံးယောက်က၊ ငါတို့ရဲ့ သူငယ်ချင်းတွေ။ ဒီစားပွဲမှာ လာထိုင် မှာပဲ။ မင်းအတွက်၊ အခက်အခဲ၊ အရမ်းဖြစ်နေ သလား"

ကျွန်တော့် စကားအဆုံးတွင်၊ ဇော်သန်းက . . .

"မြင့်မြတ်။ မင်းက,လည်းကွာ။ နော်ဇာ တို့က၊ ဆတ်ကော့လတ်ကော့တွေ မဟုတ်ပါဘူး ကွ။ အဲဒီလောက်အထိ၊ ညှိနှိုင်းမနေသင့်ဘူး"

သံလွင်ငြိမ်းက . . ဇော်သန်းကို၊ ဖြတ်ကနဲ တစ်ချက် ကြည့်သည်။ ပြီးမှ၊ မျက်နှာထားကို လျှော့ကာ . . .

"အခက်အခဲ မရှိပါဘူးကွာ။ မင်းတို့





အဆင်ပြေသလို နေပါ။

ငါက . . ငါ့အနေအထားကိုပဲ၊ မင်းတို့ မေးလို့ ပြောပြတာပါ။ ငါ့ အနေအထားအတိုင်း၊ အဆင်ပြေအောင် ညှိနှိုင်း နေထိုင်ဖို့မလိုပါဘူး။ ရပါတယ်။ ငါ နေတတ်မှာပါ။ ကိုယ် . . ဖြတ်သီး မစားတိုင်း၊ စားပွဲပေါ်မှာရှိတဲ့ ဖြတ်သီးမှုန့်တွေ၊ လာသိမ်းပေးပါလို့ တယ်ပြောလို့ရမလဲ။

ဖြတ်သီးမစားရင်၊ ဖြတ်သီးနဲ့ ဝေးဝေးနေ၊ ဝေးဝေးနေဖို့ . . အခြေအနေ မပေးရင်လည်း၊ ဖြတ်သီးကို၊ မထိဘဲနေ။ ဒီလောက်ပါပဲ။

မိန်းကလေးတွေကို . . ၊ တီကောင် ဆား ကြောက်သလို၊ တွန့်လိမ်ကောက်ကွေးပြီး၊ ငါ . . ကြောက်တာမှ မဟုတ်တာ"

"ကောင်းပါတယ်။ မင်းပြောတာ။ ငါက . . မင်းမနေတတ် မှာစိုးလို့" . . . ဟု၊ ကျွန်တော် ပြောလိုက်သည်။ ဇော်သန်း၏ မာဆတ်ဆတ် စကားလုံးကို၊ ခက်ထန်စွာ မယူငင်ဘဲ၊ ငြိမ်သာစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပြနိုင်သည့်၊ သံလွင်ငြိမ်း၏ စကားလုံးများကို၊ စိတ်ထဲမှ၊ ကျွန်တော် ချီးကျူးဖြစ်သေးသည်။

ဇော်သန်းက၊ ဦးဆောင်၍ မိတ်ဆက်ပေးသည်။ အမှန်က၊ သံလွင်ငြိမ်း မကြိုက်နှစ်သက်ခြင်း အပေါ်၊ တမင်အရွဲ့ခနဲ့ပြု၍ မိတ်ဆက်ပေးခြင်း ဖြစ်ပေမည်။ ထိုသို့ ကျွန်တော် ယူဆ၏။

"ဒါက . . နော်ဇာဝတ်ရည်။ ဒါက
. . . နွယ်နွယ်ဦး။ ဒါက . . . ဝေဝေဦး။ သူတို့
နှစ်ယောက်က . . ညီအစ်မ။ ဝေဝေဦးက, အစ်မ"





မိတ်ဆက်သူတို့၏ မျက်နှာကို၊ သိသိသာသာမကြည့်ဘဲ ဇော်သန်းကိုသာ တလေးတစားကြည့်လျက်၊ သံလွင်ငြိမ်း ခေါင်းညိတ် အသိအမှတ်ပြုသည်။ ဇော်သန်းက . . နော်ဇာဝတ်ရည် တို့ ဘက်သို့လှည့်ကာ၊

"ဒါက . . မေကျာ ကင်း(န)။သံလွင်ငြိမ်း။
သူက . . သဘောကောင်းပါတယ်။
တစ်ယောက်တည်း နေတတ်တာ။ အပေါင်းအသင်း
မထားဘူး။ အဲဒါကြောင့်, တချို့က, တစ်မျိုးထင်
ကြတာ။
ဪ . . သံလွင်။ ဒီက . . , နော်ဇာက,
လည်း၊ ငါတို့ မေကျာရဲ့ ကွင်း(န)နော်။ အဲဒါကို၊
မင်းသိလား"

သံလွင်ငြိမ်းက၊ ဦးခေါင်းကို ခါရမ်းပြလေသည်။ နော်ဇာဝတ်ရည်၊ မျက်မှောင်ကြုတ် လိုက်သည်ကို၊ ကျွန်တော် မြင်၏။

ကျွန်တော်က . .



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ . . ဖော်သန်းရာ။ အခု မိတ်မဆက်လည်း၊ တစ်ယောက်နဲ့ တစ်ယောက် သိသွားကြမှာပဲဟာ။ အကုန် သူငယ်ချင်းတွေ ဖြစ်သွားကြပြီပဲ"

နော်ဇာဝတ်ရည်က . .

"နင်တို့က,လည်း သူငယ်ချင်း အသစ် လက်ခံတာ၊ မြန်လှချည်လား။ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ"

ကိုကိုမင်းက . . .

"ဟဲ့။ တက္ကသိုလ် ကျောင်းထဲမှာ၊ လူဆိုး တစ်ယောက်မှ မရှိဘူး။ လူဆိုး မြင်ချင်ရင် . . ထောင်ထဲသွားကြည့်။ အဲဒီမှာ အများကြီးပဲ၊ လူဆိုးတွေ"

နွယ်နွယ်ဦးက . .





"လူဆိုး မဟုတ်လည်း၊ ထောင်ကျနိုင်ပါ တယ်ဟာ"

ဝေဝေဦးက . . .

"လူကောင်းပေမဲ့ ကံဆိုးရင်လည်း၊ ထောင် ကျနိုင်တာပဲ"

ကိုကိုမင်းက . .

"အေး။ ငါပြောချင်တာက၊ ဒီ . . ကျောင်း ထဲမှာ လူဆိုးလူကောင်း ခွဲခြားစရာ မလိုဘူး။ အကုန် လူကောင်းတွေချည်းပဲ။ အဲဒါကို ပြော ချင်တာ"

နော်ဇာဝတ်ရည်က၊ ကိုကိုမင်းကို၊ မျက်စောင်းထိုး၏။ ပြီးနောက် . .

"ယောကျ်ားဖြစ်ပြီး၊ မပွင့်တပွင့် လူမိုးတွေ နဲ့၊ ငါ . . သူငယ်ချင်း မဖြစ်ချင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မပွင့်တပွင့် ဆိုတာ၊ ဘာကို ပြောတာလဲ"

နွယ်နွယ်ဦး၏ အမေး။

"မပွင့်တပွင့်ဆိုတာ။ ပါးစပ်ပါပြီး၊ စကား မပြောနိုင်တဲ့။ ပြိတ္တာတွေကို ပြောတာပေါ့ပဲ"

ကျွန်တော် နွယ်နွယ်ဦးကို၊ လှမ်းကြည့်လိုက်သည်။

နွယ်နွယ်ဦး စကားမဆက်တော့။ နော်ဇာဝတ်ရည်က၊ လည်း၊ ဘာစကားသံမျှ မပြုတော့ဘဲ၊ ကော်ဖီခွက်ကိုသာ မွှေနှောက်နေတော့သည်။

အလိုမကျဟန်၊ စိတ်ဆိုးမာန်ဆိုး ပြုမူဟန်မျိုး မဟုတ်ဘဲ စိတ်ကောက်နေသည့်၊ ကလေးငယ်တစ်ယောက်၏ အမူအယာမျိုး ဟု၊ နော်ဇာဝတ်ရည်၏ မျက်နှာထားကို၊ ကျွန်တော် . . ခန့်မှန်း တွက်ဆ, မိလေသည်။

ဝေဝေဦး၊ နွယ်နွယ်ဦးနှင့် ကိုကိုမင်းတို့ကလည်း၊ ပုံမှန် စိတ်အနေအထား။ ဇော်သန်းက, မူ လူတစ်ဦးတစ်ယောက်ကို၊ ဆန့်ကျင်ဘက် ပြုလေ့ရှိသည့် စရိုက်မျိုးနှင့် အညီ၊ အမြဲတစေ,





ဆိုသို့ ပြုမူနေပေဦးမည်။

ကျွန်တော်က,တော့၊ အားလုံးနှင့် အဆင်ပြေအောင် နေထိုင်ရှင်သန်လိုသူ ဖြစ်၏။ ထို့ကြောင့်, အားလုံးနှင့် အဆင်ပြေ အောင်၊ တစ်ဦးနှင့် တစ်ဦး အမြင်ရှင်းအောင်၊ ညှိနှိုင်းစွမ်းဆောင် ရပေဦးမည်။

သံလွင်ငြိမ်းက, မူ၊ မှန်းတည့်နေရောင်အောက်တွင်၊ တည်ရှိနေရပါလျက်၊ နေ . . ဟူသည်ကို၊ ဂရုမထားသူပီပီ၊ နေထွက်, နေပူ, နေပြင်း, နေစောင်း, နေဝင် . . ဟူသော အရာတို့၏ သက်ရောက်မှုတို့အပေါ်၊ မည်သို့မျှ ခံစားမည့်သူမဟုတ်။

သူ၏ ခန္ဓာကိုယ်သာလျှင်၊ သူ၏အရိပ် . . ဟု၊ မှတ်ယူထားသူ၊ ဖြစ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com

(၄)

နော်ဇာဝတ်ရည် အိမ်က၊ ကားမလာသေး။

အမိပတိလမ်းထိပ်တွင်၊ ကားထိုင်စောင့်ရင်း၊ တစ်ယောက် တစ်ပေါက်, စကားစစ်ထိုးနေကြသည်။ ထို စကားစစ်ထိုးပွဲတွင် . . ၊ ကျွန်တော်မှ လွဲ၍ အားလုံးသည် မဟာမိတ်တပ်ဖွဲ့များ။ ကျွန်တော့်မှာမူ တစ်ယောက်တည်း, တစ်တပ်တည်း။

"မင်းက အဲဒီကောင်ကို ဘာဖြစ်လို့ ခင်လိုက်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သန်း၏ အမေး။

ကျွန်တော်က . . ,

"ဒီကောင်နဲ့ စကားပြောကြည့်တာ၊ သူ့

စိတ်ကို၊ ငါ . . သိသွားတယ်လေကွာ။ စိတ်ထား

ကောင်းပါတယ်။ အဲဒါကြောင့်ပါ"

"ငါတော့ မခင်ဘူးနော်" . . . ဟု၊ နော်ဇာဝတ်ရည်က,

ကျွန်တော့်ထံ မျက်စောင်းလွှတ်ပြီး၊ ဝင်ပြော၏။

"အဲဒါ၊ နင်တို့ သဘောပဲလေဟာ။ ငါ . .

ရှင်းပြပြီးပြီပဲ။ နင်တို့ ထင်သလို မဟုတ်ဘူးလို့

အဲဒီတော့၊ ငါ . . စကားအကုန်ပြောထား

မယ်ဟာ။ နင်တို့ အားလုံး၊ သူ့ကို ခင်ခင်မခင်ခင်

ရန်သူလို မဆက်ဆံစေချင်ဘူး။

လူတစ်ယောက်ကို . . ၊ ပေါင်းမကြည့်ဘဲနဲ့

အပေါ်ယံ အမြင်နဲ့၊ ဝေဖန်ရင်၊ မှားတတ်တယ်၊

ပြီးတော့ . . ,





ငါက . . အားနည်းတဲ့သူကို အနိုင်ကျင့်ရင်

မကြိုက်ဘူး"

ဇော်သန်းက . . ,

"ငါတို့က၊ ဘာ်အနိုင်ကျင့်လို့လဲ" . . ဟု၊ မေး၏။

ကျွန်တော်က . . ,

"မင်းတို့ လေသံ၊ မူ့င်းတို့ အပြုအမူတွေကို၊

မင်းတို့ သိမှာပေါ့ကွာ။ ငါ . . ဘာပြန်ပြောနေစရာ

လိုလို့လဲ။

နော်ဇာက၊ သူ့အထင်နဲ့သူ၊ သူ့အတွေ့အကြုံ

နဲ့သူ၊ မိန်းကလေးစိတ်နဲ့၊ သံလွင့်အပေါ်၊ မျက်စိ

စပါးမွေးစူးနေရင်တောင်၊ ယောကျ်ားလေးတွေက၊

မိန်းမမဆန်သင့်ဘူး"

"မင်း . . ဘာစကားပြောတာလဲ မြင့်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်သန်းက၊ ကျွန်တော့် ရင်ဘတ်ကို၊ စောင့်တွန်းလိုက်ရင်း မေးသည်။ ကျွန်တော် လွယ်အိတ်ကို၊ အနီးရှိ အုတ်ခုံပေါ်တွင် တင်လိုက်သည်။ ကျွန်တော် ဘာလုပ်တော့မည်ကို သိသဖြင့် . . ကိုကိုမင်းနှင့် နော်ဇာဝတ်ရည်က၊ ကျွန်တော့်ကို ဆွဲထားကြသည်။

"ရန်မဖြစ်နဲ့နော်။ ရန်မဖြစ်နဲ့နော်။
ကျောင်းပတ်ဝန်းကျင်။ ရန်ဖြစ်လို့ မရဘူးနော်"

နော်ဇာဝတ်ရည် ထိတ်ထိတ်ပြာပြာ ပြော၏။

ကျွန်တော်က . . , ဆွဲထားသူများ၏ လက်မှ၊ ဆောင့်ရုန်းလိုက်ပြီး . . .

"မဖြစ်ပါဘူး။ ဆွဲမယ့် လွဲမယ့်သူရှိရင်၊ ငါ
ရန်မဖြစ်တတ်ဘူး။
ဇော်သန်း။ မင်း . . စကားပြောရင်၊ လက်
မပါနဲ့"

ဇော်သန်း ဘာမျှ ပြန်မပြော။





လွယ်အိတ်ကို ကျွန်တော် ကောက်လွယ်လိုက်သည်။ ပြီးနောက် . . ခပ်လှမ်းလှမ်းတွင် ရပ်ထားသော ဆိုင်ကယ်ပေါ်သို့ ခွလိုက်၏။ ဆိုင်ကယ်စက် နှိုးလိုက်သည်။ လီဗာကို တဝေါဝေါ ဆုပ်လိုက်သေး၏။ ပြီးမှ

"သံလွင်မြစ်မြိမ်း ဆိုတဲ့ ကောင်ကို၊ ငါ . . ခင်
တယ်ကွာ။ အဲဒါကို လက်မခံတဲ့သူတွေ အကုန်လုံး
အခု အချိန်ကစပြီး၊ ငါ့ကို ခေါ်ဖို့ ပြောဖို့ မလိုဘူး"

ဆိုင်ကယ်ကို ဝေါကနဲ မောင်းထွက်ခဲ့၏။

သူတစ်ထူးကို၊ ရင်ထဲမှ ဝေါကနဲ မောင်းထုတ်လိုက်ဖို့ ခက်ခဲနိုင် သကဲ့သို့ပင်၊ ရင်ထဲသို့ ဝေါကနဲ ဝင်လာအောင်, မောင်းနှင်သိမ်းသွင်းဖို့လည်း၊ ခက်ခဲလေ့ရှိပေသည်။

မည်သို့ပင်ဖြစ်စေ . . .

အားနည်းခြင်း အားသာခြင်းထက်။ အမှန်တရားသည်သာ ပမာနဟု၊ ကျွန်တော် ယူဆ,ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟို ယခင်နေ့များက၊ ကျောင်းပြန်ချိန်၏ အလေ့အထကို ကျွန်တော် ဖျက်ဆီးခဲ့သည်။ နော်ဇာဝတ်ရည်နှင့် နွယ်နွယ်ဦးတို့ အိမ်မှ ကားရောက်သည်အထိ၊ ကျွန်တော်တို့ စောင့်ဆိုင်းပေးနေကြ ပြီးမှ ယောက်ျားလေး သုံးယောက် လက်ဖက်ရည်ဆိုင် ထိုင်သေး သည်။ နေညိုမှ အိမ်ပြန်ဖြစ်ကြ၏။

ယခုမူ . . .

စိတ်ဆိုးဆိုးဖြင့်၊ အားလုံးထက် အရင်ပြန်ခဲ့သည်။

"ဘယ်လို မောင်းနေတာလဲကွာ"

နံဘေးကားတစ်စီးမှ အော်သံ။

ကျွန်တော် လှည့်ကြည့်လိုက်သည်။ အော်ပြောသူမှာ သံလွင်ငြိမ်း ဖြစ်နေ၏။ သံလွင်ငြိမ်းက, ရယ်လျက်,

"မင်း . . အရှိန် အရမ်းများနေတယ်"

"အေး"





ကျွန်တော် . . . , သံလွင်ငြိမ်းနှင့် စကားပြောချင်စိတ် ဖြစ်နေ၏။

"မင်း . . အိမ်ပြန်မှာလား"

"အေး။ မင်းကော"

"ငါ . . မင်း အိမ်လိုက်လည်လို့ရမလား"

"လိုက်ခဲ့လေ။ အိမ်မှာ ငါ တစ်ယောက်တည်းပဲ"

ဆိုင်ကယ်ကို အရှိန်လျှော့လျက်၊ သံလွင်ငြိမ်း၏, ကား အနောက်ဘက်သို့ ယာဉ်ကြောပြောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်နံရံတွေမှာ၊ ဘာမှ မချိတ်ထားဘူးလား" . . ဟု သံလွင်ငြိမ်းကို၊ ကျွန်တော် မေးသည်။

သံလွင်ငြိမ်းက . . .

"မင်း မေးတာ ငါ နားမရှင်းဘူး"

"ဪ . . အဖေ အမေပုံ။ အဘိုးအဘွား ပုံ။ နောက် . . ပန်းချီကားတွေ ဘာတွေပေါ့။ မင်း အိမ်လေးက, လှပြီး။ နံရံမှာ ဘာ အလှအပမှ မရှိတာကို ပြောတာ"

"နံရံမှာ ချိတ်ဆွဲထားပြီး၊ ရင်ထဲမှာ မရှိရင် ဘယ်လိုလုပ်မလဲ။ နံရံမှာ ချိတ်မထားတဲ့ ပုံတွေ၊ ပန်းချီကားတွေ။ ငါ့ရင်ထဲမှာ ရှိချင်ရှိနေမှာပေါ့။ ဒါ . . အဘွားအိမ်ကွ။ အဘွားက အဖေ့ကို အမွေပေးတယ်။ အဖေက, ငါ့ကို . . ပေးတယ်။ အဘွားနဲ့ အမေနဲ့က,တော့ ဆုံးသွားပြီ။ အဖေ က, တော့ နယ်မှာ . ."





"ဘယ်နယ်မှာလဲ"

သံလွင်ငြိမ်းက, ကျွန်တော့် စကားအနှိုက်ကို သိသဖြင့် ရယ်လျက် -

"ဘယ်ပြောမလဲ"

"မင်း မပြောမှန်း သိလျက်နဲ့၊ ငါကလည်း မေးမိတယ်။ နောက်ကို ဘာမှ မမေးတော့ဘူးကွာ"

"မင်းက . . ဘာဖြစ်လို့မေးတာလဲ"

"လူပဲကွ။ ဘယ်က လာသလဲ။ ဘယ် နယ် က,လဲ။ ဘယ်သွားမလို့လဲ ဆိုတာမျိုးပေါ့။ ပဋိသန္ထာရ စကား။ လောကဝတ် စကား။ ပြောမိ မေးမိတာမျိုး"

သံလွင်ငြိမ်းက . . ,



www.burmeseclassic.com

www.burmeseclassic.com



"ဘုရင် အဖြစ်နဲ့ သိမြင်ရင်၊ ဘုရင် အဖြစ် ဆက်ဆံလိုက်ပေါ့။ ကူလီအဖြစ် သိမြင်ရင်၊ ကူလီ အဖြစ်နဲ့ ဆက်ဆံလိုက်ပေါ့။

ဒီဘုရင်က . . ဘုရင် မဖြစ်ခင် ဘယ်လို အခြေအနေမျိုးက လာသလဲ။ ဒီကူလီ ဘယ်လို အခြေအနေကနေ ကူလီ ဖြစ်ရသလဲ ဆိုပြီး . . ၊ စုံစမ်း မေးမြန်းရင်၊ မေးတဲ့လူရဲ့ သိလိုစိတ်က, မရိုးသားရာရောက်နေတတ်တယ်။ ပြီးတော့ . . ,

ကူလီကို မင်း ဘာကြောင့် ကူလီဖြစ်သွားလဲ . . . လို့ မေးရင် ပြဿနာသိပ်မရှိဘူးနော်။ ဘုရင်ကို ခင်ဗျား ဘာကြောင့် ဘုရင်ဖြစ်လာရတာလဲ မေးရင်၊ ပြဿနာကြီးတတ်တယ်။

အမတ်ကြီးတို့၊ ငါသည် ၏ ဟိုးငယ်စဉ်က လယ်သမား ယာသမားတစ်ဦးမျှသာဖြစ်သည် . . . လို့၊ ဘုရင် ကိုယ်တိုင် ကြေညာရင်တော့၊

ဪ . . လယ်သမား ယာသမားဘဝက, ရိုးသားကြိုးစားလို့၊ တိုင်းပြည် ပြည့်ရှင်ဖြစ်လာရ





တာကိုး . . လို့ နှလုံးသွင်း၊ မုဒိတာပွားရတဲ့အပြင် ကြားနာသူ ကိုယ်တိုင်တောင်မှ စိတ်အင်အားတက်လာတတ်သေးတယ်။

ဘဝအမှန်ကို ဖုံးကွယ်ထားတဲ့ ဘုရင်ကို၊ သွားမေးလိုက်မိလို့က,တော့ . . ၊ ရာဇာအမျက် ချောင်းချောင်း ထွက်ပြီး၊ တောင်စွယ်နေကွယ် တာတောင် မစောင့်ဘဲ၊ ချက်ချင်း သတ်ပစ်လိုက် လိမ့်မယ်"

သက်တူရွယ်တူ ဖြစ်ပါလျက်၊ စကားအရာတွင်၊ လိုအပ်ပါက တသွင်သွင်စီးသော စမ်းချောင်းပမာ ပြောပြတတ်သည့်၊ သံလွင်ငြိမ်းကို ကြည့်လျက်၊ ဇော်သန်းတို့ကို၊ ကျွန်တော် ပို၍ စိတ်ခုမိပြန်သည်။

သံလွင်ငြိမ်းက၊ စကားဆက်၏။

"အဲဒီလိုပဲ၊ ကူလီ လုပ်နေတဲ့သူ ကိုယ်တိုင် ကျုပ်က, တစ်ချိန်တုန်းက၊ ကုဋေကြွယ် သူဌေး



www.burmeseclassic.com

www.burmeseclassic.com



သွားပါ။ အပျော်အပါး အသောက်အစား လွန်ကျူးခဲ့လို့၊ အခုလို ကူလီဘဝ ရောက်ရတာပါ . . လို့ သူ . . ကိုယ်တိုင် မပြောသမျှ သွားမမေးသင့်ဘူး။ သိချင်လို့ မေးတာ၊ အရှက်ခွဲသလိုဖြစ်တတ်တယ်"

"မမေးတော့ပါဘူးကွာ။
မင်း ပြောချင်တဲ့ အချိန်ကျမှ ပြော။
ငါ ခန့်မှန်းရရင်တော့၊
မင်းက၊ တစ်ခုခုကို၊ ထိန်းချုပ်ခံစားထားသလိုပဲ"

"အဲဒါကိုက။ သွယ်ဝိုက်မေးခွန်း။ နိမိတ်ပြ မေးခွန်းပဲ၊ မြင့်မြတ်" . . . ဟု။ သံလွင်ငြိမ်း ပြောလေ၏။

ကျွန်တော် တဟားဟား၊ ရယ်နေမိတော့သည်။



## (၅)

နောက်တစ်နေ့ မနက်တွင်၊ ကျွန်တော်နှင့် သံလွင်ငြိမ်း ဆိုင်နေရာ လက်ဘက်ရည်ဆိုင် စားပွဲသို့၊ တစ်အုပ်စုလုံး ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကပဲ၊ မင်းကို တောင်းပန်ပါတယ်" . . . ဟု၊ ဇော်သန်း ပြော၏။ ကျွန်တော့်လက်ကို ဆွဲသည်။ ကျွန်တော့် ပခုံးပေါ် လက် တင်သည်။

နော်ဇာဝတ်ရည်က . .

"ရန်မဖြစ်ပါနဲ့တော့ဟာ။ နင့် စိတ်တိုင်းကျ အားလုံး လိုက်လျောတယ်ဟာ။ ဘယ်နှယ့်လဲ"

သံလွင်ငြိမ်းကို၊ မျက်လုံးဝေ့ကြည့်ပြီး . .

"နင် ခင်တဲ့သူကို၊ ငါတို့ အားလုံး လိုက် လားလား ခင်တယ်ဟာ။ စိတ်မဆိုးနဲ့တော့နော် မြင့်မြတ်"

ကျွန်တော်က . . .,

"ငါ . . ခင်တဲ့သူကို၊ နင်တို့ လိုက်ခင်ပါ . . လို့၊ ငါ ဆိုလိုတာ မဟုတ်ဘူး။ လူတစ်ဦးယောက် ကို၊ အပြင်ပန်း ကြည့်ပြီး၊ မသုံးသပ်ဖို့၊ ငါ ဆိုလို တာ။





လမ်းဘေးမှာ မူးပြီးရမ်းကားနေတဲ့ အမူး သမားတစ်ယောက်၊ လူရမ်းကား တစ်ယောက် မှာတောင်၊ သူ့အကြောင်းနဲ့သူ ရှိနေနိုင်တာပဲ။

ဒီလူ ဘာဖြစ်လို့ ပေါက်ကွဲနေရတာလဲ။ အော်ဟစ်နေရတာလဲ။ တွေးတောင်မတွေးကြည့်ဘဲ၊ မူးပြီးရမ်းနေပြီဟေ့ . . ဆိုတာနဲ့၊ ဝေးဝေးရှောင် တတ်ကြတဲ့ အထဲမှာ၊ နင်တို့ကို မပါစေချင်ဘူး။

မူးရမ်းနေတဲ့ အမူးသမားတစ်ယောက်ရဲ့ စိတ်ရင်းကို၊ ဘယ်သူမှ လွယ်လွယ်ကူကူ မမြင် နိုင်ဘူး။

လွယ်လွယ်ကူကူ မမြင်နိုင်ဘဲ၊ လွယ်လွယ်ကူ ကူ အထင်သေးတတ်တဲ့သူတွေ၊ အထင်လွဲတတ်တဲ့ လူတွေထဲမှာ၊ ငါ့ သူငယ်ချင်းတွေ မပါစေချင်ဘူး"

"အေးပါကွာ" . . ဟု၊ ဇော်သန်း ဝင်ပြောသည်။ ထိုသို့ ပြောဆိုနေကြစဉ်တွင်၊ သံလွင်ငြိမ်းသည်၊ မည်သည့် စကား၊ မည် သူ့ စကားကိုမျှ နားသွင်းနေဟန်မတူ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

နော်ဇာဝတ်ရည်က၊ သံလွင်ငြိမ်းကို လှမ်းခေါ်သည်။

သံလွင်ငြိမ်း ငဲ့အကြည့်တွင် . . ,

"နင့်ကြောင့်၊ သူတို့ နှစ်ယောက် စကား[illegible] ကြတာ၊ နင် သိလား"

သံလွင်ငြိမ်းက၊ ကျွန်တော်နှင့် ဖော်သန်းတို့ကို ကြည့်လျှ[illegible] ခေါင်းခါပြချေသည်။

"အခု . . ဘယ်သူ့ အကြောင်း ပြောနေ[illegible] တယ် ဆိုတာကိုရော၊ နင် . . သိလား"

"လူတစ်ယောက်ယောက် အကြောင်း၊ ပြော[illegible] နေကြတာ နေမှာပေါ့"

အဝေးသို့သာငေးလျက် သံလွင်ငြိမ်း ဖြေသည်။





နော်ဇာဝတ်ရည်က . . ,

"မင်းတို့ ဘာဖြစ်နေကြတာလဲ ဆိုတာ တောင်၊ နင် . . မမေးဘူးလား"

"ငါမှာ မေးစရာမရှိဘူး။ မေးမှ . . မြန်းမှ . . စပ်စုမှ သူတစ်ပါးပြောပြတာမျိုး၊ ငါ မလိုချင်ဘူး။ သိစေချင်လို့ ပြောပြရင်တော့၊ ငါ နားထောင်တတ်တယ်။ သိစေချင်တဲ့သူက၊ မမေးပေမဲ့, ပြောပြတတ်တာပဲ"

"ဒီ . . စားပွဲဝိုင်းမှာ၊ ပြဿနာတစ်ခုခုရှိနေတာကို၊ ပြေလည်အောင်၊ ဖြေရှင်းနေကြတာကို နင်မသိဘူးလား။ ဒီပြဿနာထဲမှာ . . နင်လည်း၊ သူငယ်ချင်း တစ်ယောက်အနေနဲ့ ပြေလည်ရာ ပြေလည်ကြောင်း၊ ဆွေးနွေး ညှိနှိုင်းပေးဖို့ လိုတယ်လို့၊ နင့်ကိုယ်နင် မထင်ဘူးလား"

သံလွင်ငြိမ်းက . .



www.burmeseclassic.com

"နင်တို့ ပြောနေတဲ့ အထဲမှာ၊ ငါ့ နာမည်မှ မပါတာ။ ငါ ဘာမှ ဝင်စွက်ဖက်ဖို့ မလိုဘူး"

"ဘာပြောတယ်" . . ဟု၊ နော်ဇာဝတ်ရည် စိတ်မသက်သာစွာ မေးသည်။ သံလွင်ငြိမ်းက၊ နော်ဇာဝတ်ရည်ကို၊ စွေတစောင်း ငဲ့ကြည့်ကာ . .

"ငါ့ အဖေက၊ ငါ့ကို သင်ပေးထားတဲ့ စကား တစ်ခွန်းရှိတယ်။

ကိုယ့်ခေါင်းပေါ်ကို၊ အမှိုက်မကျမချင်း အဲဒီ အမှိုက်က၊ ကိုယ့် အမှိုက်မဟုတ်ဘူးတဲ့။

ဒီနေ့ခေတ်၊ ဒီနေ့ ကာလမှာ၊ အဲဒီ အတိုင်း နေမှ၊ အန္တရာယ် ကင်းမယ် . . တဲ့"

နော်ဇာဝတ်ရည်က၊ ကျွန်တော့်ဘက်သို့ လှည့်ကာ . .

"မြင့်မြတ်။ သူ အချိုးပြေပြေ မပြောပြော ငါတို့ အားလုံး သူ့ကို ခင်တယ်။ နော်။

သူ အချိုးပြေအောင်လည်း၊ နင်က . . .





နည်းနည်းတော့ သင်ပေးထားပေါ့ဟာ"

နော်ဇာဝတ်ရည်၏ ဟန်အမူအရာ . . စကားအသုံးအနှုန်းတို့ကြောင့်၊ အားလုံး ပြုံးဖြစ် ရယ်မောဖြစ်ကြ၏။

သံလွင်ငြိမ်းက . . မရယ်မော။

ပထမနှစ် ဒုတိယနှစ်များက၊ ဒေသ ကောလိပ်တွင်၊ သံလွင်ငြိမ်းကို မြင်တွေ့ သိရှိခဲ့ရုံမျှသာ ဖြစ်သော်လည်း ရန်ကုန် တက္ကသိုလ်တွင်၊ တတိယနှစ် စ,တင် တက်ရောက်ရသည့် နှစ်မှ အစပြု၍၊ သံလွင်ငြိမ်းနှင့် ကျွန်တော်တို့ အားလုံး၊ သူငယ်ချင်း ဖြစ်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အပါအဝင်၊ ဇော်သန်းနှင့် ကိုကိုမင်းတို့ကို ဟက်ဟက်ပက်ပက်၊ ခင်ခင်မင်မင် တရင်းတနှီး ပြောဆိုပေါင်းသင်းခဲ့သော်လည်း၊ နော်ဇာဝတ်ရည် အပါအဝင်၊ နွယ်နွယ်ဦးတို့ကိုမူ ဆယ်ခါရံတစ်ခါမျှသာ ခေါ်ပြောသည်။ တရင်းတနှီးမပြု။ ခင်ခင်မင်မင်မနေ။ ဟက်ဟက်ပက်ပက် မရှိ။

ကျွန်တော့် မျက်နှာကြောင့်၊ အားလုံးက သံလွင်ငြိမ်းတို့ ခေါ်ပြောခြင်း ဖြစ်သကဲ့သို့၊ သံလွင်ငြိမ်းက, လည်း၊ ကျွန်တော့် မျက်နှာကြောင့် အားလုံးကို ခေါ်ပြော ပတ်သက်ခဲ့ခြင်းဖြစ်ကြောင်း ကိုယ်စီ ကိုယ်ငှ သိထားကြသည်။

ဝေဝေဦးက . . .

"နင်က မိန်းကလေးတွေနဲ့ မရောဘူး။ ဆရာမ,တွေနဲ့ ပြောရဆိုရ၊ မေးမြန်းရတဲ့ အခါ နင်ဘယ်လို လုပ်မလဲ"

သံလွင်ငြိမ်းက . .

"တရင်းတနှီး မနေဘူး။ မခေါ်မပြောဘူး





နွယ်တူတွေကို။

ဆရာမ,တွေကျတော့၊ ရှောင်ရှားစရာမှ မလိုဘဲ။ စိတ်က ရိုသေပြီးသား။ မိဘနဲ့ တစ်ဂိုဏ်းတည်း။ ဘာပြဿနာမှ မရှိဘူး"

နော်ဇာဝတ်ရည်က . .

"မိန်းကလေးတွေကို၊ စိတ်မဝင်စားဘူးဆိုတော့။ ယောကျ်ားလေးတွေကို၊ စိတ်ဝင်စားနေတာများလား"

သံလွင်ငြိမ်းက၊ နှုတ်ခမ်းတွန့်ရုံမျှသာ ပြုံးသည်။ ကျွန်တော်တို့ အားလုံး၊ ရယ်မောဖြစ်ကြ၏။

နွယ်နွယ်ဦးက . . ,

"ဘုရားသွားတယ်ဆိုပါတော့။ ပန်းကပ်တဲ့ ကောင်မလေးတစ်ယောက်က၊ နင့်ကို ဘုရားပန်း အိုးနဲ့သူ မမှီမကမ်းမို့ အကူအညီ တောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့။

အစ်ကို။ ကျွန်မ အရပ်မမှီလို့ ဒါလေး . . ကူပါ . . ဆိုရင်၊ နင် ဘယ်လို ငြင်းမလဲ"

သံလွင်ငြိမ်းက . . ,

"ငြင်းတာ။ ဘာခက်တာမှတ်လို့။ တခြားသူကို ခိုင်းလိုက်ပါလို့ ပြောလိုက်ရုံပဲ"

"ဟယ်။ အဲဒါဆို၊ နင့်ကို ရိုင်းတယ်လို့ ထင်သွားမှာပေါ့"

"ထင်ပေ့စေပေါ့။ ယဉ်ကျေးလိုက်တာလို့ အထင်ခံရတော့ရော။ ငါ့ အတွက်၊ ဘာမှ ထူးခြားမှာမှ မဟုတ်တာ"

နော်ဇာဝတ်ရည်က . .

"သံလွင်။ နင် . . အချစ်ဆိုတာကို သိလား"





"သိတယ်"

"ဟယ် . . ။ အံ့ဩစရာ။ နင့်လိုလူမှာ အချစ်ရှိတယ်။ ဟုတ်လား"

သံလွင်ငြိမ်း ခေါင်းညိတ်၏။ နော်ဇာဝတ်ရည်က . .

"ကဲ . . ပြောပါဦး။ နင့် အချစ်အကြောင်း"

သံလွင်ငြိမ်းက -

"ထွေထွေထူးထူး ပြောစရာမရှိပါဘူး။ ငါ့ကိုယ်ငါပဲ ငါချစ်တယ်။ အဲဒါ . . ငါ့ အချစ်အကြောင်းပဲ။ ငါက၊လွဲပြီး၊ တခြားတစ်ယောက်ကို၊ တစ်ခါမှ ငါ မချစ်ဖူးဘူး"

"ကောင်းပါတယ်" . . ဟု၊ နော်ဇာဝတ်ရည် လေးပင်မော လျှသည့် လေသံမျိုးဖြင့်၊ ပြောလေသည်။

သံလွင်ငြိမ်းသည် သူတို့ အားလုံးအတွက်၊ လူထူးလူဆန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ကျွန်တော့်အနေနှင့်မူ ရိုးရှင်းသော လူတစ်ယောက် အဖြစ်၊ သာမန်တွေးလျက်၊ သာမန်မျှသာ မြင်ထား၏။ ထို့ထက်ပို၍၊ မရိုးစွပ်စကောင်း။



(၆)

နောင်သောအခါ၊ တစ်ကိုယ်တည်း တစ်ယောက်တည်းနေသည့် သံလွင်ငြိမ်း၏ နေအိမ်သည်၊ ကျွန်တော်တို့ အားလုံး၏ စုရပ်ဖြစ်လာ၏။ ကျောင်းအားရက်(သို့မဟုတ်) ကျောင်းပိတ်ရက်တချို့တွင်၊ ဖခင်ရှိရာ နယ်ဒေသ,သို့၊ သံလွင်ငြိမ်း သွားလေ့ရှိ၏။ မည်သည့် အရပ် မည်သည့်ဒေသသို့၊ သွားသည် . . ဟု၊ မည်သူ့ကိုမျှ မပြော။

တစ်ခုသော ခရီးသွားရက်မှ အစပြုကာ၊ သံလွင်ငြိမ်းက သူ့ အိမ်သော့ကို ကျွန်တော့်ထံ ပေးအပ်ခဲ့သည်။ ထို့နောက်တွင်၊ အိမ်သော့တစ်စုံလုံးကို၊ ကျွန်တော့်အား ပေးထားလေသော့၏။ အားလုံးအတွက်၊ တံခါးမရှိ၊ ဓားမရှိဟု၊ သူ . . ခွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးဆယ်ရက်ကြာသည် အထိ၊ သံလွင်ငြိမ်း ခ[illegible]
ပြန်မရောက်သေးပါက၊ သူ့အိမ်ကို ကျွန်တော်တို့ ရှင်းလင်း[illegible]
ခဲ့ကြစမြဲ ဖြစ်သည်။



"နင့်အိမ်ကို ငါတို့ ရှင်းပေးထားတာနော်" . . ဟု၊ နော်ဇာဝတ်ရည်က၊ သံလွင်ငြိမ်းကို ပြော၏။ "ကျေးဇူးတင်စေချင်လို့ ဒီလိုပြောတာလား" . . . ဟု၊ သံလွင်ငြိမ်း မေး၏။ နောက်ပြောင်ကျီစယ်သော အမေးစကား . . ဟု၊ ကျွန်တော် သဘောပိုက်သည်။





နော်ဇာဝတ်ရည်က . .

"တော်ပြီ။ နင်နဲ့ စကားအကောင်းပြောလို့ မရဘူး။ တကယ့် လူ့ဂွစာ"

သံလွင်ငြိမ်းက၊ မည်သည့်စကားမျှ ပြန်မပြော။ နော်ဇာဝတ်ရည်က၊ မျက်စောင်းထိုးလျက် စိတ်ဆိုးဟန် ပြ၍ နေသည်။ ကျွန်တော်က . . ,

"ဟုတ်သားပဲ သံလွင်။ မင်းက, လည်း။ စေတနာနဲ့ လုပ်ပေးထားတာကို၊ မင်းက . . . နည်းနည်းပါးပါး အသိအမှတ်ပြုပေါ့ကွ"

သံလွင်ငြိမ်းက . . ,

"သူတို့၊ မင်းတို့၊ ရှင်းလင်းပေးထားတာ။ ဘယ်သူမှ မပြောလည်း၊ ငါ သိတာပဲဟာ။ နော်ဇာက၊ ဘာဖြစ်လို့ ပြောပြရတာလဲ"

"သြော် . .။ နင့်အိမ်ကို ငါတို့ ရှင်းပေးထားကြတာ။



www.burmeseclassic.com

www.burmeseclassic.com



နင်, နောက်တစ်ခါ အမှိုက်ရှုပ်အောင်မနေနဲ့။ အဲဒီလို ပြောချင်လို့ စကားစ,တာ နေမှာပေါ့" . . ဟု၊ ကျွန်တော် ထင်မြင်ချက် ပြုသည်။ ပြီးနောက်, နော်ဇာဝတ်ရည်တို့ဘက်သို့ လှည့်ကာ . .

"ဟုတ်တယ် မဟုတ်လား . . နော်ဇာ"

"မဟုတ်ဘူး။ ကျေးဇူးအတင့်ခံချင်လို့ ပြီးတော့ . . , သန့်ရှင်းရေးခ လိုချင်လို့"

ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ပြောဆိုပြီး၊ အိမ်ခြံဝင်းဘက်သို့ ထွက်သွားသည်။ နွယ်နွယ်ဦးနှင့် ဝေဝေဦးတို့လည်း အနောက်မှ လိုက်ပါသွားကြ၏။ ဇော်သန်းနှင့် ကိုကိုမင်းတို့ကား အိမ်ခြံဝင်းထဲတွင် ဂစ်တာတီးနေကြလေသည်။





"မင်း . . ဘာဖြစ်လို့ ဘုပြောရတာလဲ သံလွင်" . . ဟု၊ ကျွန်တော် တီးတိုးမေးသည်။ သံလွင်ငြိမ်းက . .

"ငါ . . ဘယ်မိန်းကလေးနဲ့မှ၊ အဆင်မပြေ ချင်ဘူးလေကွာ"

အပြစ်တင်မည့်၊ ကျွန်တော့် နှုတ်စကားများ၊ ဆွံ့အ,သွားရလေသည်။

"ငါ . . မင်းကို ခင်တယ်။
မင်းကြောင့်၊ မင်း အပေါင်းအသင်းတွေကို၊ ငါ . . ခင်လိုက်တယ်။
ဒါပဲလေကွာ။
ဒီ့ထက်ပိုပြီး၊ ငါ . . မရင်းနှီးချင်ဘူး"

ကျွန်တော်ထိုင်နေရာမှ ထ, လိုက်၏။ သံလွင်ငြိမ်း ပခုံးပေါ် လက်တင်ကာ၊ "အေးပါကွာ။ အရမ်းကြီး မမာကျောစေချင်လို့ပါ" . . ဟု၊ ပြောဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဝင်း အပြင်ဘက်ရှိ ဂစ်တာဝိုင်းဆီသို့ ထွက်လာခဲ့ကြသည်။ နော်ဇာဝတ်ရည်၏ မျက်စောင်း၊ အရောင်မပြောင်းသေး သို့သော် . . မမာကျော။



"သူ . . ဒီလိုပဲ နေတတ်ပြောတတ်တာ၊ အားလုံးအသိပဲ၊ စိတ်မဆိုးပါနဲ့တော့ဟာ" . . ဟု၊ နော်ဇာဝတ်ရည်ကို၊ ကျွန်တော် တီးတိုး ပြောသည်။ သံလွင်ငြိမ်းက၊ ဇော်သန်းနှင့် ကိုကိုမင်း နံဘေးတွင် ဂစ်တာကြိုးညှိနေ၏။

နော်ဇာဝတ်ရည်က . . .

"ငါ . . သူနဲ့စကားပြောရင်၊ အသည်းယားယား သွားတယ်။ အဲဒါကို နင်သိရဲ့လား မြင့်မြတ်"





ကျွန်တော်ပြုံးလျက်သာ နေ၏။ ဘာမျှပြန်မပြော။

"လူပဲ။ အလိုက်အထိုက်တော့၊ ပြောတတ် ဆိုတတ်ရမှာပေါ့။ အခုတော့ . . , ဘုဆတ်ဆတ်။ တခြားမိန်းကလေးတွေကို၊ မခေါ်မပြော ချင်ဘူးပဲထား။ ငါတို့နဲ့က၊ သူငယ်ချင်းတွေလေ။ နှမ, သားချင်းလို သဘောမထားတတ်ဘူးလား"

"မထားတတ်လို့ နေမှာပေါ့"

"စိတ်ရင်းလေးကောင်းပါတယ် . . လို့၊ နင် ထောက်ခံလို့၊ ငါတို့က, သူငယ်ချင်း အဖြစ်လက်ခံ လိုက်တာ။

ငါတို့အားလုံး၊ မိကောင်းဖခင် သားသမီး တွေ။ ကိုယ့်အထာနဲ့ ကိုယ် နေလို့ရပါတယ်ဟ"

"ကဲ . . တော်ပါတော့ နော်ဇာရယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားထပ်များဦးမယ်"

"ဘာဖြစ်နေကြတာလဲ" . . ဟု၊ ဇော်သန်း မေးသည်

သံလွင်ငြိမ်းက . .

"ခုနက၊ ငါနဲ့ ရန်ဖြစ်ထားလို့"

"မင်းတို့ နှစ်ယောက်က၊ လည်း၊ ခွေး

ကြောင်"

သံလွင်ငြိမ်းက . .

"ငါက . . ကြောင်"

နော်ဇာဝတ်ရည်၊ ဆတ်ကနဲထ,ကာ

"သံလွင် . . နင် မမိုက်ရိုင်းနဲ့နော်"

သံလွင်ငြိမ်းက၊ ဘာမျှ ပြန်မပြောဘဲ၊ ပြုံးနေလေသည်

ကိုကိုမင်းက . . "ကဲ ဂစ်တာတီးတော့မယ်။ ရန်မဖြစ်ကြနဲ့တော့





. . ဟု၊ ပြောၡ။ "စစ်နဲ့ငြိမ်းချမ်းရေး" ဆိုမယ် . . ဟု၊ ကျွန်တော်

ပြောလိုက်သည်။

"ကဲ ၊. . . နှစ်ကောင်စလုံး မကိုက်ကြနဲ့တော့" . . ဟု၊

နွယ်နွယ်ဦး ဝင်ပြောသည်။ နော်ဇာဝတ်ရည်၏ လက်ဝါးရိုက်ချက်

များ နွယ်နွယ်ဦး၏ ပခုံးစွန်းပေါ်သို့ ရောက်ရှိသွားလေသည်။

ငယ်မောသံများကြားမှ၊ ဂစ်တာသံ ထွက်ပေါ်လာ၏။

ပင်မတက္ကသိုလ်တွင် တက်ရောက်ခဲ့ကြသည့်၊ တတိယ

နှစ် စာသင်နှစ် တစ်နှစ်လုံး၊ မည်သို့သော ပြဿနာမှ မရှိဘဲ

ကုန်ဆုံးသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ငြိမ်းနှင့် နော်ဇာဝတ်ရည်တို့အားလုံးသည်၊ အပြေ
အဆိုများစွာ၊ ဘုနှင့်ဘောက် ဖြစ်နေသော်လည်း၊ ခင်ခင်မင်မင်
ရှိကြသည်ဟု၊ ကျွန်တော် ယုံကြည်ခဲ့၏။

တစ်ဦးနှင့်တစ်ဦး၊ အငြိုးအတေးထားရလောက်သော
အာဃာတမျိုး မရှိနိုင်ဟုလည်း၊ ထင်မြင်ခဲ့မိသည်။

စတုတ္ထနှစ်, နှစ်ဝက်ကျိုးလောက်သည်အထိ၊ မည်သည့်
ပြဿနာမျှ မဖြစ်ခဲ့ချေ။

ယခုမူ . . .

လွန်ခဲ့သော, သုံးရက်ခန့်က၊ သံလွင်ငြိမ်း သစ်ပင်ပေါ်မှ လိမ့်
သည်။

ဦးခေါင်းထိခိုက်မိပြီး၊ သတိလစ်သွားသည်။ ခင်ရာ
ကြောင်း ဆရာဝန်ကို အိမ်ပင့်သည်။





သစ်ကိုင်းနှင့်ရိုက်မိသည့် ဦးခေါင်းအနောက်ဘက်သည်၊
တတ်တက်ကွဲ။ သွေးရဲရဲ။ သတိလစ်မေ့မျောနေသည်မှ အပ, အခြား
ဦယ်လက်အင်္ဂါများ၊ ကြီးမားစွာ ထိခိုက်ပျက်ဆီးခြင်းမရှိ။

ဒဏ်ရာကြောင့် လည်းကောင်း၊ ဆေးအရှိန်ကြောင့်
ည်းကောင်း၊ သတိမရခင်အတွင်း၊ နော်ဇာဝတ်ရည် ပြောဆို
ဝဲ့မည့်၊ အပြောင်အနောက်ကိစ္စသည်၊ သွေးရိုးသားရိုးမဟုတ်
. . ဟု၊ ကျွန်တော် သံသယ ဝင်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၇)

ထိုနေ့က၊ ပိတောက်တွေ၊ ပင်လုံးဝေသော နေ့ဖြစ်သည်။ ...ာ်သန်းနှင့် ကိုကိုမင်းတို့နှစ်ယောက်၊ ပိတော်ပင်ပေါ်သို့၊ အရင် ...ုံး တက်ကြသည်။ ကျွန်တော်နှင့် သံလွင်ငြိမ်းက, နောက်မှ ...ိုက်တက်ဖြစ်သည်။

ပိတောက်ပင်ကြီး အောက်မှ၊ နော်ဇာဝတ်ရည်တို့က, ...ိုင်းဖျားတွင် ခိုတွယ်ဝေဆာနေသော ပိတောက်ပွင့်တွေကို၊ ဟို .. ဒီ လက်ညှိုးထိုးကာ၊ အော်ဟစ်တောင်းဆိုနေကြ၏။

ပိတောက်ကိုင်းတွေကို ဓားဖြင့်ခုတ်နေရင်းမှ၊ ဇော်သန်း ဘ . . , သံလွင်ငြိမ်းကို -

"သံလွင်။ ပိတောက်က, လက်နဲ့ချိုးရတာ မဟုတ်ဘူးကွ။ အကိုင်းလိုက် ချိုင်ရတာ"

www.burmeseclassic.com



သံလွင်ငြိမ်းက . . ,

"အပွင့်နုနုလေးတွေကို၊ လိုချင်ရုံနဲ့ အကိုင်းလိုက် ခါးနဲ့ခုတ်တာ၊ ရက်စက်လွန်းပါတယ်"

ပြောရင်း၊ အကိုင်းဖျားရှိ ပိတောက်ခက်ရှိရာသို့ လက်အလှမ်းတွင်၊ နင်းထားရာ၊ သစ်ကိုင်းထက်မှ၊ သံလွင်ငြိမ်း, လိမ့်ကျသွားလေသည်။

မြေပြင်တွင်၊ သံလွင်ငြိမ်းသည် အရုပ်ကြိုးပြတ်။ ဦးခေါင်းအနောက်ဘက်သည်၊ သွေးတွေ ရွှဲရွှဲစိုလျက်။ စကားမေးမှုမရတော့ချေ။

ကျွန်တော်တို့ ယောက်ျားလေးတွေက၊ သံလွင်ငြိမ်းကိုအိမ်အတွင်းသို့ သယ်ကြသည်။ နော်ဇာဝတ်ရည်တို့ မိန်းကလေး





တွေကို၊ ဆရာဝန် အခေါ်လွှတ်ဖြစ်၏။

နောက်စေ့တွင် ဟက်တက်ကွဲသွားသည်။ လက်တစ်ဝါးခန့်မျှ ကြီးမား၏။ ကွဲရှဒဏ်ရာကို၊ ဆရာဝန်က, အစိမ်းချုပ်သည်။ ဒဏ်ရာချုပ်ပြီးသည်အထိ၊ သံလွင်ငြိမ်း သတိမရသေး။

ဆရာဝန်က, အနာသက်သာရန် ဆေးထိုးပေးခဲ့သည်။ စိုးရိမ်စရာ မရှိကြောင်း၊ မှာကြားသည်။ အနာရှိန်ကြောင့်၊ သတိလစ်နေခြင်းသာဖြစ်ကြောင်း၊ ပြောပြသည်။ ဦးနှောက်နှင့် အာရုံကြော ကိစ္စကို၊ အနာသက်သာချိန်မှ ဆောင်ရွက်မည် ဟုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်တွင်၊ သံလွင်ငြိမ်း အနည်းငယ် ညည်းညူသည်။

သို့သော် . . သတိကောင်းစွာ မရသေး။

ယောကျ်ားလေး သုံးယောက်စလုံး၊ သံလွင်ငြိမ်း အိမ်တွင် အိပ်ကြသည်။ နံနက်လင်းသည့်အခါ၊ မိန်းကလေး သုံးယောက်က စားသောက်စရာများ၊ ယူလာကြသည်။ ဆရာဝန်က၊ ညနေစောင်း မှ လာလေ၏။

"ဟဲ့။ မနေ့က ပြောတဲ့ အစီအစဉ်ကို၊ ဆရာဝန် မသိစေနဲ့နော်"

နော်ဇာဝတ်ရည်က၊ ထမင်းပန်းကန်တွေ၊ စီရီရင်းပြော ၏။

ကျွန်တော်က . . ,

"သူ မြန်မြန်သတိရအောင်လည်း . . ဆု တောင်းပေးပါအုံးဟာ။ နောက်ဖို့ ပြောင်ဖို့ကိစ္စပဲ ခေါင်းထဲထည့်နေတယ်။

နှစ်ရက်ကျော်ပြီ။ သတိမရသေးတာ။





ငါ . . , စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့။ ညက, ငါ ဒေါက်တာ့ဆီ ဖုန်းဆက်သေးတယ်။

လိုလိုမယ်မယ်။ ဓာတ်မှန်တော့ရိုက်မယ် . . တဲ့။ ဒါပေမဲ့ . . လုံးဝ စိုးရိမ်စရာ မရှိဘူး . . တဲ့။ အဲဒါကြောင့်, ငါ . . ရဲရဲဝံ့ဝံ့၊ နောက်ဖို့ ပြောင်ဖို့ ပြင်ဆင်မိတာပါ"

ကိုကိုမင်းက . . ,

"ဒီကောင့် အဖေကို၊ အကြောင်းကြားရင် ကောင်းမလား"

"ဘယ်မှာမှန်းမှ မသိတာ" . . ဟု၊ ကျွန်တော်ပြောလိုက် သည်။ ပြောပြီး . . နော်ဇာဝတ်ရည် ဘက်သို့ လှည့်ကာ . .

"တစ်ခုတော့။ ငါ သတ်မှတ်ချက် လုပ်ချင် တယ် . . နော်ဇာ"



www.burmeseclassic.com

www.burmeseclassic.com

"ပြော။ ဘာသတ်မှတ်မှာလဲ"

"သံလွင်သတိရရချင်းတော့ . . . နင်တို့
ပေါက်ကရ မပြောစေချင်သေးဘူး။
တဖြည်းဖြည်းမှ ပြောစေချင်တယ်။
ဒါတောင်၊ သူ . . ကျန်းမာရေးကောင်းမှ၊ ငါ . .
ခွင့်ပြုမှာနော်"

"အမယ်လေး။ ယောက်ဖ အတွက်၊ သိပ်စိုးရိမ်တတ်တာပဲ" . . ဟု၊ နွယ်နွယ်ဦး လှမ်းပြော၏။ "နင်တို့တတွေက၊ ငါ့နှမတွေ" . . ဟု၊ ကျွန်တော် ပြန်ပြောလိုက်သည်။



(၈)

သံလွင်ငြိမ်း မျက်လုံးပွင့်လာသည်။ ကျွန်တော်တို့အားလုံးကို၊ မြင်တွေ့လိမ့်မည် ထင်၏။

"သတိရပြီလား သံလွင်။ သတိရပြီလား"

ကျွန်တော်နှင့်အတူ၊ သူငယ်ချင်း အားလုံး၊ သူ့အနားတွင်လာရပ်သည်။ ကျွန်တော့်ကို၊ သံလွင်ငြိမ်း ငေးကြည့်နေသည်။


www.burmeseclassic.com

www.burmeseclassic.com

ငါးစပ်က, စကားတွေ၊ ပြောနေသည်။

"အပွင့်နုနုလေးတွေကို၊ လိုချင်ရုံနဲ့၊ အတိုင်း လိုက်ခါးနဲ့ ခုတ်တာ၊ ရက်စက်လွန်းပါတယ်"

ပြောပြီး၊ ထ,ဖို့ ပြင်သည်။

"အား"

"အရမ်းမထနဲ့ သူငယ်ချင်း။ မင်း ခေါင်းမှာ အနာနဲ့"

ချုပ်ရိုးနေရာကို၊ လက်ဖြင့် စမ်းလေသည်။ "မကိုင်နဲ့၊ မကိုင်နဲ့" . . ဟု၊ နွယ်နွယ်ဦး အော်ပြောသည်။

နွယ်နွယ်ဦးနှင့် ဝေဝေဦးကို ကြည့်ပြီးမှ၊ နော်ဇာဝတ်ရည်ကို ငေးကြည့်နေသည်။ ပြီးနောက် ကိုကိုမင်းကြည့်သည်။ ပြီးနောက် ဇော်သန်းကို ကြည့်ရင်း . . .

"ရှူးပေါက်ချင်တယ်"





"ဒီမှာပဲ ပေါက်ချလိုက်"

သံလွင်ငြိမ်း ခေါင်းခါ၏။

အိမ်နောက်ဘက်သို့၊ လိုက်ပို့ဖြစ်ကြသည်။

ချုပ်ရိုးဖြေသည်။

မြင်ပ, ဆေးခန်းတစ်ခုတွင်၊ ဦးခေါင်းကို ဓာတ်မှန်ရိုက်သည်။ မည်သည့် ပြဿနာမှ မရှိ။


www.burmeseclassic.com

"မင်း နာမည် ဘယ်သူလဲ" . . . ဟု၊ သံလွင်ငြိမ်းက ကျွန်တော့်ကို မေး၏။ ကျွန်တော် မျက်လုံးဝိုင်းသွားရသည်။ အနီး အပါးတွင် ရှိနေကြသူများကလည်း၊ သူ့ကို ငေးကြည့်နေကြ၏။

"မြင့်မြတ်လေကွာ။ မြင့်မြတ်။ မှတ်မိပြီလား"

"ဪ . . အေး"

"မင်း . . ဘာဖြစ်ခဲ့တာလည်း၊ မင်းကိုယ် မင်း သိလား"

"တစ်ခုခုဖြစ်ခဲ့တာနေမှာပေါ့"

ပြောရင်း၊ ဒဏ်ရာကို၊ လက်ဖြင့်စမ်းကာ -

"အင်း။ ချောင်းရိုက်တာ ခံလိုက်ရတာလား"

"မဟုတ်ဘူးလေ။ မဟုတ်ဘူး"





ဇော်သန်းက, ကျွန်တော့် ပခုံးကို ပုတ်ပြီး . . .,

"သုံးရက်လောက် သတိလစ်နေတာ။
သူ . . ဘယ်လိုလုပ် ချက်ချင်း မှတ်မိမှာလဲ။
အိပ်ချင်မူးတူး ဖြစ်နေတာ နေမှာပေါ့"

ဆက်မမေးချင်သဖြင့်၊ ပြောပြသတိပေးသည့် အဟန့် တား။

နော်ဇာဝတ်ရည်တို့ကို ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကျွန်တော့် အကြည့်ထဲတွင်၊ တစ်ခုခုကို ဟန့်တားနေပြီ . . ဟု၊ မြင်သာထင်ရှား ရှိပေသည်။

သံလွင်ငြိမ်း အနားတွင်၊ ကိုကိုမင်းကို ထားခဲ့ပြီး . . ၊ ကျွန်တော်တို့ အိမ်အပြင်ဘက် ထွက်ခဲ့ကြသည်။

"ဟဲ့။ နော်ဇာ . . ။ လုပ်အုံး။
နင့် ဆရာဝန်ကို၊ သေသေချာချာ မေးပေးပါအုံး"

"ဘာကို မေးရမှာလဲ။
ဘာမှ မဖြစ်ပါဘူး လို့ ပြောတဲ့ဟာ။ ဘာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးရမှာလဲ"

"အခြေအနေကို သွားပြောရမှာပေါ့ဟ။ ပြောတာဆိုတာ ပုံမှန်မှ မဟုတ်တာ"

နော်ဇာဝတ်ရည် သက်ပြင်းချ၏။

ဖော်သန်းက . . .

"မေးကြည့်သင့်တယ် . . နော်ဇာ။ သူ . . ကြည့်တဲ့ မျက်လုံးတွေ ငါ . . သိပ်မကြိုက်ဘူး ကြောင်တောင်တောင်နဲ့"

နော်ဇာဝတ်ရည်က . . .

"အိပ်နေတာများလို့၊ မျက်လုံးကြောင်နေတာ နေမှာပါဟာ"

"ဘာပဲ ဖြစ်ဖြစ်ဟာ။ တစ်ခါလောက် ထပ်မေးကြည့်ရင် ကောင်းမယ်"





"မေးဆိုလည်း၊ မေးပေးမယ်ဟာ။ နင်တို့ပြောတာနဲ့၊ ငါတောင် . . ကြောက်လာပြီ"

"လောလောဆယ်၊ မနောက်မပြောင်ပါနဲ့ အုံးဟာ . . . နော်"

"အေးပါ။ ငါတို့ အဲဒီလောက် အထိ၊ အကျင့်မယုတ်ပါဘူး"

"ကဲ . . ။ ထမင်းသွားကျွေးရအောင်။ ဘာမှ မစားထားဘူး သူ . . ဆာနေရောပေါ့" . . ဟု၊ ဝေဝေဦး ပြောသည်။

ကျွန်တော်က . . .

"ဩော် သိတတ်လိုက်တာနော်"

"ဟွဲ။ဘာသိတတ်တာလဲ။ ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က . .

"မနက်က၊ နွယ်နွယ်ဦး ငါ့ကို ပြောထား
လေ။ ယောက်ဖအတွက် သိပ်စိုးရိမ်တတ်တာ
. . တဲ့။

နင်တို့က၊ ငါ့ နှမတွေလေ. ငါ့ နှမ
ထဲမှာ၊ နင်က . . အသိတတ်ဆုံး"

"သေနာ"

အားလုံး ဝိုင်းရယ်ကြသည်။

ရယ်၍သာနေရသည်။ စိုးရိမ်စိတ်က, အထိတ်မပြေ။





"စိုးရိမ်စရာ ဘာမျှ မရှိပါဘူး။ ဦးခေါင်းခွဲနားမှာ သွေးခဲ
မျိုးတောင် မရှိဘူးလေ။ ဘာကို စိုးရိမ်နေကြတာလဲ" . .
ဆရာဝန်က, မေးပြော ပြောသည်။

ကျွန်တော်က၊ သံလွင်ငြိမ်း၏ အနေအထားကို၊ ပြောပြ
ဆရာဝန်က . .,

"အအိပ်များသွားတဲ့ သူလို ဖြစ်တာပါ။
ဘာမှ မစိုးရိမ်နဲ့၊ ဘာ အတိတ်မှ မမေ့ဘူး။ ဘာ
အာရုံကြောမှ မထိခိုက်ဘူး"

ကျွန်တော်, စိတ်အေးရသည်။

ဆရာဝန် ပြန်သွားသော အခါ၊ ဇော်သန်းနှင့် ကျွန်တော်
နွေးသည်။ ကျွန်တော်က . .,

"အခု ဆရာဝန်က၊ အထွေထွေရောဂါ
အထူးကု။ ဦးနှောက်နဲ့ အာရုံကြော အထူးကုနဲ့
ပြကြည့်ရင်ကော . ."

ဇော်သန်းက . .,



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့လို ကောင်တွေကြောင့်၊ အထူး[illegible]
ဆရာဝန်တွေ ပေါ်လာတာဖြစ်မယ်။

အခု . . ဆရာဝန်ကိုယ်တိုင်က၊ ဘာ[illegible]
မစိုးရိမ်ပါနဲ့လို့ ပြောထားပြီးပြီပဲ"

•

ထိုစဉ်၊ ဧည့်ခန်းအတွင်းသို့ သံလွင်ငြိမ်း ထွက်လာ[illegible]

"ဘာတွေ ပြောနေကြတာလဲ"

သံလွင်ငြိမ်း၏ အမေးစကားကို၊ ဖြေဖို့ ကျွန်တော် အဆ[illegible] သင့်မဖြစ်သေးခင်၊ ဇော်သန်းက . . ., နော်ဇာဝတ်ရည်ကို မျ[illegible] ကနဲ ကြည့်ပြီး . .

"မင်း . . အတိတ်မေ့နေတယ်လို့ ဆရာဝ[illegible]
ပြောသွားလို့၊ ငါတို့ ငြင်းနေကြတာ"

သံလွင်ငြိမ်းက . . မျက်ခုံးနှစ်ဘက်ကို တွန့်ကာ . .

"မမေ့ပါဘူး"





အသေအချာ စဉ်းစားဟန်ပြုရင်း . . .

"ဘာကို မေ့ရမှာလဲ။ အတိတ်မေ့ရအောင်
ငါက . . ရူးနေလို့လား"

"ရူးတာတော့ မရူးပါဘူး။ ဒါပေမဲ့ . . .,
မင်း မေ့နေတတ်တာတွေ၊ အများကြီးပဲ။
နောက်မှ ငါတို့ ပြောပြမယ်"

ဇော်သန်း ခြေထောက်ကို၊ ကျွန်တော် မသိမသာ ဖိနင်း[illegible]လိုက်၊ ဟန့်တားဖြစ်သည်။

"ဇော်သန်း။ မလုပ်နဲ့အုံးလေကွာ"

"ဘာမှ မဖြစ်ပါဘူး။ ဆရာဝန်ထက်ပဲ၊ မင်းက ပိုသိအုံးမလား" . . ဟု၊ ဇော်သန်းက, လေသံသဲ့သဲ့ဖြင့်၊ ပြောပြီး၊ ထိုင်ရာမှ ထ,သွားသည်။

နော်ဇာဝတ်ရည်က . . .

"သံလွင်။ ဆေးသောက်ရအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန် ပေးထားသော ဆေးများကို စီစီရီရီပြ
ပြော၏။

ကျွန်တော့်ကို၊ သံလွင်ငြိမ်း ငဲ့ကြည့်သည်။ ကျွန်တေ
မသိမမြင်ဟန်ထားလျက်၊ နော်ဇာဝတ်ရည်နှင့် အတူ၊ သောက်ဆေ
တချို့ကို၊ ကိုင်တွယ် စီရီနေလိုက်သည်။

စိတ်ထဲတွင်,

ဇော်သန်းကို၊ လုံးဝ, မကျေနပ်။ အညွှာအတာ နည်းလွန်းလှ



## (၉)

ဆယ်ရက်ခန့် ကြာသောအခါ . . . ၊ သံလွင်ငြိမ်းသည်၊
န်တော်တို့ အားလုံးနှင့်အတူ၊ ကျောင်းတက်ဖြစ်သည်။ ပြော
နေထိုင်ပြုမူပုံများအားလုံးတွင် မည်သည့် ချွင်းချက်မှ မရှိ။

သို့သော် . . တစ်ခါတစ်ရံ ပြောသောစကား တစ်ခွန်း
ခွန်းမှုသည် ကျွန်တော့်အတွက်၊ ရင်ပူစရာ ဖြစ်ရ၏။

"ငါ တကယ်ပြောတာ။ ခေါင်းကို တစ်ခုခုနဲ့
ထိမိတယ်ဆိုတာ သိတယ်။ ဒါပေမဲ့ . . ,
ဘာဖြစ်မှန်း မသိဘူး။

မင်းတို့ဟာ, ငါ့ သူငယ်ချင်းတွေဆိုတာ၊
ငါ သိတယ်။ ဒါပေမဲ့ . . , ဘယ်အချိန်က သူ
ငယ်ချင်း ဖြစ်တယ်ဆိုတာ၊ မမှတ်မိဘူး။

ဟိုတလောက၊ ဇော်သန်း ငါ့ကို,ပြောတယ်။
ငါ . . အတိတ်မေ့နေတယ် . . တဲ့။ အဲဒါ . .
တကယ်ဟုတ်နေသလား။ ငါ . . စိုးရိမ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတိတ်မေ့မှတော့၊ ကျောင်းစာကိစ္စတွေ မင်းခေါင်း
ဘယ်လိုထည့်လို့ရပ့ါမလဲ" . . ဟု၊ ပြောပြီး၊ ကျွန်တော် စကားဖြတ်
ရသည်။

သံလွင်ငြိမ်း၏ မျက်ကွယ်တွင်၊ ဇော်သန်းက . .

"ဒီကောင် ငါတို့ကို ပြန်နောက်နေတာလား
မသိဘူး"

နော်ဇာဝတ်ရည်က . . . ,

"ဟဲ့။ နောက်တာ မဟုတ်ဘဲ၊ တကယ်ဖြစ်
နေတာဆိုရင်၊ ဟို ကိစ္စကြီး၊ ငါ. . မလုပ်ရက်ဘူး
နော်"

"ဆရာဝန်ထက်ပဲ၊ နင်တို့က ပိုသိနေကြ
သလား။မဟုတ်ပါဘူး . . လို့၊ သေသေချာချာ
စစ်ဆေးထားတာပဲ။

ငါက, တော့၊ ဆက်နောက်မှာနော်။ နင့်





အိုက်တင် မပျက်စေနဲ့"

နော်ဇာဝတ်ရည်က . . .

"တကယ် ဘာမှမဖြစ်ဘူး ဆိုရင်တော့၊
ငါ . . သူ့ကို ကလိချင်တာ အမှန်ပဲ။

တကယ် နေမကောင်းဖြစ်နေတာ ဆိုရင်
တော့၊ ငါ . . အနိုင်မကျင့်ချင်ဘူး"

ဇော်သန်းက . .

"နေကောင်းပါတယ်။ ဒါပေမဲ့ . . ,
သူ့ကိုယ်သူ ဇဝေဇဝါ ဖြစ်နေတာ။

အဲဒီလို ဇဝေဇဝါ ဖြစ်နေချိန်မှာ၊ ငါတို့
ပြောတာကို၊ သူ . . လုံး၀, လက်ခံ ယုံကြည်မှာ
အမှန်ပဲ"

ဇော်သန်းက, စကားရပ်လျက် -

"မြင့်မြတ်။ မင်း . . ,



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်ကို တော်တော်ခင်တာ၊ ငါတို့ သိတယ်
ငါတို့လည်း ခင်ပါတယ်။

ဒါပေမဲ့ . . , နော်ဇာဝတ်ရည်ကို အရူ
အညီပေးတဲ့ အနေနဲ့၊ ငါတို့ ဘက်ကို ခဏလောက်
ရပ်ပေးပါ"

"ဘယ်လိုရပ်ရမှာလဲ"

"ဟုတ်သလားလို့ . . သံလွင်ငြိမ်း မေးတဲ့
ကိစ္စတိုင်းကို၊ ဟုတ်တယ်လို့ပြော"

ကျွန်တော် သက်ပြင်းချမိသည်။

နော်ဇာဝတ်ရည်ကို ငဲ့ကြည့်ရင်း . . .

"နင် . . သံလွင်ငြိမ်းကို တော်တော် မုန်း
သလား နော်ဇာ"

"နေထိုင်မကောင်း ဖြစ်နေသေးတယ်ဆိုရင်





တော့ မမုန်းဘူးပေါ့ဟာ။ ဒေါင်ဒေါင်မြည်နေ
တယ် ဆိုရင်တော့ မုန်းတဲ့ စိတ်ရှိနေသေးတယ်"

"ဘာကို မုန်းတာလဲ"

"မိန်းကလေးတွေအပေါ် မတူမတန်လုပ်
တာကို၊ ငါ . . မုန်းတာ။

အထူးသဖြင့်၊ Fresher Welcomeတုန်းက၊
ငါနဲ့ အတူ မတ်တပ် ထ,ရပ်ပြဖို့ ကြေညာပြီးကာမှ၊
သူ . . မရှိတော့တာ၊ ဘာလဲ။ ဘာလုပ်တာလဲ"

"မသိတော့ဘူးဟာ။

မုန့်လုံး စက္ကူကပ်နေပြီ။ နင်တို့ လုပ်ချင်တာ
လုပ်တော့။

သူ့ရဲ့ ကိုယ်ပိုင် အသိစိတ်နဲ့တော့၊ ဘယ်
မိန်းကလေးကိုမှ၊ သူ . . ပတ်သက်မှာ မဟုတ်ဘူး။
အဲဒါကိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ငါ . . အမြဲ ယုံကြည်ထားတယ် . . နော်ဇာ"

"နင် ဆိုလိုချင်တာက၊ သူ . . နေမကောင်း သေးဘူးလို့ ဆိုလိုချင်တာလား"

"နေကောင်းချင် ကောင်းနေမယ်။ ငါ ဘာသာ စိတ်မချဖြစ်နေတာ"

"သူ့ သမာဓိစွမ်းအားကို၊ စိတ်မချတာလား မြင့်မြတ်"

"အသိမဲ့ အစည်းအရုံးခံရမှာကိုပဲ ငါ . . စိုးရိမ်တာပါ"

"နင့်စကားကို ငါ နားမလည်ဘူး"

"ငါ . . ရှင်းမပြတော့ဘူး နော်ဇာ။ သံလွင်မြစ်ကြီးရဲ့ . .





ကျန်းမာရေးကို ငါ့၊ ဂရုစိုက်မယ်။ နင်တို့က၊ သံလွင်မြစ်ကြီးရဲ့ သမာဓိကို ဂရုစိုက်ပေါ့ . . ။ ထိုးနှက်ကြည့်ပေါ့" . . ဟု၊ ကျွန်တော် ပြောဖြစ်သည်။

ပဲလော့်ကြားက "ဆား" . . ဟူသော ဝေါဟာရကို၊ မည်သူ ကောင် စဉ်းစား ပြောဆိုခဲ့သလဲ။ ယခုမှ . . ၊ ကျွန်တော် သိချင် သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

"နော်ဇာဝတ်ရည်က၊ ငါ့ ရည်းစားဆို။
ဟုတ်လား မြင့်မြတ်"

သံလွင်ငြိမ်း၏ အမေးစကားကြောင့်၊ ကျွန်တော့် ရင်ထဲ ထွင်၊ ဒိန်းကနဲ ဖြစ်သွားသည်။ သို့သော် . . .
ဘာမျှ မဖြစ်သူ တစ်ယောက်ကဲ့သို့၊ သံလွင်ငြိမ်းကို၊ ကျွန်တော် ကြည့်လိုက်သည်။ ကာလသည်ကား၊ စိတ်မလုံခြုံသူက လုံခြုံဟန် မှုလျက်၊ ရဲဝံ့စွာကြည့်ရသည့် အခါကာလ။

"မင်းကို ဘယ်သူ ပြောတာလဲ"

"ဇော်သန်းနဲ့ ကိုကိုမင်း ပြောတာ။ မယုံရင် မင်းကို မေးကြည့် . . တဲ့။

ငါက, ဒီ . . ခေါင်းကို ထိပြီးကတည်းက တချို့ ကိစ္စတွေကို၊ မမှတ်မိတော့တာ . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . ဟုတ်လား"

သုံ့လွှင့်ငြိမ်းသည်၊ ဆံပင်ကို တိုနန့်စွာ ညှပ်ထားရ၏။ ဒ
ရာ နေရာတွင်၊ ရိတ်ထားသော၊ ဆံပင်အနေအထားကြောင့်၊ ဆံ
ကို၊ ထိုကဲ့သို့၊ ညှပ်ထားရခြင်းဖြစ်၏။ ဆံပင်တိုသွားသောကြော
လား။ ~သို့မဟုတ်, ဒဏ်ရာအနာတရကြောင့်လား။ မကွဲပြာ
အနည်းငယ် ပိန်လှီသွားလေသည်။

"ဆရာဝန်ကို မေးကြည့်သေးတယ်။
ငါ . . ဘာမှ မဖြစ်ဘူးတဲ့။

နွယ်နွယ်ဦးနဲ့ ဝေဝေဦးကို မေးကြည့်တော
လည်း။ ဝိုင်းရယ်ကြသေးတယ်။ ပြီးတော့ . .
ကိုယ့်ဘာသာ ပြန်စဉ်းစားပေါ့ . . တဲ့။ ငါ . .
စဉ်းစားလို့ မရဘူး။

မေးစရာဆိုလို့၊ ကာယကံရှင်၊ နော်ဇ
ဝတ်ရည်နဲ့ မင်းပဲ ကျန်တော့တယ်။ နော်ဇာဝတ်
ရည်ကို၊ မေးလို့ မကောင်းတဲ့ မေးခွန်း။

ဘာပဲ ဖြစ်ဖြစ်၊ ဘယ်သူ့ စကားကိုမှ၊ ငါ
မယုံချင်ဘူးကွာ။ မင်း စကားကိုပဲ, အတည်ယူ
ချင်တယ်။

တချို့ကိစ္စတွေကို၊ ငါ မေ့ကောင်း မေ့နိုင်
တယ်။

အားလုံးထက်၊ မင်းကို . . ငါ, ပိုခင်တယ်
မြင့်မြတ်။ ငါ အခင်ရဆုံး၊ ငါ အယုံကြည်ရဆုံး
ငါ့ သူငယ်ချင်း၊ မင်းရဲ့ အတည်ပြုချက်နဲ့၊ ငါ့
ပဋ္ဋိပ္ပန်ကို၊ ငါ လျှောက်ချင်တယ်။ ငါ မေးတာကို
မင်း ဖြေစမ်းပါ။

နော်ဇာဝတ်ရည်ဟာ၊ ငါ့ ရည်းစားဆိုတာ
ငါ . . တကယ် မေ့နေတာလား"

အများညီလျှင်၊ 'ဣ' ကို ကွဲဖတ် . . ဟူသည့် စကားကို
အွန်တော် အတည်မပြုချင်။ အမှန် အကွရာကို၊ အများ၏
အင်အားဖြင့်၊ မဖယ်ရှားသင့်။ တရားမျှတမှု, မှန်ကန်မှု မရှိသော
အများက တစ်ဖက်။ ညှာတာစရာ ထောက်ထားစရာဖြင့်၊ အင်အား





www.burmeseclassic.com

www.burmeseclassic.com



နည်းပါးနေသူက တစ်ဘက်။ အများဘက်တွင်၊ ကျွန်တော် မရပ်ချင်။

သို့သော် . .

မည်သည့် မိန်းကလေးကိုမျှ၊ အရောတဝင် မရှိခဲ့သော၊ သံလွင်ငြိ လို ယောကျ်ား တစ်ယောက်က၊ နော်ဇာဝတ်ရည်သည်၊ သူ့ . . သူ့ရည်းစား . . ဟု၊ လက်ခံ သိရှိယုံဖြင့်၊ သမာဓိ လျော့ တတ်သူ မဟုတ်ကြောင်းကိုလည်း၊ ဤကို ကွဲဖတ်စေချင်သူမျာ ကျွန်တော် သိစေချင်သည်။

မင်းတို့ . . နင်တို့၊ ပြောတဲ့အစီအစဉ်ကို၊ ငါ မကြိုက် သံလွင်ငြိမ်းကို၊ ငါ . . အမှန်အတိုင်းပြောပြီး၊ အစီအစဉ်ကို ဖျ လိုက်ပြီ . . ဟု၊ ဆိုလိုက်ပြန်လျှင်လည်း၊ ကျွန်တော့်ကို ဝိုင်း ကြပေမည်။ သံလွင်ငြိမ်း၏ စိတ်သမာဓိကို စိတ်မချတာလား . ဟု၊ မေးမြန်း ရိသဲ့ကြပေဦးမည်။

သံလွင်ငြိမ်းကို၊ အမှန်အတိုင်း ပြောပြီး၊ မသိချင်ယ ဆောင်ကာ၊ ရေလိုက် ငါးလိုက်နေထိုင်ပြီး၊ ထိန်းထိန်းသိမ်းသိ ပြုမူဖို့၊ အကြံပေးမိပြန်လျှင်လည်း၊ ကျွန်တော် သူလျှို၊ ဓားယ ဖြစ်ရပေဦးမည်။





စိုးထိတ်သော စိတ်ဖြင့်၊ ပွဲကြည့်သူအဖြစ်သာ၊ နေထိုင် ရသော့မည် . . ဟု၊ ကျွန်တော် ဆုံးဖြတ်လိုက်ရသည်။

"သူတို့ပြောတာ၊ ဟုတ်လား မြင့်မြတ်"

"မင်း ဘာသာ ပြန်စဉ်းစားကြည့်ပါလား ကွာ"

"ငါ စဉ်းစားတာ၊ မမှတ်မိလို့ မင်းကို၊ မေး တာပေါ့။

မင်းကို၊ စ,ခင်တယ်။ ပြီးတော့ . . တခြား သူတွေကိုပါ၊ ငါ . . ခင်တယ်။ ငါ . . အဲဒီလောက် ပဲ မှတ်မိတာလေ။ ကျန်တာ ငါ မမှတ်မိဘူး။

ငါ . . သတိရတော့၊ နော်ဇာဝတ်ရည် . . ဆေးတိုက်တာ ထမင်းကျွေးတာတွေကို၊ ငါ . . သတိထားမိတယ်။ လိုတာထက်ပိုပြီး၊ ဂရုစိုက်နေ သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဟုတ်လို့ နေမှာပေါ့"

သံလွင်ငြိမ်းက ပြုံးလျက် -

"ဟုတ်တယ် လို့ ဘာဖြစ်လို့ မင်း မပြော

တာလဲ မြင့်မြတ်"

"မဟုတ်စေချင်လို့ပေါ့ကွာ"

"ဘာဖြစ်လို့ မဟုတ်စေချင်တာလဲ"

"ဟိုတုန်းက၊ နော်ဇာဝတ်ရည်က မင်းရဲ့

မျက်မှန်းကျိုးဖူးတယ်"

"ဘာဖြစ်လို့ မျက်မုန်းကျိုးတာလဲ"

"မင်းက . . မိန်းကလေးတွေကို၊ အရေး

မဝင်ဘူးဆိုတာရယ်။ ပြီးတော့ . . ,





Fresher Welcome နေ့က၊ သူနဲ့မင်းနဲ့ အတူတွဲ ရပ်ဖို့ ကြေညာတဲ့ အချိန်မှာ၊ မင်း . . မရှိတော့ လို့၊ သူ . . နည်းနည်း စိတ်ခုဖူးတယ်။

အဲဒီလို စိတ်ခုပြီး၊ နောက်ပိုင်းကျမှ၊ ချစ်သူ အဲ . . ရည်းစား ဖြစ်ကြတာဆိုတော့၊ မင်းကို တစ်ချိန်ချိန်မှာ၊ အသည်းခွဲသွားမှာ၊ ငါ စိုးရိမ် တယ် သူငယ်ချင်း။ အဲဒါကြောင့်"

"ငါ့ အသည်းက၊ မာမယ်ထင်ပါတယ်ကွာ" . . ဟု၊ သံလွင် ငြိမ်း ပြော၏။ ပြီးနောက် . .

"ငါ . . နော်ဇာဝတ်ရည်ကို မေးမကြည့် ဘူးနော်"

"မေးဖို့မှ မလိုတာ"

"အမှန်အတိုင်းပြောရရင် . . ,

ဒီ အကြောင်းတွေ ပြောနေရတာ၊ ငါ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com

တော့၊ ရင်ခုန်တယ်"

"ငါတော့ . . ရင်ထိတ်တယ်" . . ဟု၊ စိတ်ထဲမှ၊ ကျွန်တော် ပြောချင်မိသည်။ "ရင်ခုန်တာ နှလုံး အားနည်းလို့ ဖြစ်မယ်" . . ဟု၊ ကျွန်တော် စကားရှန်း ဆိုလိုက်သည်။

နှစ်ယောက်အတူ၊ ရယ်မောဖြစ်ကြသည်။ ကျွန်တော့် အရယ်အမောသည်၊ အမောအရယ် ဖြစ်နေရလေသည်။

"ရင်ခုန်တယ်" . . ဟူသော၊ သံလွင်ငြိမ်း၏ စကားထဲ ကျွန်တော် မနှစ်သက်။ မိန်းကလေးများနှင့် အရောတဝင် မနေခဲ့ ဖူးသူက၊ ထိုစကားကို မဆိုစေချင်။

"မင်းက . . နော်ဇာ့ကိုကျမှ ရင်ခုန်တယ် ပေါ့ . . ဟုတ်လား"

"ချစ်သူ ရည်းစားဆိုတာ သိလိုက်ရတော့ ဘာပဲဖြစ်ဖြစ် ရင်ထဲမှာ လှုပ်ကနဲ ဖြစ်သွားတာ ပေါ့ကွ"





"ဟိုတုန်းက၊လို ခပ်တန်းတန်းပဲနေပေါ့"

သံလွင်ငြိမ်း ခေါင်းခါ၏။

"ကိုယ်နဲ့ ပတ်သက်နေပါလျက်နဲ့၊ ခပ်တန်း တန်းနေတော့၊ ငါ . . ဘာဖြစ်သွားမလဲ။ ချစ်သူ ကို မမှတ်မိလောက်အောင်တော့ ငါ သတိမမေ့ ချင်ဘူးကွာ။

မိန်းကလေးတွေနဲ့၊ ရောရော နှောနှော မနေခဲ့ဖူးဆိုတာတော့ ငါ့ကိုယ်ငါ မှတ်မိတယ်။

နော်ဇာနဲ့ ရည်းစားဖြစ်ခဲ့တယ် ဆိုတာ တော့၊ ငါ မမှတ်မိဘူး။ ဒါပေမဲ့ . . , နင် . . ငါ့ ရည်းစား ဟုတ်လို့လား . . လို့၊ ငါ ဘယ်မေးရက်ပါ့ မလဲ။ အဲဒါကြောင့်၊ မင်းကို၊ ငါ . . မေးနေတာ။

မင်းရဲ့ အတည်ပြုချက်နဲ့ပဲ၊ ငါ နေတော့ မယ်။ ဘယ်မိန်းကလေးနဲ့မှ မရောဘူး။ ချစ်သူက လွဲလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ငိုင်မကျသွားရအောင်၊ ကိုယ့်ကိုကိုယ် ထိန်းထားရသည်ကို၊ သံလွင်ငြိမ်း သိဟန်မတူ။ တစ်နေရာရာမှာ အမြဲတမ်း ရှိနေတတ်သည့်၊ အမှန်တရားသည် တစ်ချိန်ချိန်တွင်၊ သူ့အလိုလို ပေါ်ပေါက်ဆိုက်ရောက်လာပေလိမ့်မည်။ ထိုအခါတွင် ကျွန်တော့်မှာ နေထိုင်ရပ်တည်စရာ နေရာမရှိ။



(၁၁)

"မင်းမှားတာပေါ့၊ ငှါညီရာ" . . ဟု၊ ကျွန်တော့် အစ်ကို၊ ကိုမြင့်ခိုင်က, ဝေဖန်မှုပြုသည်။

"ဘာမှားသလဲ၊ မစဉ်းစားတတ်တော့ပါဘူး အစ်ကိုရာ။ အပျက်ပျက်နဲ့ နွားခေါင်းသွေးထွက်သလို ဖြစ်ရင်၊ ကျွန်တော် တရားခံဖြစ်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ ရှုပ်လွန်းလို့ အစ်ကိုကို ဖွင့်ပြော တာ။ တစ်ခါတစ်ခါ ကျောင်းတောင် မသွားချင် တော့ဘူး။

အဲဒီ နော်ဇာဝတ်ရည်က၊ သံလွင်ငြိမ်းကို မောင်တွေ ဘာတွေ ခေါ်ပြီး၊ ဝင်ရောပစ်လိုက်ပြီ။ သံလွင်ငြိမ်းကလည်း၊ အဲဒီ အခြေအနေ အတိုင်း ကို၊ ယုံကြည်လက်ခံနေတယ်"

"ဆရာဝန် ကိုယ်တိုင်က၊ အတိတ်မမေ့ပါ ဘူး . . လို့ ပြောပြီးသားပဲ။ မင်း သူငယ်ချင်းက မေ့ချင်ယောင်ဆောင်ပြီး၊ ကောင်မလေးကို လက်ခံ လိုက်တာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး။ သူက ဘယ်မိန်းကလေး မှ၊ စိတ်ဝင်စားတာ မဟုတ်ဘူး။

တချို့ ကိစ္စတွေ သူတကယ် မမှတ်မိဘူး။ ပိတောက်ပင်ပေါ်က, ပြုတ်ကျတာကိုတောင်၊





သူ . . မမှတ်မိဘူး။ ကျွန်တော်တို့ ပြောပြလို့၊ သူ . . လက်ခံတာ"

"ကောင်မလေးက ဘာဖြစ်ချင်တာလဲ"

"မိန်းကလေးတွေကို အထင်သေးလို့ မရဘူး ဆိုတာမျိုးပေါ့။ နောက်ပြီး . . ကျွန်တော်နဲ့ ပြောရင်းဆိုရင်း၊ အလောင်းအစား လုပ်သလို ဖြစ်သွားတယ်။

သံလွင်ငြိမ်း သူ့ကို ငြိ, မငြိပေါ့။ ငြိသွားတယ် . . ဆိုရင်၊ သူ . . ဟားတိုက်လိမ့် မယ် ထင်တယ်"

"မင်းက အနိုင်ရချင်လို့ အလောင်းအစား လုပ်တာလား"

"မဟုတ်ဘူး။ ကျွန်တော် အနိုင်ရချင်လို့ . .



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဘူး။ သံလွင်ငြိမ်းဘက်က၊ မခံနိုင်လို့

သံလွင်ငြိမ်းက, မယိမ်းယိုင်ဘူး ဆိုတာ

သိစေချင်လို့"

"အဲဒီလို သိစေချင်တယ် ဆိုလည်း၊ အဲ့

သံလွင်ငြိမ်းကို၊ ကြိုအသိပေးပြီး၊ မျှော်ခိုင်းထား

လိုက်ရင်လည်း ရသားပဲ"

"အဲဒီလိုကျတော့လည်း၊ ကျွန်တော် ညှ

ပတ်ရာ ကျမယ်လေ။ တစ်ဖက်ကို အရှုံးလုပ်သလို

ဖြစ်မယ်"

အစ်ကို မြင့်ခိုင်က မဲ့ပြီး ..

"သံလွင်ငြိမ်းကို အရှုံးလုပ်သလို ဖြစ်နေတာ

ကိုတော့။ မင်း .. မစဉ်းစားမိဘူးလား"

"စဉ်းစားတယ်။ ဒါပေမဲ့ .. စဉ်းစားလေ



ခေါင်းရှုပ်လေပဲ။

ကျွန်တော် .. ဘာမှားသွားသလဲဆိုတာ

တောင် မစဉ်းစားတတ်တော့ဘူး"

"မင်းအမှားကို၊ ငါ .. ထောက်ပြရရင်၊

တစ်ဖက်တည်းကို၊ ပြတ်ပြတ်သားသား မရပ်ရဲတဲ့

အမှားပဲ။ သတ္တိနည်းတဲ့ အမှား။

တစ်ဖက်ကိုလည်း၊ မရှုံးစေချင်ဘူး။ တစ်

ဖက်ကိုလည်း၊ အနိုင်မကျင့်စေချင်ဘူး။ အဲဒီလို

ဖြစ်တာ။

အဓိက .. အမှားက,တော့၊ မဖွယ်မရာ၊

ကိစ္စကို၊ ရတဲ့နည်းနဲ့၊ မဟန့်တားရဲတဲ့ အမှားပဲ။

သံလွင်ငြိမ်းကို၊ ကာကွယ်သလိုလိုနဲ့၊ ဒုက္ခပေးသလို

ဖြစ်နေပြီ"

"ကျွန်တော် ဘာဆက်လုပ်ရင်ကောင်းမလဲ

.. အစ်ကို"


www.burmeseclassic.com

www.burmeseclassic.com



"ငါသာဆိုရင်။ သံလွင်ငြိမ်းကို အ
အတိုင်းပြောပြလိုက်မှာပဲ။ ကျန်တဲ့ သူငယ်ချင်း
တွေကိုလည်း၊ ဒါ . . ဆက်မလုပ်နဲ့တော့
ပြတ်ပြတ်သားသား ဟန့်တားပစ်လိုက်မယ်"

"အဲဒါဆို၊ သံလွင်ငြိမ်းက, လွဲပြီး၊ ကျန်
သူတွေနဲ့ အခင်အမင်ပျက်သွားမှာ အမှန်ပဲ။
အခင်အမင်ပျက်တာထက်၊ အခုမှ, ပွဲ
လိုက်ရင်၊ အဟားခံရလိမ့်မယ်"

"မင်းက။ အများဘက်ကိုလည်း၊ မရပ်ချင်
ဘူး။ တစ်ယောက်တည်းဘက်ကိုလည်း၊ မရပ်
ဘူး ဖြစ်နေတယ်။
စီးပွားရေးမှာပဲ ဖြစ်ဖြစ်။ လူမှုရေးမှာ
ဖြစ်ဖြစ်။ နိုင်ငံရေးမှာပဲ ဖြစ်ဖြစ်။ အင်အားနည်း
သည် ဖြစ်စေ။ များသည် ဖြစ်စေ။ ကိုယ် . .
မှန်တယ်လို့ ယူဆ,တဲ့ ဘက်ကို၊ သေတပန် သ





တစ်ဆုံး၊ ရပ်ရဲတဲ့ သတ္တိရှိရမယ်။
အဲဒီ့ သတ္တိမျိုး မရှိဘူးဆိုရင်တော့၊ ကြား
ညပ်သွားလိမ့်မယ် . . ငါ့ညီ"

ကျွန်တော် သက်ပြင်းချမိသည်။
"ဇော်သန်းဆိုတဲ့ ကောင်က,ရော၊ ဒီကိစ္စ
ကို၊ ဘာကြောင့် စိတ်ဝင်တစား ဝင်ပြီး ဖန်တီးရ
တာလဲ"

"သူလည်း၊ သံလွင်ငြိမ်းအပေါ်၊ မလိုလားတဲ့
အခံရှိတယ်။
ကျန်တဲ့သူတွေက, တော့၊ ရေလိုက် ငါး
လိုက်ပဲ"

"သံလွင်ငြိမ်းက၊ လက်ရဲဇက်ရဲဆိုရင်၊
မင်း . . သူငယ်ချင်း နော်ဇာဝတ်ရည် ဒုက္ခရောက်
မယ်နော်။ အဲဒါကိုတော့ . . , မင်း သတိပေး



www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်"

"သံလွင်မြစ်ဝှမ်းမှာ၊ အဲဒီ စရိုက်မရှိဘူးဆိုတာ သိထားကြတယ်လေ။ အဲဒါကြောင့် . . . မကြောက်မလန့် လုပ်ကြတာ"

မင်းကို ကြည့်ရတာ၊ ဘာလုပ်သင့်သလဲဆို ငါ့ကို မေးချင်တာ မဟုတ်ဘူး။

စိတ်ထဲမလုံလို့၊ ရင်ဖွင့်တာမျိုးလောက်သာ ဟုတ်တယ် မဟုတ်လား . . မြင့်မြတ်"

ကျွန်တော် မဖြေနိုင်ဘဲ ခေါင်းကုတ်နေမိသည်။

"တက္ကသိုလ် နောက်ဆုံးနှစ်ရောက်နေပြီ။ စဉ်းစား ဆင်ခြင်ဉာဏ်ရှိနေပြီ။ ငါ . . မသင်ပေး ချင်တော့ဘူး။ ကိုယ့်ဘာသာပဲ ဆုံးဖြတ်တော့။ ကျောင်းသားဘဝမှာ . . ပြဿနာကြီးငယ်လေး တွေတော့ ရှိကြမှာပဲ။ အမှတ်တရလေးတွေတော့





ရှိခဲ့ကြတာပဲ။

ဘယ်တော့မှ မမေ့ဘူး . . ဆိုတဲ့ ဝေါဟာရ က, ပျော်ရွှင်ကြည်နူးစရာလေးတွေ အတွက်ပဲ ကောင်းတယ်နော်။

တခြား အနိဋ္ဌာရုံကိစ္စမျိုးတွေ အတွက်၊ ဘယ်တော့မှ မမေ့ဘူး . . ဆိုတဲ့ ဝေါဟာရကို၊ မသုံးဖြစ်စေချင်ဘူး။

ဘယ်တော့မှ မမေ့ဘူး . . သူငယ်ချင်းရယ် ဆိုတဲ့ လွမ်းစရာလေးတွေပဲ ကောင်းတယ်။ ဘယ် တော့မှ မမေ့ဘူး ဆိုတဲ့၊ နာစရာမျိုးက, ဘယ် တော့မှ မကောင်းဘူး။

ဘယ်သူ့ အတွက်မှ မကောင်းဘူး"

စကားရပ်ပြီး၊ ထိုင်ရာမှ ထကာ . .

"အဲဒီတော့၊ မင်းတို့ သူငယ်ချင်း အုပ်စုလေး ထဲက၊ အဖြစ်အပျက်တိုင်းမှာ၊ နာကျင်မှန်းစရာ စရာတွေ၊ မပါအောင်သာ၊ သတိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ပါလို့ပဲ။ ငါ အကြံပေးချင်တယ် . . ငါ့ညီ
စာသံပေသံနဲ့ ပြောရရင် . . ကဲ့ကော်
ရာဇဝင်မှာ၊ လွမ်းစရာထက် နာစရာတွေ မပိုစေ
နဲ့ ပေါ့ကွာ . . ။ နော် . . ”

ခေါင်းကိုသာ ညိတ်လိုက်ရသည်။

ဘယ်အရာကို လိုက်နာရမည် မသိသေး။ မဆုံးဖြတ်ရသေး မရွေးချယ်ဝံ့သေး။

တွေးမိလေလေ၊ ရင်မောလေ . . ။



(၁၂)

နော်ဇာဝတ်ရည် နှုတ်ဖျားမှ “မောင်” . . ဟု၊ သံလွင်ငြိမ်းတို့ ခေါ်ဝေါ်လိုက်တိုင်း၊ ကျွန်တော့် ရင်ထဲတွင် ငရဲမီးနှင့် အပက်ခံလိုက်ရသကဲ့သို့ ခံစားရသည်. သံလွင်ငြိမ်းကိုပင်၊ ငဲ့မကြည့်ချင်။ ငရဲမီးများ . . ကျွန်တော့် အပါးသို့ လွင့်စင်လာမည့်ပမာ၊ မျက်နှာပူရသည်။

သံလွင်ငြိမ်းသည်လည်း၊ အံ့ဩစရာ ကောင်းလောက်အောင် ပြောင်းလဲ ပျော်ရွှင်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်တို့ အသိပေး၍ မရသော . . ကာလ။

ဟန့်တား တဲ့ပြန်၍ မရတော့သော . . အခြေအနေ

တစ်ကိုယ်တည်း ကြပ်တည်း မွန်းသိပ်နေရပြီကို၊ နှစ်ဖ

လူတို့ မသိမြင်။ အောင်နိုင်လိုသူများက,လည်း၊ ချေ့တိုးဆေ

ရွက်ရန်၊ ခြေလှမ်းမတွန့်။ လက်မရွံ့။ အားမနာ။ မထောက်ထာ

ညှာတာမှုများ ပါးလျားလေသည့်ပမာ။

ကျွန်တော့်မှာ . .

မုဆိုးတို့ လည်းကောင်း၊ သားကောင်ကို လည်းကောင်း၊ သိမြင်

ရပါလျက်၊ ခြေသံမကြွ၊ လေသံမဟဘဲ၊ မရဲတရဲသာ . . ပွဲကြည့်

ရသည်။

ကိုယ်တိုင်ဝင်၍ အသေခံပေးမည် ဆိုဦးတော့။

မုဆိုးသည်၊ သူ အလိုရှိသည့် သားကောင်ကိုသာ၊ သဲသဲမဲမဲ ချိန်ရွယ်

နေသော မုဆိုးမျိုး။





"လက်သွက် ခြေသွက် မရှိပေမဲ့ အာသွက် လျှာသွက်တော့

ရှိတယ်ဟ" . . ဟု၊ နော်ဇာဝတ်ရည်က မဲ့ကာရွဲ့ကာ ပြောသည်။

"အာသွက်လျှာသွက် ဆိုတာ၊ ဘာကို ပြော

တာလဲ"

ကျွန်တော် မေးပြီး သံလွင်ငြိမ်း ထွက်သွားရာ၊ အပန်းဖြေ

ဆောင်ဘက်သို့ တစ်ချက်ကြည့်ဖြစ်သေးသည်။ နော်ဇာဝတ်ရည်က

ကျွန်တော့်ကို လည်းကောင်း၊ ဇော်သန်းနှင့် ကိုကိုမင်းတို့ကို လည်း

ကောင်း၊ နွယ်နွယ်ဦးနှင့် ဝေဝေဦးတို့ကို လည်းကောင်း၊ သံလွင်

ငြိမ်းနှင့် ဟိုသည် သွားလာခဲ့ပုံများကို။ ပြောပြလိုပေလိမ့်မည်။

ဤသည်ကို ရိပ်စားမိသော ဇော်သန်းက, "အာ-စီ နောက်

က ဆိုင်တန်းမှာ ကဗျာစာအုပ်အသစ်တွေ တင်ထားတယ်" . .

ဟု၊ စကားစသည်။ "မောင် . . တစ်အုပ်လောက် သွားဝယ်ပေးပါ

လား" . . ဟု၊ နော်ဇာဝတ်ရည်က၊ မျက်နှာလေး စောင်းငဲ့ကာ၊

ကြင်နာစွာ စေခိုင်း၏။ ဖုန်တထောင်းထောင်းထ,သည် အထိ၊

ပြေးလွှားတတ်သော နွားလားဥသဘ တစ်ကောင်ပမာ၊ သံလွင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းပြင်သည်။ ခွာရှိန်မြင့်သည်။

"ဟိုသွား၊ ဒီသွား၊ တစ်လ,လောက်ရှိပြီ
မောင်လို့ ခေါ်တာ မခေါ်ပါနဲ့ ဘာနဲ့ မတားဘူး
သူ မမှတ်မိဘူး ဆိုတာတော့ ဝန်ခံတယ်
နင့်ကို မေးကြည့်သေးတယ် . . တဲ့။ နင်က . .
ဟုတ်တယ်လို့ ပြောလို့ သူ ယုံလိုက်တာတဲ့"

"အဲဒါနဲ့၊ အာသွက်လျှာသွက် ဆိုတာနဲ့ ဘာဆိုင်လို့လဲ"
. . ဟု၊ စကား အခွင့်ရစဉ်၊ ကျွန်တော် ဝင်ထောက်လိုက်သည်။

"အာသွက်လျှာသွက် ဆိုတာ၊ သူ . . စကား
များတာကို ပြောတာမဟုတ်ဘူးဟဲ့။ အမေးအဖြေ
ထူတာကို ပြောတာ"

"ဘာတွေ မေးလို့လဲ"




(ချစ်းရှုးစ)


"ဘယ်တုန်းက, ချစ်သူ ဖြစ်တာလဲ . . တဲ့။
မေ့နေတဲ့ အတွက် စိတ်ဆိုးချင် ဆိုးပါ . . တဲ့။
ဒါပေမဲ့ . . ချစ်သူ စ,ဖြစ်တဲ့နေ့ကိုတော့ မှတ်ထား
ချင်လို့ပါ . . တဲ့"

"နင် . . ဘယ်လို ဖြေလိုက်လဲ" . . ဟု၊ နွယ်နွယ်ဦး ဝင်မေးသည်။

"အေး။ အဲဒါ ငါ ပြောမယ်။ နင်တို့နဲ့
စကားစပ်လို့ မေးရင်, ပြောရင်၊ မညီမှာ စိုးလို့၊
ငါ . . အခု တစ်ခါတည်း အသိပေးထားတယ်
နော်။

အထူးသဖြင့်, မြင့်မြတ်။ နင့် စကားဆို
သူက . . အသေယုံတာ။ နင် . . ပိုမှတ်ထားပေး။

လွန်ခဲ့တဲ့ လေးလ, လောက်က၊ သူနဲ့ ငါနဲ့
ရည်းစားဖြစ်တာလို့၊ ငါ . . ပြောထားတယ်"

"မင်း ယောက်ဖ မေးရင်၊ မင်း သေသေချာချာ ဖြေအုံး



www.burmeseclassic.com

www.burmeseclassic.com



နော် မြင့်မြတ်။ တော်ကြာ စကားလွဲနေအုံးမယ်" . . ဟု ဇော်သန်း လှမ်းပြောသည်။

ကျွန်တော် ပါးစပ်ထဲတွေ့ရာ ဝေါဟာရဆိုးဖြင့် တုံ့ပြန် လိုက်သည်။ ထိုအခါ ဇော်သန်း ရယ်နေ၏။

"ကဲ . . ရန်ဖြစ်အုံးမယ်" . . ဟု ဝေဝေဦး ဝင်တားသည်။

ကျွန်တော်က . . ,

"ငါ . . မင်းတို့ ပြဿနာထဲကို ပါချင်လို့ ပါနေတာ မဟုတ်ဘူးနော်။

မင်းတို့ လူတစ်ယောက်ကို လျော့တွက် လွန်းလို့၊ ငါ . . ဝင်ပါဖြစ်တာ ။ အမှန်အတိုင်း ပြောပြချင်နေတာ၊ ငါ့မှာ . . ပါးစပ်ကို ယားနေပြီ

"နင် . . အဲဒီလိုတော့၊ အကျင့်မယုတ်နဲ့ ငါ . . စကားတွေ၊ အမူအယာတွေ ကျုံပြီးနေပြီ နော်။

နင်ပြောလိုက်လို့၊ သံလွင် စိတ်ဆိုးသွားတာ





ကိစ္စ မရှိဘူး။ ငါ့ကို . . ပေါ့ပျက်သူလို့ . . လို့တော့ အထင်မခံနိုင်ဘူး"

ဇော်သန်းက . .

"မင်း . . ပွဲဖျက်ချင် ဖျက်လိုက်လေ။ ဒီကောင့် သမာဓိကို၊ မင်း မယုံကြည်ရင်ပေါ့။

နောက်မှ ခင်တဲ့သူကို၊ မင်း သည်းသည်း လှုပ်နေတာကို၊ ငါ . . မကျေနပ်တာ မြင့်မြတ်။

အဲဒါကြောင့် . . ,

နော်ဇာ့ အစီအစဉ်ကို၊ ငါ . . ဇွတ်ကြီးကို ဖန်တီး အားပေးနေတာ"

ရန်ငွေ့ သဲ့သဲ့ပါသော လေပြည်စကား။

နော်ဇာဝတ်ရည်က . . ,

"မိန်းကလေးတွေကို၊ အရောမဝင်ခဲ့ဘူး ဆိုပေမဲ့၊ ငါ့ကို သူ . . ဘာဖြစ်လို့ အကြောက် အကန် မငြင်းတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အလကား။ သက်သက်မဲ့ . . မျှော်နေတာ နေမှာပါ။ မိန်းကလေးက,စလို့ သူ . . ပါရသည့် မျိုးလေ"

"မဟုတ်ဘူး နော်ဇာ။ သူ အဲဒီလို လူမျိုး မဟုတ်ဘူး"

ဇော်သန်းက . .

"မဟုတ်ဘူး . . လို့ မင်း ယုံကြည်နေရင် မင်း ဘာကို စိုးရိမ်နေတာလဲ"

"ငါ . . စိုးရိမ်နေတာ အများကြီးပဲ . . ဇော်သန်း။ လူမှုရေးအရ သူ . . သိသွားလို့ ငါနဲ့ အထင်လွဲမှာလည်း၊ ငါ . . စိုးရိမ်တယ်။

အစိုးရိမ်ဆုံးက၊ သူ့ ကျန်းမာရေးပဲ။ သူ . . တကယ် မေ့နေတာဆို ဘယ်လိုလုပ်မလဲ"





"အေးလေ။ အဲဒီ မေ့နေတာလေးကြောင့် အခု ကိစ္စ ဖြစ်တာပေါ့။ မင်းက,လည်း"

"မဟုတ်ဘူး။ ငါ ပြောတာက၊ တကယ် အတိတ်မေ့နေတာမျိုး။ အတိတ်ကို လုံးလုံးမေ့နေ တာမျိုး ဖြစ်နေသလား။ ငါ စိုးရိမ်တာ။ အခု နောက်ပိုင်း၊ သူ . . ပိန်သွားတယ်။ ပြီးတော့ . . အရင်က,ထက် ငြိမ်သွားတယ်"

"ရည်းစားရလို့ ခြေငြိမ်သွားတာမျိုး ဖြစ်မှာပါ" . . ဟု ကိုကိုမင်း ဝင်ပြောသည်။

ဝေဝေဦးက . . ,

"တကယ် အတိတ်မေ့နေတာဆိုရင်၊ ငါတို့ ကို၊ ဘယ် မှတ်မိပါ့မလဲဟ။ တချို့က ကိစ္စလေးတွေ လောက်ပဲ မေ့နေတာ နေမှာပါ"

"ဘာပဲဖြစ်ဖြစ်ဟာ။ ငါ . . နင့်ကို တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



မေးချင်တယ် . . နော်ဇာ"

"မေး"

"ဒီကိစ္စ။ ဘယ်တော့ ပွဲပြီးမှာလဲ"

နော်ဇာဝတ်ရည်က . . လိပ်ပြာတစ်ကောင် ပျံ့ဝဲသော အမူအယာဖြင့် -

"သူ့ ဘဝမှာ၊ ငါမှ ငါပါဆိုတဲ့ အချိန် ပွဲပြီးပြီ အဲဒီအခါကျရင်၊ ငါ ပြောပြလိုက်မှာပေါ့။ သူငယ်ချင်းတွေက . . ရှင့်ကို ဝိုင်းပြီး ကျီစယ်ကြ တာပါ . . လို့"

"သူ . . ထိခိုက်သွားရင် . . . . . ."

"ဟဲ့ . . ထိခိုက်ပြီ။ ဆိုကတည်းက၊ မခိုင်မာ လို့ပေါ့"





"ကျန်းမာရေးကို၊ အဓိကထားပြီး ငါ . . မေးနေတာ"

"ရော် . . ခက်ပြီ။ ဆရာဝန်က ဘာမှ မဖြစ်ပါဘူး . . လို့၊ ပြောထားတဲ့ဟာပဲ"

"ငါ . . သူ့ကို၊ ချက်(က) လုပ်ကြည့်ချင် တယ်"

"မုန့်လုံးကို စက္ကူကပ်နေပြန်ပြီ" . . ဟု၊ ဇော်သန်း ပြော၏။ "ဟဲ့ . . ဟိုမှာ၊ လာနေပြီ" . . ဟု နွယ်နွယ်ဦး ပြောသည်။ အပန်းဖြေဆောင်ဘက်မှ၊ ကျွန်တော်တို့ . . ထိုင်နေရာ ကော်ပင်တန်းအောက်သို့၊ သံလွင်ငြိမ်း လျှောက်လာသည်။

နော်ဇာဝတ်ရည်က . .

"ဟဲ့။ မြင့်မြတ်။ လေးလနော်။ လေးလ" ကျွန်တော် ခေါင်းလှုပ်ရုံသာ၊ သိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေအဝှေ့တွင်၊ ယိမ်းလှုပ်လေ့ရှိသော . . တညီတ
ကုံကော်ရွက်တို့လောက်ပင်၊ ကျွန်တော့်မှာ၊ လှုပ်ယိမ်းနိုင်စွမ်း

ကြွက်တွင်းထဲသို့၊ တစ်ကိုယ်လုံး ခေါင်းစိုက် တိုးဝင်
သည့် . . ပမာ။



(၁၃)

သို့ /

မောင်

မှတ်မှတ်ရရ
နော်ဇာ

သံလွင်ငြိမ်း ထုတ်ပြသော နော်ဇာဝတ်ရည်၏ ဓာတ်ပုံ တို့ လည်းကောင်း၊ ဓာတ်ပုံ နောက်ကျောမှ စာဝါကျတို့ကို လည်း ကောင်း၊ ကြည့်မြင်ဖတ်ရှုပြီးသည်နှင့် အံ့သြဟန်မပြဖြစ်အောင် ကျွန်တော် နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း လက်ထဲ ဘယ်လိုရောက်နေတာလဲ" ..
ကျွန်တော် မမေး။ ဘာကိုမှ မသိသူကဲ့သို့လည်း ကျွန်တော် …
သူ .. ဘာပြောချင်တာလဲ ဆိုသည်ကိုသာ၊ မသိမသာ စောင့်…
ရချေ၏။

"နော်ဇာက ပြောတယ်။ မောင့်ကို ..
အမှတ်တရ ဓာတ်ပုံတစ်ပုံ ပေးထားတယ် ..
မယုံရင် အိမ်မှာ သေသေချာချာ ရှာကြည့် ..
မနေ့ညက၊ ငါ ရှာကြည့်လိုက်တာ၊ ငါ့ ..
စာကြည့် စားပွဲ အံဆွဲထဲက တွေ့တယ်။ ဒါ…
..., ဘယ်တုန်းက, ပေးထားတယ် ဆိုတာ …
မမှတ်မိဘူး ဖြစ်နေတယ်"

"မမှတ်မိရင်လည်း၊ အရမ်း မစဉ်း…
ကွာ။ ကျန်းမာရေး ထိခိုက်မယ်"

ပြောသင့်သည့် စကားများကိုသာ၊ နှုတ်က ပြောနေ…





…တာ, မှု ဓာတ်ပုံ ကိစ္စကို၊ စဉ်းစားနေမိ၏။ ဘယ်တုန်းကတည်း
…ဘယ်သူ ထည့်ထားတာလဲ .. ဟု၊ တွေးကြည့်သည်။ တိတိကျကျ
…နိုင်၍ မရသော်လည်း၊ သံလွင်မြိုင်မြေကို လာရောက် ပြုစုစဉ်က
…ယောက်ယောက်, ကြိုတင်ထည့်သွင်းထားခြင်း ဖြစ်ပေမည်။
စာကြည့် စားပွဲသည်၊ သံလွင်မြိုင်မြေ၏ အိပ်ရာကုတင် အနီး
…သာ ရှိ၏။ အလွယ်တကူ ထည့်သွင်းသိုဝှက်၍ရသည့် နေရာ၊
…ကွာအဝေး။

"ငါ ... ဆရာဝန် ပြကြည့်ရင် ကောင်း
မလား"

"ကောင်းတယ်"

ကျွန်တော် .. လိုလိုလားလား ထောက်ခံလိုက်ခြင်းပင်
…သည်။

"ပြရင်တော့ အထူးကုနဲ့ ပြမှ ဖြစ်မယ်။
ငါ့ကိုယ်ငါ။ သိပ် ဘဝင်မကျတော့ဘူး။ တဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနဲ့၊ မမှတ်မိတာတွေ၊ ပို များလာတယ်။
ရင်မကောင်းဘူးကွ။

ဒါ . . ဟုတ်လား။ ဟိုဟာ . . ဟုတ်
မင်းကို မေးနေရတာလည်း၊ ငါ . . အားနာတ

နော်ဇာ့ကိစ္စလောက်က၊ အရေးမကြီး
ဒီ့ထက်အရေးကြီးတာမျိုးတွေ၊ မမှတ်မိရင်၊ ငါ . .
ဒုက္ခရောက်လိမ့်မယ်”

“ဟော့ကောင်။ သံလွင်”

“ဘာလဲ။ မြင့်မြတ်”

“နော်ဇာ့ကိစ္စကို၊ အရေးမကြီးဘူး . .
မင်း ဘာဖြစ်လို့ ပြောတာလဲ”

“ဟုတ်တယ်လေ။ ရည်းစားသန့် ကိစ္စ
များသွားရင်တောင်၊ ပြန်ပြင်လို့ ရတယ်။ စာ



မှာ စာမှားပြီး ဖြေရင်၊ အပြင်ရောက်တာနဲ့ ပြန်
ပြင်လို့ မရတော့ဘူး”

“ယောက်ျားလေးမို့ မင်း . . ဒီစကားပြော
တာလား သံလွင်”

မှားသည် ဖြစ်စေ၊ မှန်သည် ဖြစ်စေ၊ အားနည်းသူ ဖြစ်စေ၊
သာသူ ဖြစ်စေ၊ ယောက်ျား တစ်ဦး၏ နှုတ်ဖျားမှ၊ မိန်းမသား
ဦးအပေါ်၊ တန်ဘိုး မထားသယောင် စကားအသုံးအနှုန်းမျိုး
တော့၊ မည်သူ့ကိုမျှ၊ ကျွန်တော် ပြောမထွက်စေလို။

“စိတ်ခံစားမှုကို၊ ငါ . . ဆိုလိုတာ မြင့်မြတ်။
စိတ်ထိခိုက်သွားရင်၊ အသည်းကွဲသွားရင်၊ ပြန်ပြင်
လို့ရတယ် . . လို့၊ ငါ . . ဆိုလိုတာ။

Physical ကို၊ ငါ . . မဆိုလိုဘူး။ ကျား-မ
ခွဲခြားပြီး၊ ငါ . . ပြောတာ မဟုတ်ဘူး။

ယောက်ျားလေးပဲ ဖြစ်ဖြစ်။ မိန်းကလေးပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်။ ချစ်မိလို့ မှားသွားရင်၊ ပြင်လိုက်ရုံ
စာမေးပွဲခန်းထဲမှာ၊ မှားဖြေလာပြီးရင်တော့၊ ပြ
ချင်ရင်၊ နောက်တစ်ကျော့ ပြန်စောင့်ရလိမ့်မယ်
အဲဒီတော့၊ စာမေးပွဲလို ကိစ္စမျိုးတွေမှာ ငါ မမှား
ချင်ဘူး။ တတ်နိုင်ရင် . . ရည်းစားကိစ္စလည်း
ငါ . . မမှားချင်ဘူး။ မှားသွားလည်း ငါ့အတွက်
တော့၊ အရေးမကြီးဘူး။ အမြန်ပြင်လိုက်ရုံပဲ"

"နော်ဇာ့ကို၊ မင်း တန်ဖိုးမထားတာလား
သံလွင်"

"မင်း မေးတာကို၊ ငါ . . နားမရှင်းဘူး
မြင့်မြတ်"

"ဒီလိုကွာ။ ရည်းစားထားတယ်။ အကြောင်း
ကြောင်းကြောင့်၊ ပြတ်သွားကြမယ်။ ဘယ်သူ
နစ်နာမယ် ထင်လဲ"





"စိတ်ခံစားမှုမှာ မူတည်တယ်။
ဘယ်သူ ဘယ်ဝါ၊ ပိုနစ်နာတယ်ဆိုတာမျိုး၊ မရှိဘူး။
ပိုခံစားရတဲ့သူက၊ ပို နစ်နာမှာပဲ။
လူမှုဗေဒမှာတော့၊ မိန်းကလေး နစ်နာမှာ
ပေါ့။ ပြောကြ၊ဆိုကြ၊ ကဲ့ရဲ့ကြ။ ဒီကြားထဲ နှုတ်
မစောင့်စည်းတဲ့သူနဲ့ ရည်းစားဖြစ်ရင်၊ ပိုဆိုးရော"

"အေး။ ငါ မေးချင်တာ။ အဲဒါ။
မင်းနဲ့၊ နော်ဇာနဲ့၊ တစ်ခုခုကြောင့် ခွဲခွာရပြီ ဆို
ပါတော့။
အဲဒါကို အရေးမကြီးဘူး . . လို့၊ မင်း
ပြောမလား"

သံလွင်ငြိမ်းက-
"ငါ့ အတွက်၊ အရေးမကြီးဘူး။
လူမှုရေး အရ၊ သူ . . နစ်နာချင် နစ်နာမယ်။
စိတ်ပိုင်းဆိုင်ရာ၊ ထိခိုက်ချင် ထိခိုက်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . ,

တခြားကိစ္စနဲ့တော့၊ သူ . . နစ်နာမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့။ ဘယ်သွားသွား ဘယ်လာလာ။ ငါ စောင့်စည်းနိုင်လို့ပဲ။ လမ်းခွဲခဲ့ ရင်တောင်၊ နှုတ်ကိုပါ စောင့်စည်းရမှာပေါ့။ မဟုတ်ဘူးလား"

"မင်းက ရဟန္တာလား"

"လူ့လောကမှာ ကောင်းကောင်းမွန်မွန် နေထိုင်ဖို့၊ ရဟန္တာဖြစ်မှ နေနိုင်တာ မဟုတ်ပါဘူး ကွာ။

ကြားဖူးနားဝ၊ ဆိုဆုံးမ, စကားတစ်ခွန်း နှစ်ခွန်းလောက်ကို၊ ထဲထဲဝင်ဝင် လိုက်နာလိုက်





တာနဲ့ နေထိုင်နိုင်ပါတယ်"

"မင်း . . ဘယ်လိုနေသလဲ . . ပြော"

ကျွန်တော် စိတ်ဝင်တစား မေးသည်။

"စာရေးဆရာ ငြိမ်းကျော်ရဲ့ ဝတ္ထုစာအုပ်၊ တစ်အုပ်ထဲမှာ၊ ငါ . . ဖတ်ဖူးတယ်။

ပွဲနေပွဲထိုင်၊ ဝတ်ရမယ့် အဝတ်အစားကို ထ,သွား ထ,လာ မဝတ်မိစေနဲ့ . . တဲ့။

မင်္ဂလာဦး ညရဲ့ ရင့်ခုန်သံကို၊ မင်္ဂလာဦး မရောက်ခင် စပ်ကြား၊ ဘယ်နေရာ ဘယ်ကာလ မှာမှ အသုံးမပြုမိစေနဲ့ . . ဆိုတဲ့ အဓိပ္ပါယ်ပေါ့ ကွာ။

အဲဒါကြောင့် . . ,

ငါ ချစ်သူ၊ နော်ဇာဝတ်ရည်၊ နစ်နာစရာ မရှိပါ ဘူး"

ကျွန်တော် . . , သံလွင်ငြိမ်းကို၊ လက်ဆွဲ နှုတ်ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သံလွင်ငြိမ်းက . . .

"မင်းက၊ ဘာကို စိုးရိမ်နေတာလဲ"

"ငါ . . စိုးရိမ်နေတာ အများကြီးပဲကွ။ မင်း . . ယောကျ်ားကောင်း မပီသ,မှာကိုလည်း ငါ . . အရမ်းစိုးရိမ်တယ်"

"ငါက . . မင်း, အရမ်းစိုးရိမ်နေမှာထဲ စိုးရိမ်တယ်။ ငါ့ကို အရမ်း မစိုးရိမ်ပါနဲ့ကွာ။ ငါ . . သတိမလွတ်အောင် နေပါ့မယ်။ မှတ်မိနိုင်တာတွေ မှတ်မိသလို၊ မမှတ်မိနိုင်တဲ့ ကိစ္စမျိုးတွေ အတွက်တော့၊ မင်းကိုပဲ ငါ . . အားကိုးရမှာပေါ့။ မဟုတ်ဘူးလား"

"အေး . . ။ ဟုတ်တယ်"





"စာမေးပွဲပြီးရင်၊ ငါ . . ဆရာဝန်နဲ့ စစ်ကြည့်ချင်တယ်"

"စာကျက်ရတာကော၊ မင်း အဆင်ပြေရဲ့လား"

"အင်း . . ပြေပါတယ်။ ဘာဘာညာညာတွေတော့၊ တကူးတက၊ ပြန်မစဉ်းစားချင်ဘူး။ စဉ်းစားလိုက်လို့၊ အဖြေမထွက်ရင်၊ ခေါင်းပို့ရှုပ်လာတယ်။ ခေါင်းမရှုပ်အောင် နေတယ်ပေါ့ကွာ"

ပြောပြီး၊ နော်ဇာဝတီရည် ဓာတ်ပုံကို၊ ခေါင်းအုံးအောက်သို့ သံလွင်ငြိမ်း ထိုးညှပ်လိုက်သည်။

ခပ်လှမ်းလှမ်းတွင်၊ ကြည့်မှန်တစ်ချပ် ရှိလေသည်။

ကျွန်တော် . . မှန်မကြည့်ရဲသေး။



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"မိန်းကလေးတန်မဲ့နဲ့၊ နင် . . အခုလို လုပ်နေတာ၊ နင့်ရဲ့ ဣန္ဒြေ သိက္ခာကို ထိခိုက်မှာ၊ နင် မစိုးရိမ်ဘူးလား"

ကျွန်တော့်မှာ၊ ဤကိစ္စ မရပ်မချင်း၊ စားမဝင်, အိပ်မပျော်။ နေမထိ၊ ထိုင်မသာ။ စိုးစိုးရိမ်ရိမ်၊ ထိတ်ထိတ်လန့်လန့်။

"ငါ . . မစိုးရိမ်ဘူး မြင့်မြတ်။ ဘာဖြစ်လို့လဲ ဆိုတော့၊ သံလွင်ငြိမ်းက, အခွင့်အရေး မယူတတ်တဲ့သူ မို့လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို သိလျက်နဲ့ နင် . . သူ့ကို ဘာ
ဖြစ်လို့ လှည့်စားနေအုံးမှာလဲဟာ"

"မိန်းကလေးတွေကို၊ အရောမဝင်တာ
မိန်းကလေးတွေအပေါ် မောက်မာတာ၊ ဘာ
ကြောင့်လဲ ဆိုတာ၊ ငါ သိချင်တယ်"

"သိချင်ရင် ပွင့်ပွင့်လင်းလင်း မေးလိုက်
ပေါ့။ ဘာကြောင့်၊ ကိုယ်တိုင် ပါဝင် ရိုက်ကူး
ရအုံးမှာလဲ"

"စကားစပ်တိုင်း မေးတယ်။ ခေါင်းပဲ
တယ်။ အဲဒါကို ငါ အသည်းယားတာ။

မိန်းကလေးတွေ အပေါ် မောက်မာ
သူက၊ ငါ့ အပေါ် ဘယ်လို တိမ်းညွတ်မလဲ ဆို
လောက်တော့၊ ငါ သိချင်တာပေါ့။

အဲဒါ . . မိန်းမ မာနကြောင့်လည်း ဖြစ်





တယ်။ သံလွင်ငြိမ်း နေရာမှာ၊ တခြားသူ တစ်
ယောက်ယောက် ဆိုရင်တော့၊ ငါ . . ဒီလို ဘယ်
လုပ်ရဲပါ့မလဲ။

သူ . . စင်ကြယ်တာကို၊ ငါ သိလို့၊ ရဲရဲဝံ့ဝံ့
သရုပ်ဆောင်နိုင်တာပေါ့"

ကျွန်တော်၊ နော်ဇာဝတ်ရည်ကို၊ နှာခေါင်းတွန့်ကာ . .
ကြည့်ပြီး . .

"အဆိပ်မရှိတဲ့ မြွေမှန်းသိလို့ . .,
မြွေအလှမ်ုယ် လုပ်ရဲတာမျိုးပဲ"

"ဒါပေါ့။ ငါက၊ မိန်းကလေးလေ။ ကျားမြီး
တော့ ဘယ်ဆွဲပါ့မလဲ။

နင်တို့ . . ဖော်သန်းတို့လည်း၊ မျက်ခြေ
မပြတ် ရှိနေကြတာပဲ။ ငါ . . ဘာမလုပ်ရဲစရာ
ရှိမှာလဲ။

နင် . . အရမ်းတွေ၊ စိုးရိမ်မနေပါနဲ့ . .,



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်ရယ်။ ဟေးလားဟားလားနဲ့၊ ပြီးသွား
မှာပါ"

"လူတစ်ယောက်ကို၊ ချစ်သူအဖြစ် အသ
သွင်းပြီး၊ လှည့်စားတဲ့ ကိစ္စကို၊ ဟေးလားဟားလား
ကိစ္စလို့၊ နင် ပြောရက်သလား . . နော်ဇာ"

နော်ဇာဝတ်ရည်က . .

"လူဆိုတာ၊ ကိုယ့်ကိုကိုယ် အထင်ကြီးတတ်
ကြတာပဲ။ ကိုယ့်ကိုကိုယ်၊ အထင်ကြီးတဲ့ စိတ်
ပြောရရင်၊ သံလွင်ငြိမ်း ငါ့အပေါ် တိမ်းညွှ
လိမ့်မယ် ထင်တယ်။

အဲဒီလို တိမ်းညွှတ်ပြီ ဆိုရင်တော့၊ ငါ
နောက်တာပါ ပြောင်တာပါ . . လို့၊ ဟေးလား
ဟားလား လုပ်ပစ်လိုက်မှ၊ သူ . . ခံစားရ သ
သာမယ်လေ"





"မတိမ်းညွှတ်ဘူး ဆိုရင်ကော"

"နင်ဂုက, လည်း၊ နင့် လူကို၊ တော်တော်
အထင်ကြီးတာပဲ"

"ငါ . . မေးတာသာ ဖြေပါ"

"မတိမ်းညွှတ်ဘူး ဆိုရင်လည်း၊ အမှန်
အတိုင်း ပြောပြပြီး၊ လေးစားစိတ် ပို့ထားလိုက်
မှာပေါ့။ လေးစားတာကိုတော့၊ ဟေးလားဟား
လား လုပ်မပစ်ဘူး။ စိတ်ချ"

"ငါ . . ခေါင်းတွေ ရှုပ်နေပြီနော်။ နော်ဇာ"

"အရာရာကို၊ ပါးပါးလေး ခံစားစမ်းပါ
ဟယ် . . ။ မဖြစ်သေးတာကို၊ ဘယ်တော့မှ ကြို
မတွေးနဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကြိုတွေးချင်ရင်လည်း၊ ကောင်းတာတွေ

တွေပဲ၊ ကြိုတွေးစမ်းပါ။

မကောင်းတာကို ကြိုတွေးနေရင်၊ မဖြစ်ခင်

လည်း ခံစားရတယ်။ ဖြစ်လာခဲ့ရင်လည်း ခံစား

ရတယ်။ အဲဒီတော့, နှစ်ခါ ခံစားရတာပေါ့။

ခံစားရမယ့် အတူတူ၊ ကောင်းတာတွေ

တွေပဲ၊ ငါက,တော့ ကြိုတွေးတယ်"

"ကဲ . . နင့်အတွေးလေးတွေ၊ ပြောပြစမ်း

ပါအုံး"

နော်ဇာဝတ်ရည်က၊ မျက်လုံးလေးကို လှည့်ပတ်တွေးတော

ဟန်ပြုလျက် -

"ဩော်။ နင့် သံလွင်ငြိမ်းက, ငါ့ကို တမ်း

တမ်းစွဲ ဖြစ်သွားတယ်။

ငါက . . အချစ်ကို စိတ်မဝင်စားပါဘူးရှင်

ရှင့်ကို ကျီစားရုံတွင်ပါလို့ ပြောပြီး ဖြေသိမ့်၊





ကမ္ဘာပေါ်မှာ။ ဘယ် မိန်းမ,မှ ကျွန်တော်

စိတ်မဝင်စားပါဘူး။ မနော်ဇာဝတ်ရည် တစ်

ယောက်တည်းကိုပဲ၊ ကျွန်တော် စိတ်ဝင်စားတာ

ပါဗျာ . . လို့၊ သံလွင်ငြိမ်းက၊ တဖွဖွပြော။

ငါ . . နားတွေငြီး . . . ။ အဲဒါမျိုးပေါ့။

အဲဒါတွေပဲ၊ ကြိုတွေးတာပေါ့။ တခြား စိတ်ရှုပ်

စရာ ဘာမှ မတွေးထားဘူး"

ကျွန်တော် ခေါင်းကို၊ တဗျင်းဗျင်း ကုတ်မိသည်။

နော်ဇာဝတ်ရည်၊ ရယ်မောနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

နော်ဇာဝတ်ရည်၏ ရယ်မောသံကို သံလွင်ငြိမ်း အနေဖြင့် ညည်သို့ နာပျော် ခံစားလေသည် မသိ။ ကျွန်တော့် အနေဖြင့်မူ၊ နော်ဇာဝတ်ရည်၏ ရယ်မောသံသည်၊ မရဏ ဓားစက်လည်သံ။ သျှင်လှုပ်သံ။ မိုးခြိမ်းသံ။

"မောင်က၊ နော်ဇာ့အတွက်၊ တော်တော် လေး စိုးရိမ်နေတာတ်ပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး၊ ငယ်ကျွန်တော် တစ်ယောက်၏ အမှုထမ်း
မှုအပေါ်၊ ရွှေသဘောတော်ကျကာ၊ ဟက်ဟက်ပက်ပက် ရယ်
နေသော ဘုရင်မ,တစ်ပါးကဲ့သို့၊ နော်ဇာဝတ်ရည် ရယ်မော
ခြင်းဖြစ်သည်။

"အရမ်းစိုးရိမ်တာ" . . ဟု၊ သံလွင်ငြိမ်းက၊ မပွင့်တ
လေသံလေးဖြင့်၊ တင်လျှောက် ပြောပြနေသေးသည်။

ဤအစီအစဉ်သည်လည်း၊ လုပ်ကြံ ဇာတ်လမ်း။
ဤဇာတ်ဝင်ခန်းသည်လည်း၊ မာယာ ဇာတ်ကျော။





"ငါ ကျောင်းနှစ်ရက်လောက်မတက်ဘဲ
နေကြည့်မယ်။ သံလွင်ငြိမ်း ဘယ်လိုနေသလဲ
ဆိုတာ သိချင်လို့။

နေမကောင်းဘူး ထင်တယ် . . လို့တော့
နင်ပြောနော် . . မြင့်မြတ်"

"ငါ . . မပြောနိုင်ဘူး နော်ဇာ" . . ဟု၊ ကျွန်တော် . .
ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။

ကျွန်တော့်ကို စည်းရုံး၍မရသည့် အခါ၊ နောက်ဆုံးတော့
ဆိုသန်းကိုသာ၊ သူ . . တာဝန်ပေးလေတော့သည်။

ကျွန်တော် ထင်ထားသည့် အတိုင်းပင်။
နော်ဇာဝတ်ရည် ကျောင်းပျက်ရက် နှစ်ရက်မြောက်သည့်အခါ၊
သံလွင်ငြိမ်း ဂနာမငြိမ်တော့ချေ။

"လုပ်စမ်းပါ မြင့်မြတ်ရာ။
သူ့အိမ်ကို၊ ငါ တစ်ခါမှ မရောက်ဘူးလို့ပါ၊ မင်း
လိုက်ခဲ့ပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ချင်ဘူးကွာ။

မင်း ဘာသာ သွားပါလား။ ဒါမှမဟုတ် ဖုန်းဆက် ကြည့်ပါလား"

"ဆက်တယ်။ ဖုန်းမကိုင်ဘူး။ သူ တစ်ခု ဖြစ်နေပြီ ထင်တယ်"

"တစ်ခုခုဖြစ်ရင်၊ သတင်းကြားမှာပေါ့ကွာ ကျောင်းထွက်သွားတာမှ မဟုတ်တာ။ ကျောင်း ပျက်တာပဲ။ မနက်ဖြန်, သန်ဘက်၊ တက်ချင်တက် မှာပေါ့"

"မနက်ဖြန်အထိ၊ ငါ မစောင့်နိုင်ဘူး .. မြင့်မြတ်"

မျက်နှာကို လက်ဝါးဖြင့် ဖြောင်းကနဲရှုနအောင် ရိုက် လိုက်ချင်တော့သည်။





နောက်ဆုံးတော့၊ နော်ဇာဝတ်ရည်၏ ဇာတ်ဝင်ထဲသို့ သံလွင်ငြိမ်း ရောက်သွားရတော့သည်။

ကျွန်တော်ကို မေး၍မရ၊ ခေါ်၍မလိုက်သည့်အခါ၊ ဇော်သန်းတို့ကို၊ သူ . . အားကိုးရတော့သည်။ ထိုအခါ . . "နေမကောင်း ဖြစ်နေတယ် ထင်တယ်" . . ဟူသော၊ ထင်မြင်ချက်သည်၊ နွယ်နွယ် ဦး၏ နှုတ်ဖျား၊ ဝေဝေဦး၏ ပါးစပ်၊ ဇော်သန်း၏ စကား၊ ကိုကိုမင်း ထောက်ခံချက်တို့ကြောင့်၊ ပို၍ သက်ဝင် မြည်ဟည်းသွားလေ၏။

ထို့ကြောင့်,

နော်ဇာဝတ်ရည်၏ အိမ်သို့၊ လူစုံတက်စုံ ရောက်လာကြရတော့ သည်။ ဖြစ်နိုင်လျှင် ကျွန်တော် မလိုက်ချင်။ သို့သော် . . ကျွန်တော် စိတ်မချ။ သို့ဖြင့် . . နော်ဇာဝတ်ရည်၏ မာယာ ဇာတ်ကွက်၊ လှည့်စားမှု အခမ်းအနားအတွင်းသို့၊ ကျွန်တော်လည်း . . သိသိ နှင့် လိုက်ပါခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"နင်က . . ရယ်နေ။ ဒီမှာ . . ဒီကောင်
စိုးရိမ်လို့ သေတော့မယ်"

ဇော်သန်း၏ အပို့ အချွန်။

နော်ဇာဝတ်ရည်က,

"ကဲ . . မစိုးရိမ်ပါနဲ့၊ မောင်ရယ်။
နော်ဇာ ဘာမှ မဖြစ်ဘူး။

နော်ဇာက ကျောင်းမတက်ရင်။ ဒါမှမဟုတ်
တစ်ခုခုဖြစ်ရင်၊ မောင် ဘာလုပ်မလဲ သိချင်လို့
အိမ်မှာ နေ,နေတာ။

မေမေတောင်၊ အပြင်ခဏ သွားတယ်။
မေမေသာ အိမ်မှာ ရှိရင်၊ မောင်နဲ့ တစ်ခါတည်း
မိတ်ဆက်ပေးဖြစ်မှာ"

သံလွင်ငြိမ်း၏ ငြိမ်ကုတ်ကုတ် အနေအထိုင်ကို ကြည့်ကာ ကျွန်တော် စိုးရိမ်ဖြစ်ပြန်သည်။ အဘယ်ကြောင့် ဆိုသော . .





ကြည့်နေရင်း ကြည့်နေရင်းမှ ကျွန်တော် သိသော, ကျွန်တော် ခင်မင်သော သံလွင်ငြိမ်း ပျောက်ကွယ်နေပြီ . . ဟု၊ သိလာရခြင်း ကြောင့် ဖြစ်၏။ သူ ပြောသကဲ့သို့၊ စာမေးပွဲ ပြီးလျှင်၊ ဆရာဝန် တစ်ယောက်ယောက်နှင့်၊ ပြသ, ကုစားရပေဦးမည်။

"ပထမ တစ်ရက်၊ ကျောင်းမတက်တော့
နောက်ကျမယ် ထင်ပြီး၊ မောင် မျှော်နေတာ။
တစ်နေကုန်ပဲ။

ညဘက် . . ဖုန်းဆက်သေးတယ်။ ဖုန်းက
မြည်ပြီး၊ မကိုင်ဘူး"

"ဟုတ်လား။ ဖုန်းပျက်နေတယ် ထင်တယ်"

အမှန်က . . ,

ဖုန်းပလပ် ဖြုတ်ထားခြင်းသာ ဖြစ်ပေမည်။

"နောက် . . တစ်နေ့ကျတော့ မောင် . .



www.burmeseclassic.com

www.burmeseclassic.com



နေလို့ထိုင်လို့ မရတော့ဘူး။

ညဘက်လည်း၊ အိပ်မပျော်။

နေ့ခင်းဘက်လည်း၊ စားမဝင်။ အဲဒီလိုမျိုး — ဖြစ်တာ။

စိုးရိမ်တာရော။ မတွေ့ရလို့ တွေ့ချင်တာရော။ အဲဒါနဲ့ ဒီကို ရောက်လာတာ။ မောင့်ကို စိတ်မဆိုးပါနဲ့နော်"

"မဆိုးပါဘူး မောင်ရယ်။ စိတ်ဆိုးစရာမှ၊ မဟုတ်တာ။ ဒါ . . စိတ်ကျေနပ်စရာပါ"

ကျွန်တော့် နားနှစ်ဘက်သာ တံခါးရွက်များကဲ့သို့ အဖွင့်အပိတ်ပြုလုပ်နိုင်မည် ဆိုလျှင်၊ အဆိုပါ နားနှစ်ဘက်ကို ချက်ချပိတ်ကာ ထားချင်သည်။

နော်ဇာဝတ်ရည်သည်၊ မာယာရှင် မဟုတ်ပါဘဲလျက်၊ မာယာစကားများကို၊ ဟန်ပါပါ၊ တီတာစွာ ပြောတတ်နေလေပြီ။





မာယာမှုဟန်တို့ကို၊ ဟန်ချက်ညီညီ၊ ပီပြင်စွာ ယိမ်းကနေတတ်လေပြီ။

မကျွမ်းကျင်သော မာယာ အလုပ်ကို၊ ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ခြင်းကိုက၊ မိန်းမတို့၏ မွေးရာပါ အတတ်ပညာလေလား၊ ကျွန်တော် မပြောတတ်။

ကျွန်တော် ဖြစ်စေလိုသည်ကား . .၊ မာယာများလေ့ရှိသည်ဟု၊ ယူဆထားသော၊ မိန်းမတို့သည် ကွေ့ကောက်သော မြစ်ငင် ဖြစ်လင့်ကစား၊ ယောကျ်ားရင့်မာတို့သည်၊ ထို မြစ်ပြင်ပေါ်မှ တည်ကြည်စွာ ဖြတ်သန်းသွားလာနိုင်သည့်၊ လှေယာဉ် . . ရေယာဉ် ပမာ ဖြစ်သင့်သည်။

ယခုမူ . .

သံလွင်ငြိမ်းသည် ကောက်ကွေ့သော မြစ်အတွင်းသို့၊ လှိုင်းမထန် လေမလူးဘဲ၊ စုန်းစုန်းမြုပ်တော့မည့် ပမာ၊ ဖြစ်နေရှာ၏။

ကျွန်တော့် ထင်မြင်ချက်၊ ဆန္ဒအဟုန်တို့သည်၊ ထိုသူ ဤသူ ရှေ့၌၊ ရှုံးနိမ့်တော့မည်ကို၊ စိုးရိမ်ရခြင်းထက်၊ သံလွင်ငြိမ်း ရှုံးနိမ့်သွားမည်ကို၊ အမှန်တကယ် ကျွန်တော် မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



မြစ်များစွာသည် ကောက်ကွေ့ကြ၏။

လှေတချို့သည်၊ မြစ်အတွင်း၌ ရံခါတွင်၊ တိမ်းမှောက် နစ်မြုပ်တတ်ကြ၏။ မြစ်ကိုလည်း အပြစ်မတင်။ လှေကိုလည်း အပြစ်မဆို။ စိုးရိမ်မှုသာ ပိုလာသည်။



(၁၆)

"ငါ . . ပြတ်ပြတ်သားသား မေးနေတာ နော်ဇာ။ ဒီကိစ္စဟာ၊ ပြိုင်ပွဲတစ်ခုပဲ ဆိုပါတော့။

ပြိုင်ပွဲတိုင်းမှာ သတ်မှတ်ချိန် ရှိတယ်။ အဲဒီ သတ်မှတ်ချိန်ကို၊ ငါ သိချင်တယ်။ နင် . . ပြောတော့"

"မသိဘူးလေ". . ဟု၊ နော်ဇာဝတ်ရည် ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မသိလို့ မရဘူး။

နင် . . သတ်မှတ်ချိန် မပြောဘူး ဆိုရင်၊ ငါ . .

သံလွင်ငြိမ်းကို၊ အမှန်အတိုင်း၊ ပြောပြရလိမ့်မယ်"

နော်ဇာဝတ်ရည်က၊ ဖော်သန်းကို အားကိုးတကြီး ကြည့်သည်။

ဖော်သန်းက . . ,

"ဟုတ်တော့၊ ဟုတ်တယ်ဟ။ အခုအတိုင်းဆို၊ နင် . . လက်ရည်သာနေတာပဲ။ မကြာခင် နင် . . နိုင်တော့မှာ။ Date သတ်မှတ်ပေးလိုက်"

"ငါက . . ဘယ် Date ကို သတ်မှတ်ရမှာလဲ။ မသိဘူး။ ငါ နိုင်ချင်တာပဲ သိတယ်"

ကိုကိုမင်းက . . ,

"အဲဒီလိုတော့ မလုပ်နဲ့လေ။





ဘယ်နေ့ ဘယ်ရက်လောက်မှာ၊ သံလွင်ငြိမ်းက၊ နင့်ကို . . , မခွဲနိုင်တော့ပါဘူး။ အချစ်လေး . . ပစ်မပြေးပါနဲ့ ဆိုတာမျိုး ပြောရင်။ နင် . . အနိုင်ပေါ့။

အဲဒီလို ယိမ်းယိုင်လာလိမ့်မယ် . . လို့၊ နင့်ကိုယ်နင် ယုံကြည်ရင်၊ ဘယ်နေ့ ဘယ်ရက်အတွင်း ယိမ်းယိုင်လာစေရမယ် ဆိုတာမျိုးပေါ့"

ကျွန်တော်က . . ,

"ဟုတ်တယ်။ အခုတောင် သုံးလေးလ၊ ကျော်နေပြီ။

ဟိုကောင် သံလွင်ငြိမ်း မှုမှန်မဟုတ်တော့ဘူး။ နင်ထင်သလို၊ သေချာပေါက် ယိုင်နေပြီ။ အရမ်းကြာရင် မကောင်းဘူး။ နင်၊ အနိုင်ကျင့်သလို ဖြစ်လိမ့်မယ်"

"ငါ အနိုင်မကျင့်ပါဘူးနော်။ သူ့အလိုလို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာတာပါ"

"အေး။ ထားပါတော့။

နင် ဘယ်အချိန် အထိ၊ အဲဒီလို လုပ်နေမှာလဲ

နှင် ခန့်မှန်းထားတဲ့ အခြေအနေကို ရောက်

ဖို့ နောက်ထပ် ဘယ်နှစ်ရက် ဘယ်နှစ်လလောက်

လိုအုံးမယ်လို့ နင် ထင်လဲ"

"သိပ်မလိုတော့ပါဘူး"

သားကောင်ကို အမိအရ ချိန်ရွယ်ပြီးသော မုဆိုးတစ်ယောက်၏ အမူအယာဖြင့်၊ နော်ဇာဝတ်ရည် ပြောသည်။

"စာမေးပွဲ ဖြေဖို့ ဘယ်လောက်လိုသေးလဲ"

ကျွန်တော် မဆိုင်းမတွ ဖြေလိုက်သည်။

"တစ်လ"





" Final အပြီး။ Results ထွက်တဲ့နေ့ အတွင်းမှာ၊ သူ . . ငါ့ကို၊ လက်ထပ်ခွင့်တောင်းတာတို့၊ မခွဲနိုင် မခွာရက်ပါဘူးတို့ ပြောရင်၊ ငါ . . အနိုင်။

အဲဒီ့ရက်, ကျော်တဲ့ အထိ၊ ဘာမှ ထွေထွေ ထူးထူး မပြောဘဲ၊ အခုလို အတူသွား, အတူစား အခြေအနေမျိုးပဲ ရှိနေဦးမယ် ဆိုရင်၊ နင် အနိုင်။ နင် . . ကြိုက်သလိုလုပ်"

"ငါ . . ကြိုက်သလိုလုပ် . . လို့ မပြောနဲ့ လေ။ နင်နဲ့ငါ ပြိုင်နေတာမှ မဟုတ်တာ။

နင့်ဘာသာနင်၊ ပြိုင်နေတာ။ ငါက . . ပွဲကြည့်သူ"

"အေးပါ။ ကြိုက်သလိုလုပ် ဆိုတာက၊ သံလွင်ငြိမ်းကို၊ နင် . . အသိပေးလိုက်လို့ ရအောင် လို့၊ ပြောတာ။ အဲဒီ့အခါကျရင်၊ ငါ . . သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ဖို့ ဝန်မလေးဘူး"

"ပြီးရော" . . ဟု ပြောပြီး၊ ကျွန်တော် စကားဖြတ်လိုက်သည်။ စာမေးပွဲ မဖြေရသေးပါဘဲလျက်၊ အောင်စာရင်းထွက်မည့်ရက်ကို ကျွန်တော် ကြောက်ရွံ့စ, ပြုခဲ့သည်။





"မင်း နေမကောင်းဘူး . . လို့ ငါ ပြောလိုက်မယ်လေ" . . သံလွင်ငြိမ်းတို့၊ ကျွန်တော် ပြောသည်။

သံလွင်ငြိမ်းက . .

"မပြောပါနဲ့။ ငါ . . နောက်ကျရုံပဲ နောက်ကျမှာပါ"

"အေးလေ။ အခု . . ငါ, မင်းကို ကျောင်းသွားဖို့ ဝင်ခေါ်တယ်။ မင်း . . ကျောင်းနောက်ကျမယ်။ ဒါပေမဲ့ . . နော်ဇာဝတ်ရည်ကို တွေ့ရင်၊ မင်း . . နေမကောင်းလို့ ကျောင်းမတက်နိုင်ဘူးလို့ ပြောလိုက်မယ်။ သူ . . စိုးစိုးရိမ်ရိမ် ဖြစ်ပြီး၊ မင်းဆီကို လာ . . မလာ, စမ်းကြည့်ချင်လို့"

"ငါက . . တစ်ချိန်တည်း၊ နောက်ကျမှာပါ။ နောက်ပြီး . . လာတက်မှာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ။ အဲဒီ အချိန်ပိုင်းလေးအတွင်း
သူ . . မင်းအပေါ် ကြင်ကြင်နာနာ ရှိ . .
မင်း . . သိရအောင်၊ ငါ လုပ်မှာလေ။

တတ်နိုင်ရင် ဒီနေ့ တစ်နေ့လုံး၊ မနက်
တစ်နေ့လုံး။ ကျောင်းမတက်နဲ့။ ဘယ်လိုလဲ"

သံလွင်ငြိမ်း၊ ခေါင်းခါ၏။

"ဘာဖြစ်လို့ ခေါင်းခါတာလဲ သံလွင်၊
ဟိုး တစ်ပတ်တုန်းက၊ သူ . . မင်းကို အဲဒီလို
လုပ်ပြီး၊ သူ သိချင်တာကို သိအောင် လုပ်တာ

သံလွင်ငြိမ်းက၊ မဆိုင်းမတွ။

"ငါ . . မသိချင်ဘူး။ မကြင်နာဘူး၊
ရိမ်ဘူး ဆိုတဲ့ အဖြေ ထွက်လာမှာကိုလည်း
. . မလိုလားဘူး။ ချစ်သူကို၊ စိုးရိမ်စိတ်
အောင်၊ လုပ်ပြီးမှ၊ လိုချင်တဲ့ အဖြေ၊ သိချင်
အခြေအနေကို သိအောင်လုပ်တာမျိုးလည်း





. . မလိုလားဘူး။

မိနစ် . . စက္ကန့်ပိုင်းလောက်တောင်၊ ငါ့
ချစ်သူကို၊ ငါ့ အတွက်၊ မစိုးရိမ်စေချင်ဘူးကွာ"

"မင်းကိုကျတော့၊ သူ . . အဲဒီလို လုပ်တယ်
လေ။ သူ သိချင်တာ သိဖို့"

"သူက . . မိန်းကလေးကိုး"

"ဩော် . . ။ မိန်းမသားမို့ မင်းက . .
အလျှော့ပေးတာမျိုးပေါ့။ ဟုတ်လား"

"အလျှော့ပေးတာ မဟုတ်ဘူး။ အခွင့်ပေး
တာ။

ချစ်သူတစ်ယောက်ရဲ့ . . လုပ်ပိုင်ခွင့်ကို၊
ပေးတာ။ ပြီးတော့ . . ,
နော်ဇာက . . မိန်းကလေး။ မိန်းကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို၊ ဘက်ပြိုင်ရလောက်တဲ့ အထိ၊ ငါ့ စိတ်ထား မပျော့ညံ့ချင်ဘူး"

"မိန်းမဆိုးတစ်ယောက် ဆိုရင်ကော၊ မင်း ဘယ်လိုလုပ်မလဲ"

"ယောကျ်ားကောင်းတစ်ယောက်ရဲ့ . . အရည်အသွေးတွေ၊ သူ့ကို ပေးလိုက်မှာပေါ့။

ယောကျ်ားကောင်း တစ်ယောက်ရဲ့ မနှိမ်မဖြစ် အရည်အသွေးဆိုတာ သည်းခံခွင့်လွှတ်ခြင်းပဲ။

သူက . . ရွဲ့လို့ . . ကိုယ်က ရွဲ့။ သူက . . လှည့်လို့ ကိုယ်က . . လှည့် ဆိုတာမျိုး၊ ဘယ် မိန်းကလေးမျိုးကို မဆို၊ ဘယ်ယောကျ်ားလေးထံမှ မလုပ်သင့်ဘူး"

"နော်ဇာဝတီရည်ကို၊ မင်း . . ဒူးထောက်





လိုက်ပြီလား . . သံလွင်"

"သည်းခံခွင့်လွှတ်ခြင်းဆိုတာ၊ ဒူးထောက် အညံ့ခံခြင်း မဟုတ်ဘူး . . မြင့်မြတ်။

အေး . . .

ဒူးထောက်လိုက်တယ် ဆိုရင်တောင်။ ငါ . . အချစ် ကို၊ ဒူးထောက်လိုက်တာပဲ ဖြစ်မယ်"

"အဲဒီ အချစ်ဆိုတာကြီးကို ခုတုံးလုပ်ပြီး၊ မင်းကို ရိုက်ချိုးသွားမှာ၊ မင်း မကြောက်ဘူးလား"

"မိန်းမတစ်ယောက်၊ တစ်ခုခုလုပ်မှာကို ကြောက်နေတဲ့ သူဟာ၊ ပျော့ကွက် တစ်ခုခုရှိလို့ပဲ။ ငါ့မှာ . . ဘာပျော့ကွက်မှ မရှိဘူး"

"သေချာလို့လား သံလွင်ငြိမ်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"နော်ဇာဝတီရည် . . မင်းကို ခွဲသွားမှာ မင်း မကြောက်ဘူးလား"

"အဲဒါတော့၊ ကြောက်တာပေါ့"

"အေး . . အဲဒါ၊ မင်းရဲ့ ပျော့ကွက်ပဲ"

"သူ . . ငါ့ကို ခွဲသွားနိုင်လို့လား မြင့်မြတ်"

စိုးရိမ်တကြီး မျက်နှာ။

အထိတ်တလန့် မေးခွန်း။

"မင်းတို့က ချစ်သူတွေပဲ။ ချစ်သူ ဆိုတာ ကမ္ဘာပေါ်မှာ, အနီးဆုံး သူတွေလေ။ မင်းက . . အနီးဆုံးလူပဲ။ မင်း . . ဘာသာ လေ့လာပေါ့"





"အဲဒါတော့၊ ငါ မလေ့လာတတ်ဘူး" . . ဟု သံလွင်ငြိမ်း ပြောသည်။

သူ့မျက်နှာ . . ညိုးငယ်သွား၏။ ကျွန်တော့် ပါးစပ်ကို၊ ကျွန်တော် . . ပို၍ ဖိပိတ်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"ဟဲ့ . . .။ မြင့်မြတ်။ မောင် ဘယ်မှာ ကျန်ခဲ့လဲ"

အဓိပတိလမ်းနံဘေးတွင်၊ ရပ်ထားခဲ့သည့်၊ ကျွန်တော့် ဆိုင်ကယ်ကို ကြည့်ပြီး နော်ဇာဝတ်ရှည် မေးသည်။

"မောင်" . . ဟူသော၊ အခေါ်အဝေါ် အသုံးအနှုန်းကြောင့် အားလုံး၏ အကြည့်များ၊ နော်ဇာဝတ်ရှည်ထံသို့ စုပြုံသွားသည်။

"နင် ဘယ်သူ့ကို မေးတာလဲ နော်ဇာ"





"မောင့်ကို မေးတာလေ။ အဲ . . , သံလွင်ငြိမ်းကို မေးတာ"

ရယ်သံများ၊ စည်ညံသွားသည်။ ကျွန်တော် မရယ်ဖြစ်။

"ဘာရယ်ကြတာလဲ"

နွယ်နွယ်ဦးက ,

"နင် . . နှုတ်ကျိုးနေပြီပေါ့။ ဟုတ်လား"

ဝေဝေဦးက ,

"နှစ်ကိုယ်ကြား ခေါ်ရမယ့် အခေါ်အဝေါ်ကို၊ ငါတို့ ရှေ့မှာတောင်၊ နင် . . ခေါ်နေပြီပေါ့။ မောင် . . ဆို့ သံလွင်ငြိမ်းကို၊ နင် . . ခေါ်တာ သံလွင်ငြိမ်း ရှိတဲ့ အချိန်ကျမှ ခေါ်ရမှာလေ။ အခု . . သံလွင်ငြိမ်းမှ မရှိတာ။ ဘာဖြစ်လို့ မောင် . . လို့ သုံးနှုန်းရတာလဲ . . ပြော"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ကျိုးသွားလို့ ခေါ်မိတာပါဟယ်။ အဲဒါ . . ရယ်စရာ လား" . . ဟု၊ နော်ဇာဝတ်ရည် ပြော၏။

ကိုကိုမင်းက . .

"အခု . . နင် ခေါ်လိုက်တဲ့၊ မောင် . . ဆိုတဲ့ ခေါ်သံက၊ နှုတ်ကျိုးလို့ ခေါ်မိတဲ့ အသံ မဟုတ်ဘူး။

မတွေ့မမြင်လို့၊ ထွက်ပေါ်လာတဲ့ တကယ့် ရင်ထဲက၊ ခေါ်သံ"

"ငါ့ကို၊ လာမကြပ်နဲ့နော် ကိုကိုမင်း"

"ကြပ်တာ မဟုတ်ဘူး။ တကယ် ခန့်မှန်း ကြည့်တာ။ သံလွင်မြစ်ကို နောက်ရင်း ပြောင်ရင်း နဲ့၊ နင် . . တကယ်ချစ်မိသွားပြီလား မသိဘူး"

"အစိပ္ပါယ် မရှိတာ"





ဇော်သန်းက . . ,

"အဲဒါဆို ဘာဖြစ်လို့။ မောင် . . လို့၊ နင် ခေါ်မိတာလဲ"

"အကျင့်ပါသွားလို့ နေမှာပါဟာ"

ဇော်သန်းက၊ နော်ဇာဝတ်ရည်ကို ပြုံးလျက်ကြည့်နေ၏။

"နင် ဘာပြုံးတာလဲ ဇော်သန်း"

"သံကို တူနဲ့ ထုတာ၊ တူ အရိုးကျိုးတော့ မယ် ထင်တယ်"

ပြောပြီး ဇော်သန်း တဟားဟား ရယ်လေသည်။ "ဘယ် ဟာမှ၊ မကျိုးဘူး" . . ဟု၊ နော်ဇာဝတ်ရည် ပြော၏။ ကျွန်တော်က တားဖြတ်စေလိုသော သဘောဖြင့် . . ,

"သူ့ အဖေဆီကို သွားမယ် . . ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို၊ စောင့်စရာ ရှိလို့၊ သံလွင်ငြိမ်း
ကျော်င်း နောက်ကျလိမ့်မယ်"

"ငါ . . သိချင်လို့ မေးတာမဟုတ်ပါဘူး
မတွေ့မိလို့ မေးတာပါ"

"ငါ . . နင့်ကို ဘာမှ မစွပ်စွဲပါဘူး နော်ဇာ" . . ဟု
ကျွန်တော် ပြောလိုက်သည်။

"အမယ်။ စွပ်စွဲရအောင်၊ ငါက, ဘာ
များ မလုံမလဲ လုပ်မိလို့လဲ။

ခေါ်နေကျ နာမည်ကို၊ ယောင်ပြီး ထွ
သွားတာ။ အဲဒါ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး။ တကယ့် စိတ်
ကိုယ်ပါ၊ ခေါ်ဝေါ်လိုက်ရင်၊ ကောင်းမလား . .
အဲဒါဆို၊ ငါလည်း စိတ်မပူရတော့ဘူး။ နင်လည်





. . မပင်ပန်းတော့ဘူး"

မျက်စောင်းထိုးလျက်၊ "ဝေးသေး" . . ဟု၊ နော်ဇာဝတ်ရည်
ပြော၏။ ကျွန်တော်က . . ,

"ဘာပဲ ပြောပြော။
သက်သက်ညှာညှာတော့၊ လုပ်ပါဟာ။
အဆိပ်ကျွေးမိရင်တောင်၊ ဖြေဆေးလေး
တော့၊ နင် . . အဆင်သင့် ဆောင်ထားပေးပါ"

"မြင့်မြတ်။ နင့် စကားကလည်း၊ ငါ့ကို
မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီးကျနေတာပဲ။
ငါ့ အတွက်လည်း၊ နည်းနည်း ပူပေးစမ်း
ပါအုံး။ ငါက . . မိန်းကလေး"

"ဒီ ပွဲမှာ၊ နင် . . နိုင်ဖို့ များနေတယ်
နော်ဇာ"

ကျောင်းသို့ မလာခင်၊ သံလွင်ငြိမ်း၏ အိမ်တွင်၊ ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com



တို့ပြောဆိုခဲ့သည့် စကားများကို အားလုံးရှေ့၌ တစ်လုံးတစ်ပါဒမှ မကျန်၊ ကျွန်ုပ်တော် ပြောပြလိုက်သည်။

"အဲဒါ ငါ့နောက်ကွယ်မှာ၊ ပြောတာ ဟယ်။ နှစ်ယောက်တည်းကျရင်၊ အဲဒါမျိုးမှ မပြောဘူး။ နေကောင်းလား။ သတိရလား။ ဘာ . . ညာ . . အဲဒီလောက်ပဲ"

"သူက, ရည်းစားမှ မထားဘူးတာ"

"ဩော။ ကျုပ်က,တော့ . . ထားဖူးတယ် ပေါ့"

"နင်က . . မိန်းကလေးလေ။ ရည်းစား မထားဖူးခဲ့ ပေမဲ့၊ မွေးရာပါ မာယာလေးတွေ တော့၊ တတ်ပြီးသား နေမှာပေါ့"





"ငါသာ . . နင့် နှမလေး ဆိုရင်၊ အဲဒီလို မျိုး၊ နင် ပြောရက်မလား"

"နင်သာ . . ငါ့နှမ,ဆိုရင်၊ ဒီကိစ္စကို၊ ဆောင်ရွက်နေတဲ့အတွက်၊ ငယ်ထိပ်ကို ဖနောင့် နဲ့ ပေါက်ပြီးလောက်ပြီ"

ကိုကိုမင်းက . . ,

"ငယ်ထိပ်တော့ မထိစေချင်ဘူးကွာ"

"ဘာဖြစ်လို့ မထိရမှာလဲ"

"ရှေးလူကြီးတွေ ပြောကြတာ၊ ကြားဖူး တယ်။

ငယ်ထိပ်ကို ရိုက်ရင်၊ ဆီးချို ဖြစ်တတ်တယ် . . ဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆီးချို ဖြစ်တာ မဟုတ်ပါဘူးဟယ်။ မွ
ပေါက်တတ်တာပါ"

ဝေဝေဦးက၊ ဝင်ရောက် ဖြေကြားသည်။

"ဟဲ့၊ အဲဒါကိုက၊ ဆီးရောဂါ လက္ခဏာပေ့"

ကိုကိုမင်းကို၊ နော်ဇာဝတ်ရည်က မှတ်စုစာအုပ်တစ်အု
ဖြင့် လှမ်းရိုက်သည်။

"ငယ်ထိပ်တော့ မရိုက်နဲ့နော်။ ငါ့မှာ . .
လုံချည် အပိုမပါဘူး"

စကားစ, ပြတ်သွားလေပြီ။ကျွန်တော့် အတွေးစ, မပြတ်
ဘာတွေ ဖြစ်လာဦးမလဲ . . ဟူသည့်၊ အတွေးဆိုးသည်
အနာဂတ်မရောက်မီစပ်ကြား၌ပင်၊ ပစ္စုပ္ပန်ကို၊ တိုး၍တိုး၍ မှုန်
ကြပ်စေလေ၏။





ငါနဲ့မှ မဆိုင်ဘဲ . . ဟု၊ အရာရာအပေါ် သဘောထား
ကော်လျှင်, ဘဝ၌၊ အခါခါ ငြိမ်းအေးလေမည်ဟု၊ ထင်မှတ်မိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

သံလွင်ငြိမ်း၏ အိမ်တွင်၊ စာစု ကျက်ဖြစ်ကြသည်။ အုန်းသူများကတော့၊ မဟာ သီပွဲဆက်တက်ခွင့်ရသည်အထိ ကြိုးစားနေကြသည်။ ကျွန်တော်ကတော့၊ သီပွဲဘွဲ့လေးတစ်ဘွဲ့ရပြီဆိုလျှင်၊ တော်ပြီ . . ဟု၊ စဉ်းစားထားသူဖြစ်၏။ ကျောင်းနှင့် ဝေးချင်ပြီ။

စာစုကျက်ချိန်တွင်၊ သူနေရာနှင့်သူ၊ ကိုယ့်အာရုံနှင့်ကိုယ်၊ အျက်မှတ်နေကြသော်လည်း၊ သံလွင်ငြိမ်းနှင့် နော်ဇာဝတ်ရည်မှာ တပူးတွဲတွဲ။ သူတို့ နှစ်ဦးကို၊ အာရုံထားမိသည့် အခါတိုင်း၊ ကျွန်တော့်မှာ၊ စာကျက်ချင်စိတ်ပျက်ရသည်။ ကံဆိုးလျှင် စာမေးပွဲ ဝါ ကျသွားနိုင်ပေသည်။

စာမေးပွဲ အပြီး၊ အောင်စာရင်းထွက်မည့် အချိန်တွင်၊ ဖြသနာတစ်ခုကို ကျွန်တော် ကြီးကြီးမားမား ရင်ဆိုင်ဖြေရှင်းရတော့မည် . . ဟု၊ တွေးလျက် လိပ်ပြာလန့်နေရ၏။

ရေငုံနှုတ်ပိတ်နေရက်ခဲ့သူအဖြစ်၊ သံလွင်ငြိမ်းက, စွပ်စွဲ


www.burmeseclassic.com

www.burmeseclassic.com



လေမလား။ သံလွင်ငြိမ်း၏ အသည်း၊ ဟက်တက်ကွဲသွားသည်ကို ဖြေဆည်ပေးနိုင်ခွင့်မှ၊ ရပ့်မလား။ တွေးတော စိုးထိတ်ခဲ့ရသည်မှာ စက္ကန့် နာရီ အနန္တ။

အသည်းကွဲသည်ထက်၊ အရှက်ကွဲသည်က, ပိုမိုကြီးမားနေ ပြန်လျှင်လည်း၊ တောင်းပန်ဖြေရှင်းပေးမည့် ကိစ္စသည်၊ မဟာ ရောမ။

"စာမေးပွဲ ပြီးရင်၊ မောင် ရွာပြန်ဦးမှာလား"

နော်ဇာဝတ်ရည်၏ အမေး။

"ခဏပြန်ရမယ်"

"မောင့် အဖေက၊ ဘယ်နယ်မှာလဲ"

သံလွင်ငြိမ်း ပြုံးနေ၏။

အမြဲတမ်းမေးပြီး၊ အမြဲကမ်း အဖြေမသိရသည့် အမေးစကားကို နော်ဇာဝတ်ရည်က, ဖြတ်ကနဲ မေးမြန်းလိုက်သည့် အပေါ်၊ သတိ မလွတ်ဘဲ၊ ပြုံး၍နေခြင်း ဖြစ်ပေမည်။





"ကဲပါ . . ။ မပြောချင်လည်း၊ နောက်၊ မမေးတော့ပါဘူး။ ဒါပေမဲ့ , ဘာကိစ္စနဲ့ ပြန်မှာ လဲ၊ သိချင်တယ်"

"ဟိုတုန်းက,တော့၊ အဖေရှိလို့၊ ကျောင်း ပိတ်ရက် ခဏပြန်တာ။ အခုပြန်မှာက၊ ကိစ္စတစ်ခု ရှိလို့၊ ပြန်မှာ"

"ဘာကိစ္စလဲ . . ပြော"

သံလွင်ငြိမ်းက၊ ကျွန်တော့်ကို လှမ်းကြည့်သည်။ ပြီးမှ၊ တျန်သူများကို ဝေ့ကနဲကြည့်ပြီး . .

"နောက်မှ ပြောတော့မယ်"

"မရဘူးကွာ။ အခုပြော . . "

"ဟင့်အင်း။ စာမေးပွဲ ဖြေပြီးမှ ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပြောရင် စိတ်ဆိုးမှာနော်"

"ချစ်သူ အချင်းချင်း စိတ်မဆိုးကောင်းဘူး" . . . ဟု သံလွင်ငြိမ်း ပြော၏။

"ဒါဆို၊ အဲဒီကို နော်ဇာလည်း လိုက်မယ်"

"နောက်တော့ လိုက်ရမှာပေါ့"

"မရဘူး။ စာမေးပွဲ ပြီးပြီးချင်း၊ လိုက်မှာ
တစ်အုပ်စုလုံး လိုက်ခဲ့မယ်"

သံလွင်ငြိမ်း ခေါင်းကုတ်နေရှာသည်။ အငြင်းရ၊ အကြွေ ခက်နေဟန်။ ထို့ကြောင့်၊ ကျွန်တော် သူ့ကို ဝင်ရောက်ကယ်တင် လိုက်လေ၏။

"ကဲပါ နော်ဇာရယ်။ သူမှာ . . လူမသိစေ
ချင်တဲ့ ကိစ္စ၊ ဘာရှိနေမှန်းမှ မသိတာ။ ဟိုတုန်း





ကတည်းက၊ ဒီကောင်က မြုံစိစိ။
စာမေးပွဲ နီးပြီ။ စိတ်ရှုပ်အောင် မလုပ်ပါနဲ့
တော့"

ကျွန်တော့်ကို၊ သံလွင်ငြိမ်း ကျေးဇူးတင်သွားပေလိမ့်မည်။ ကျွန်တော်က၊လည်း၊ စကားလွှဲလိုက်သည်ကို မည်သူမျှ မရိပ်စားမိအောင်၊ သံလွင်ငြိမ်းကို၊ အလုပ်တစ်ခု ထပ်ပေးလိုက်သည်။

"ဟေ့ကောင်၊ သံလွင်။
မင်းသွားတဲ့ နေရာကိုလည်း၊ ဘယ်သူမှ မလိုက်
ဘူး။ ဘာကိစ္စကြောင့် ပြန်ရမယ်ဆိုတာလည်း၊
ဘယ်သူမှ မမေးစေရဘူး။
အဲဒီအတွက်၊
ငါတို့ အားလုံးသောက်ဖို့ ကော်ဖီဖျော်ပေး"

"အေး။ အဲဒီအစီအစဉ် အကောင်းဆုံးပဲ" . . ဟု၊ ကိုကိုမင်း ပြောသည်။ သံလွင်ငြိမ်းက . . ,



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . ရေနွေးတည်ပေး။ ငါ . . ကော်
ဖျော်ပေးမယ်"

"ဟောကောင်။ ကိုယ့်ဒဏ်ကို ကိုယ်ခံ။ ကိုယ့်
တာဝန် ကိုယ်ယူ။ ခွဲတမ်းမချနဲ့။

ဒီ အပြစ်ဒဏ်လေးကိုမှ မကျေနပ်ဘူးဆို
ရင်၊ နော်ဇာဝတ်ရည် ကိုယ်စား။ မင်း အဖေဆီကို
ငါတို့ . . မေဂျာ တစ်ခုလုံး၊ လိုက်လာဖို့ လှုံ့ဆော်
လိုက်မယ်"

သံလွင်ငြိမ်းက၊ လက်နှစ်ဖက်ကာပြီး၊ ထိုင်နေရာမှ ထ
လေတော့၏။

ဇော်သန်းက . .

"မင်း . . ဒီလောက်တောင် လျှို့ဝှက်နေ
ပုံ ထောက်တော့၊ နယ်မှာ . . မိန်းမ, တွေ ဘာ
တွေများ ရှိနေသလား"





"ပေါက်ကရ မပြောနဲ့" . . ဟု၊ သံလွင်ငြိမ်း ပြော၏။

နွယ်နွယ်ဦးက . .

"ကျောင်းတောင် မပြီးသေးဘူး၊ မိန်းမ,
ယူပါ့မလားဟဲ့။

မသကာ၊ ကလေးတစ်ကျိတ်လောက်ပဲ ရှိ
အုံးမှာပါ"

နွယ်နွယ်ဦး စကားကြောင့်၊ ကျန်သူများ အားလုံးရယ်မော
ကြ၏။ နော်ဇာဝတ်ရည်၊ မရယ်မော။

ကိုကိုမင်းက . .

"နွယ်နွယ်ဦး။ စကားအပြောအဆို ဆင်ခြင်။
အနောက်အပြောင်, သတိပြု။

ကျီစားသန်က၊ ရန်များ၏ . . တဲ့။
ဟိုမှာ . .
နော်ဇာဝတ်ရည် မျက်နှာကိုလည်း၊ နည်းနည်း
ပါးပါး၊ ကြည့်ကြအုံး :"



www.burmeseclassic.com

www.burmeseclassic.com

"ငါက . . ဘာဖြစ်နေလို့ပဲ"

"ဘာဖြစ်ရမလဲ။ သံလွင်ငြိမ်း . . မိန်း ရှိနေသလား။ ကလေး ရှိနေသလား . . လို့ နော ပြောင်လိုက်ရုံနဲ့ မျက်နှာတစ်ခုလုံး သုန်မှုန်သွား ငါ မြင်တယ်"

"မသုန်မှုန်ပါဘူး။

သူ မကြင်နာလို့ လိမ်ညာလှည့်စားရက်ရင် . . လိမ်ပေ့စေပေါ့။

ချစ်သူ အချင်းချင်း၊ ဟန်ဆောင်လိမ်ညာတယ်ဆိုတာ၊ အကြီးမားဆုံး လုပ်ကြံမှုပဲ"

နော်ဇာဝတ်ရည် စကားကြွယ်ဝ လိုက်တာ . . ဟု၊ စိတ်ထဲမှ၊ ကျွန်တော် ချီးကျူးဖြစ်သည်။ စကားကွန်ယက်၊ မြှားချွန်ထက်တို့ကြားမှ သံလွင်ငြိမ်း၊ လွတ်မြောက်ငြိမ်းချမ်း နိုင်ပါ့မလား။



(၁၉)

ဇော်သန်း၏ လှူဆော်မှုဖြင့်၊ အင်းလျားကန်ဘောင်ရိုးပေါ်တွင်၊ သူငယ်ချင်း တစ်အုပ်စုလုံး ဓာတ်ပုံရိုက်ဖြစ်သည်။ ထို့အပြင် သံလွင်ငြိမ်းနှင့် နော်ဇာဝတ်ရည် နှစ်ယောက်တည်းကို၊ ယှဉ်တွဲလျက် ဓာတ်ပုံရိုက်စေရန်၊ ဇော်သန်းနှင့်ကျန်သူများက၊ ဆော်ဩကြပြန်၏။ နှစ်ယောက်တည်း တွဲမရိုက်ဖို့၊ နှစ်ယောက်စလုံးကို၊ ကျွန်တော် အကြံပြုလိုသည်။ သို့သော် အထ,မမြောက်။

နော်ဇာဝတ်ရည် မငြင်းပယ်သကဲ့သို့ သံလွင်ငြိမ်းကလည်း မငြင်းဆန်။

"ဓာတ်ပုံ အတူတွဲရိုက်လိုက်ရုံနဲ့ တစ်ဘဝလုံး အတူတူရှိနေချင်မှ ရှိမှာနော်" . . . ဟု၊ နှစ်ယောက်စလုံးကို၊ ကျွန်တော် ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါက . . , မောင်နဲ့ ဒီတစ်ဘဝတည်းတွင်
သာမက၊ သံသရာတစ်လျှောက်လုံး၊ အတူရှိနေချင်
တာ။ ဟုတ်တယ်နော် . . မောင်"

နော်ဇာဝတ်ရည်က၊ သံလွင်ငြိမ်းကို ပခုံးခြင်း ထိတို့လျက် ပြောဓ၏။

"သံသာလေ ကမ်းတိုင်ပေါ့"

သံလွင်ငြိမ်း၏ အနုအလှစကား။

ကျွန်တော်က . . ,

"သံသရာတစ်လျှောက်လုံးပဲ ဖြစ်ဖြစ်၊ ဒီ
တစ်ဘဝမှာပဲ ဖြစ်ဖြစ်။ အတူတကွ ရှိနေချင်ရင်
တစ်ယောက်နဲ့ တစ်ယောက် တူစရာတွေ အများ
ကြီး လိုတယ်ကွ"

"ဘာတွေလိုလို့လဲ"

သံလွင်ငြိမ်း၏ အမေး။



နော်ဇာဝတ်ရည်က . . ,

"သွားအတူ၊ လာအတူ၊ စားအတူလေ။
တခြား ဘာလိုသေးလို့လဲ"

ကြားနာဖူးသော ဓမ္မဝေါဟာရအချို့ကို၊ သုံးသပ်လျက်၊ တား လက်ဆင့်ကမ်းဖြစ်သည်။

"ယုံကြည်ချက်တူဖို့လိုတယ်။ အကျင့်သီလ
တူဖို့လိုတယ်။ ဒါနတူဖို့ လိုတယ်။ အသိ, အလိမ္မာ
ဉာဏ်, ပညာ တူဖို့လိုတယ်။

အဲဒါတွေ မတူဘဲနဲ့တော့၊ လက်ချင်းတွဲ,
ရင်ချင်းအပ်, ကိုယ်ချင်းကပ်ထားတာတောင်၊
တစ်ချိန်ချိန်မှာ ကွဲကွာသွားနိုင်တယ်။

ဒီ ဘဝ မကွဲကွာဘူးဆိုရင်တောင်၊ နောင်
သံသရာမှာ၊ ပြန်ဆုံဖို့ မဖြစ်နိုင်ဘူး"

နောက်ပြောင်လိုဟန် မျက်နှာထားများကို၊ ကျွန်တော် သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင်တို့ နှစ်ယောက်။ အဲဒါတွေ တူပြီး
မတူရင်, တူအောင် ညှိလိုက်အုံး"

"စိတ်တူ၊ ကိုယ်တူ ဆိုတာ၊ အဲဒါကို ပြော
တာလား"

သံလွင်ငြိမ်းက၊ တလေးတစား မေး၏။

ကျွန်တော်က . .

"ဟုတ်မှာပေါ့။ ဘယ်နေရာကိုပဲ ဖြစ်ဖြစ်
အတူမသွားဘဲ၊ အတူ မရောက်ဘူး"

"ငါ . . အတူ ရောက်ချင်တယ်"

"ဘယ်သူနဲ့လဲ"

"အားလုံးနဲ့ပေါ့။ ချစ်သူ . .။ မိဘ။ ဆွေမျိုး
သားချင်း။ သူငယ်ချင်း။ အားလုံးနဲ့"





"အဲဒါဆို၊ အားလုံး တူဖို့လိုတာပေါ့"

ဇော်သန်းက . .

"အားလုံးတူဖို့ ဆိုတာ မလွယ်ပါဘူးကွာ"

"အဲဒါဆိုလည်း၊ တွေ့ခဲ့ ခဏလေးမှာပဲ၊
တူအောင် နေထိုင်ကြရမှာပေါ့။
ကောင်းတာ မှန်တာ၊ အတူတူ တွဲလုပ်ကြ
တာပေါ့"

"ဘာလုပ်ကြမှာလဲ"

ဝေဝေဦးက၊ မျက်လုံးလေး ဗိုင်းလျက် မေးသည်။

ကျွန်တော်က . .

"ဘုရားအတူ သွားကြမယ်။ ကောင်းမှု
အတူတူ လုပ်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမင်းက . .

"အေး။ ကောင်းတယ်။ ဘုရားက, ပြန်

ပြီးရင်။ အတူတူ တစ်ခုထပ်လုပ်ချင်သေးတယ်"

"ဘာလုပ်ချင်သေးလဲ"

"ရုပ်ရှင် အတူတူကြည့်ကြမယ်"

ကိုကိုမင်း၏ ဦးခေါင်းပေါ်သို့ ကျောင်းသုံး ပစ္စည်းများ

သည်၊ အရှိန်ပြင်းစွာ ကျရောက်သွားလေ၏။ လွယ်အိတ်။ စာအုပ်

ကွန်ပါဝူး။





စာမေးပွဲ ဖြေဆိုပြီးသည်အထိ လူစုမကွဲသေး။

"နင် ဘာဖြစ်နေတာလဲ နော်ဇာ"

သံလွင်ငြိမ်း၏ နံဘေးတွင်, ခေါင်းငုံ့လျက် နှုတ်ဆိတ်စွာ

နေနေသည့်၊ နော်ဇာဝတ်ရည်ကို၊ ကျွန်တော် မေးသည်။

"ငါ စိတ်ထဲ တစ်မျိုးကြီးပဲ။ ဘယ်သူပဲ ဖြစ်

ဖြစ်၊ မာစတာ ဆက်တက်ဖြစ်အောင်တော့၊ ဖြေ

ခဲ့ကြတာပဲ။

ဒါပေမဲ့ . . မတက်ဖြစ်ရင်၊ ဒီနေ့ ဖြေခဲ့တဲ့

စာမေးပွဲက၊ ကျောင်းမှာ စာသင်ခွင့်ပြုတဲ့၊ နောက်

ဆုံး စာမေးပွဲပဲ။

သူငယ်ချင်းတွေနဲ့ ခွဲရမလိုလို၊ ကျောင်းကိုပဲ

မခွဲချင် သလိုလို၊ ခံစားရတယ်"

"ဒါက။ လူတိုင်းဖြစ်တဲ့ ခံစားချက်ပါဟာ။

နင် . . မာစတာ ဆက်တက်ခွင့်ရလည်း၊ နောင်



www.burmeseclassic.com

www.burmeseclassic.com



. . သုံးလေးနှစ်ကြာရင်၊ ကျောင်းကို ခွဲရမှာပဲ၊

အားလုံး . . ကိုယ့်ဘဝကိုယ် တည်ဆောက်

ဖို့၊ ကိုယ့်လမ်း ကိုယ်သွားကြရမှာ"

"အဲဒါကို တွေးပြီး၊ ငါ . . စိတ်မကောင်း

ဖြစ်နေတာ။

လူဖြစ်လာတာ တစ်ယောက်နဲ့တစ်ယောက်

ခွဲခွာဖို့လားဟင်"

နော်ဇာဝတ်ရည်ကို မျက်ရည်ဝေ့ဝေ့ဝဲဝဲဖြင့်, ကျွန်တော် တစ်ခါမျှ မတွေ့ဘူးခဲ့ဘူးချေ။ ယခုမူ . . သူ့မျက်ဝန်းတွင်၊ မျက်ရည်ရောင်တွေ၊ လဲ့နေ၏။

"လူကြီးတွေ ပြောနေကြ . . ဟောနေကြ တာတော့၊ ရှင်ကွဲမကွဲ၊ သေကွဲကွဲ ကြရတာချည်း ပဲ . . တဲ့။ အဲဒါ အမှန်ပဲလေဟာ။

နင်က . . ဘာကို ခံစားနေတာလဲ"





"ခံစားနေတာ မဟုတ်ဘူး။ မခံစားနိုင်တာ"

ကျွန်တော်က . .

"အဲဒါ၊ နင် . . အလုပ်,လုပ်စရာ မရှိလို့၊ ဖြစ်နေတာ။ အလုပ်တစ်ခုခု လုပ်လိုက်။ ဒီကိစ္စ က, ကြက်ပျောက် ငှက်ပျောက် ပျောက်သွားလိမ့် မယ်။

ငါ အစ်ကိုလည်း၊ ဒီလိုပဲ။ ကျောင်းပြီးလို့ အလုပ်,လုပ်လိုက်တော့၊ ဘာကိုမှ လွမ်းချိန်မရ တော့ဘူး . . တဲ့"

လွမ်းတတ်လျှင်တော့၊ လွမ်းချင်စရာပင်။

အလွမ်းစိတ်ဖြင့်၊ ဝေ့ကနဲ ကြည့်မိသည့်အခါ၊ အရာရာ သည်၊ အလွမ်းမှိုင်းတို့ မှုံဝေနေသော . . အလွမ်းပန်းချီကား။

အဓိပတိလမ်းသည် အလွမ်းစကြႋ။

ဘွဲ့နှင်းသဘင် အဆောက်အဦသည် အလွမ်းမော်ကွန်း။

ကံ့ကော်တောသည် အလွမ်းတော။



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးရိပ်တို့သည် တိတ်တိတ်ဆိတ်ဆိတ်၊ အလွမ်းရိုး အင်းလျားကန်၏ ရေမျက်နှာပြင်သည်၊ အလွမ်းရင်ပြင်ကျယ် စာသင်ဆောင်၊ လူနေဆောင်တို့သည်၊ အလွမ်းသံစဉ်ကို ဖော်ကျူး ရာ၊ အလက်ာ ခန်းမ။ သစ်တိုပင်တွေ အရိပ်အောက်ရှိ စားသောက် ဆိုင်တန်းများသည်၊ အလွမ်းသံစဉ်တို့ စတင်ဖွဲ့တည်ရာ အမြဲ

သစ်ပုတ်ပင်ကြီးသည် အလွမ်းပိုင်ရှင်တို့အား၊ ချွေးသိမ်း ဖြေဆည်ပေးနေသည့် . . ခုံသမာဓိ လူကြီးမင်း။ ရွှေမိနော ပညာရှိ။ ပြုံးပြနေသော . . သမားတော်။ ခုံတန်းလျားတို့သည် အလွမ်းတို့၏ တီးတိုးသက်သေ။

အရာရာသည် . .

မျက်ရည်ကို ချုလှစ်နေသည့်၊ အလွမ်းလောက,ကြီးပမား လွမ်းတတ် လျှင်တော့၊ လွမ်းချင်စရာ။

"ဘာမှ မဟုတ်ဘူး။

သံလွင်ငြိမ်းနဲ့ နေ့တိုင်းမတွေ့ရမှာစိုးလို့ တွေးပြီး လွမ်းနေတာ"

ကိုကိုမင်း၏ ကျီစယ်စကား။





ဇော်သန်းက . .

"ဟော့ကောင်။ မနောက်နဲ့။ သူ တကယ်ဖြစ် နေတာ။

ဒီတော့ . . ။ ဒီလို . . လုပ်။ မနက်ဖြန်ကို မင်း . . ခရီးမသွားနဲ့အုံး။ ငါတို့ တစ်အုပ်စုလုံး၊ လော့်ကားဥယျာဉ်ကို သွားကြမယ်။ ဘယ်နှယ့်လဲ"

"အေး။ ကောင်းတယ်။ သူငယ်ချင်းတွေ ရုတ်တရက်ကြီး မခွဲရဘဲဘူးပေါ့"

နွယ်နွယ်ဦး၏ ထောက်ခံစကား။

သံလွင်ငြိမ်းက . .

"တကယ်လို့ အဲဒီက အပြန်၊ ထပ်ပြီး မခွဲ ချင်ရင် ဘယ်လို လုပ်မလဲ"

ကျွန်တော်က . . ,



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်နဲ့ တစ်ယောက် ဖုန်းဆက်ကြ။ သွားကြလာကြပေါ့ကွာ။ နောက်တော့လည်း ခုနက၊ ငါ ပြောသလို၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်သွားတဲ့အခါ၊ ဘယ် သူငယ်ချင်းမှ၊ လှည့်ကြည့်ဖို့ တော့မှာ မဟုတ်ဘူး"

သံလွင်ငြိမ်းက . .

"သူငယ်ချင်းတွေ အတွက်ကတော့၊ ဟုတ်တယ်လေ။ ချစ်သူ ရည်းစားတွေ အတွက်ကြတော့ ရော . .။

အဲဒီလိုပဲ . . ကိုယ့်အလုပ် ကိုယ်လုပ်၊ ရှုပ်သွားရင် ပြီးပါ့မလား"

"ဒါက,တော့၊ မင်းတို့ နှစ်ကိုယ်ကြား ကိစ္စလေကွာ။ တီးတိုး မေးပေါ့"

သံလွင်ငြိမ်းက၊ နော်ဇာဝတ်ရည်၏ ပခုံးစွန်းသို့၊ လက်တင်ကာ . .





"မောင်တို့ ဘာဆက်လုပ်ကြမလဲ . . . နော်ဇာ"

နော်ဇာဝတ်ရည်သည်၊ သံလွင်ငြိမ်းအား၊ မမှိတ်မသုန် ကြည့်၏။ ထိုသို့ ကြည့်နေရင်းမှ၊ နှုတ်ခမ်းများ တုန်ရင်လာသည်။ ပြီးနောက် . . မျက်ရည်များ ရွဲရွဲစိုအောင် ငိုလေတော့၏။

ကျွန်တော် မျက်လုံးဝိုင်းသွားရသည်။ ဇော်သန်းလည်း၊ ထိုနည်း လည်းကောင်း။ နွယ်နွယ်ဦးနှင့် ဝေဝေဦးသည်လည်း၊ အအံ့တသြ။ ကိုကိုမင်းက, ခေါင်းကုတ်နေ၏။

"ဘာလို့ ငိုတာလဲ နော်ဇာ"

ဇော်သန်းက . .

"မခွဲနိုင်လို့ ငိုတာနေမှာပေါ့ကွာ။ ကဲ . . မငိုနဲ့တော့ နော်ဇာ။

မနက်ဖြန်၊ လှော်ကားသွားကြမယ်။ အဲဒီ လှော်ကားဥယျာဉ်ထဲမှာ၊ နင့် မျက်ရည်ကို ငါတို့ သုတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သံလွင်ငြိမ်းမှ လွဲ၍ အားလုံး သိသာစေသော . . စကား နိမိတ်။

အကယ်၍သာ၊ ထို စကားကို ဇော်သန်း မပြောပါ ကျွန်တော့် အနေဖြင့်၊ အခြေအနေ အရပ်ရပ်ကို၊ ရုတ်တရက် ပြောင်း ဖြစ်ပေတော့မည်။

သံလွင်ငြိမ်းကို၊ အားလုံးရှေ့မှာ လည်းကောင်း၊ အားလုံး ကို သံလွင်ငြိမ်း ရှေ့တွင်လည်းကောင်း၊ တောင်းပန်စကားဆိုလျ ကျွန်တော် ဖွင့်ပြောမိပေမည်။

ဇော်သန်း၏ အခြေအနေကို ထိန်းသိမ်းလိုက်သည့်၊ ခိုး ဆို စကားကြောင့်၊ ကျွန်တော် ပါးစပ်ပိတ်သွားရတော့၏။

မည်သို့ပင် ဖြစ်စေ . .

မနက်ဖြန်သည်၊ ကြည်လင်ဝင်းပသော . . စိတ်ချမ်းမြေ့ ဖွယ် ပျော်စရာ နေ့လေးတစ်နေ့ ဖြစ်နိုင်ကောင်းသည် . . ဟု မျှော်လင့် တွေးမှတ်ရပေမည်။



(၂၀)

ဇော်သန်း၏ အိမ်ကားဖြင့်၊ လူစုကြသည်။ ကားမောင်း သော ဇော်သန်း၏၊ နံဘေးတွင်၊ ကျွန်တော် ထိုင်သည်။ မိန်းကလေး သုံးယောက်က, ကားနောက်တွင်၊ ထိုင်သည်။ ကား၏ နောက်ဆုံး ပိုင်းတွင်၊ ကိုကိုမင်း တစ်ယောက်တည်း။ သံလွင်ငြိမ်း၏ အိမ်သို့ ဦးတည်ခဲ့ကြ၏။

"သံလွင်ငြိမ်းကို ကြည့်ရတာ၊ မလှုပ်တလှုပ်
နဲ့။ ဒီကောင် လှော်ကားကို မလိုက်ချင်ဘူးလား
မသိဘူး"

ဇော်သန်း၏ ထင်မြင်ချက်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုမင်းက . . ,

"သူ့ အဖေဆီ သွားချင်နေတာပဲ။ သူ . . အစီအစဉ် ပျက်သွားလို့ နေမှာပေါ့"

ဝေဝေဦးက . .

"မဟုတ်ပါဘူးဟယ်။ နော်ဇာက, ကြေ ကွဲကွဲတွေ ဖြစ်နေတော့၊ သူလည်း ခံစားရ နေမှာပေါ့"

နွယ်နွယ်ဦးက . .

"ခံစားရရင်၊ သူ . . ချော့မှာပေါ့။ ဒါမှမဟုတ်၊ တစ်ခုခု ပြောပေါ့။ အခုဟာက . . မထုံတက်သေးနဲ့"

"နင်ကရော . . ။ မနေ့က, ဘာဖြစ်လို့ ငိုတာလဲ နော်ဇာ"

ကျွန်တော့် အမေးစကားအပေါ်၊ နော်ဇာဝတ်ရည် မ





"အေး ဟုတ်တယ်။ သူငယ်ချင်းတွေနဲ့ ခွဲရမှာ တစ်ခုတည်းကြောင့်၊ နင် . . ငိုတာ မဖြစ်နိုင်ဘူး"

ဝေဝေဦးက, ရယ်မောစွာ မေးသည်။ နော်ဇာဝတ်ရည်ကို ကျွန်တော် လှည့်ကြည့်မိသည်။ ကြည့်လျက်၊ နားစွန့်နေဖြစ်သည်။

"ငါ . . ဝန်ခံတော့မယ်ဟာ။ နင်တို့နဲ့၊ မတွေ့ရတော့မှာကို စဉ်းစားမိပြီး စိတ်မကောင်း ဖြစ်တာလည်း၊ အမှန်ပါ။

မောင့်ကို လှည့်စားနေမိတဲ့ အခြေအနေကို တွေးပြီး နောင်တ,ရလို့၊ ဘာပြောရမှန်း မသိတော့ဘူး။ အဲဒါကြောင့် ငိုမိတာ"

ကျွန်တော် အံ့သြရသွားသည်။ ဝမ်းသာကြည်နူးသွားသလိုပင် ဖြစ်ရ၏။


www.burmeseclassic.com

www.burmeseclassic.com

"နင် . . , မောင် လို့ ခေါ်လိုက်ပြန်ပြီ"

ဝေဝေဦး၏ စကားအထောက်။

နော်ဇာဝတ်ရည်က . . ,

"ဟုတ်တယ်။ မောင်လို့ ငါ ခေါ်နေမိပြီ။ နှုတ်ကျိုးလို့ ခေါ်တာ မဟုတ်တော့ဘူး။ ငါ့ ရင်ထဲက, ခေါ်တာပါ"

အလွမ်းအမောတို့ ပြည့်ဝေနေသော လေပြည် စကားသံ။

"ဟဲ့။ ငါတို့ ရှေ့မှာ နင် မရှက်ဘူးလား"

"နင်တို့က၊ ငါ့ သူငယ်ချင်းတွေပဲ။ မှန်တာ ပြောဖို့ ရှက်စရာ မလိုဘူးလို့ ငါ ထင်ပါတယ်"

"နင် . . ရှုံးသွားပြီပေါ့။ ဟုတ်လား နော်ဇာ"

"ရှုံးပြီ . . . လို့တောင်၊ ငါ မခံယူချင်တော့





ပါဘူး ဇော်သန်းရယ်။

တကယ်တော့၊ မောင်က, သံလွင်ငြိမ်း ဆိုတဲ့ အတိုင်း၊ သိပ်ကို အေးချမ်းပါတယ်။

သူ့ကို . . တစ်ခုခု လုပ်ကြံနေရတာဟာ၊ ရေကို ဓါးနဲ့မောနဲ့ ခုတ်ဖြတ်နေရသလိုပဲ။ ခုတ်တဲ့ ဖြတ်တဲ့ သူပဲ၊ လက်ပန်းကျသွားတယ်။ ရေက . . ပျက်စီးမသွားဘူး"

ကျွန်တော်က . .

"သူ . . သမာဓိ တည်တယ်ပေါ့။ ဟုတ်လား"

"အဲဒါကိုတော့၊ ငါ မသုံးသပ်တတ်ပါဘူး။ သူ . . အေးတယ် ဆိုတာပဲ၊ ငါ သိတယ်။

နင်တို့ မပါဘဲ၊ သူ့ အိမ်ကို၊ ငါ . . ခဏခဏ လိုက်သွားဖူးတယ်။ ထိကပါး, ရိကပါး ဘာမှ မရှိဘူး။


www.burmeseclassic.com

www.burmeseclassic.com

စကားတောင်၊ ငါ ပြောမှ သူ ပြန်ပြော... သည်။ မက်မောတဲ့ အကြည့်မျိုးနဲ့တောင်၊ ငါ့ကို တ... မကြည့်ဖူးဘူး။

ဖွင့်ပွင့်လင်းလင်း ပြောရရင်၊ သူ အနား... နေရတာကိုက၊ ငါ . . အရမ်းအေးချမ်းတယ်... ကျောင်းပိတ်ပြီ ဆိုတော့၊ သူ အနားမှာ မရှိ... မှာကို တွေးပြီး၊ မခံစားနိုင်တော့လို့ ငါ . . ငိုတာ"

"အခု . . နင် ဘာလုပ်မလဲ"

"ငါ . . ဝန်ခံလိုက်တော့မယ်။ သူ သတိ... နေတဲ့ နေ့ကနေ . . . ဒီနေ့ အထိ၊ ပြုမိမှား... သမျှတွေကို၊ ဖွင့်ပြောပြပြီး၊ တောင်းပန်မယ်လေ"

"သူ . . စိတ်ဆိုးသွားရင် ဘယ်လိုလုပ်မလဲ"

"ခွင့်မလွှတ်ဘူး ဆိုရင်ရော" . . ဟု၊ ဇော်သန်းက ဝင်...





"မောင့်လို လူမျိုးက၊ နာကျင်တတ်မယ့် လူမျိုး မဟုတ်ပါဘူး။

သူ . . ငါ့ကို ခွင့်လွှတ်မှာပါ"

နွယ်နွယ်ဦးက . . ,

"နင်က၊ ဖြစ်ကြောင်း ကုန်စင်ပြော၊ တောင်းပန်။ သံလွင်ငြိမ်းက၊ ခွင့်လွှတ်တယ် ဆို ပါတော့။

သူက . . နင့်ကို မချစ်မကြိုက်ပါဘူး ဆို ရင်ကော၊ နင်၊ ဘယ်လိုလုပ်မလဲ"

"ငါက . . သူ့အနားမှာ နေချင်တာလေ။ သူ့ မျက်နှာကို မြင်ချင်နေတာ။

သူ့ဆီက အေးချမ်းမှုကို ယူချင်တာပါ။ သူ့ အယုအယ၊ အရွှေးအထွေးကို၊ တောင့်တတာမျိုး မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ၊ တစ်မျိုးတစ်စားတည်း ရှိ

တာမျိုးမှ မဟုတ်တာ"

"ကောင်းပါတယ်ဟာ။

မဟုတ်ရင်, ငါ့ ခေါင်းတွေလည်း၊ ရှုပ်ပွနေပြီ

ဘယ်လို ဇာတ်သိမ်းပြီး၊ ဘယ်လို ပြဿနာ

ဖြစ်မလဲ တွေးပူရတာ . . အမော။

သူ . . ဆရာဝန် ပြအုံးမယ် . . ပြောတယ်၊

ဒီကိစ္စသာ ဂယနဂ ပြောပြလိုက်ရင်၊ ဆရာဝန်

ပြဖို့တောင်၊ မလိုတော့ဘူး ထင်တယ်"

နော်ဇာဝတ်ရည် ခေါင်းညိတ်၏။

ဇော်သန်းက . . ကားကို အရှိန်မြှင့်ရင်း . . .

"ဒီကောင် နိုးပါအုံးမလား မသိဘူး"

ကိုကိုမင်းက . .





"မနိုးသေးရင်လည်း၊ ငါတို့တော့ မနိုးဘူး

နော်။

ကိုယ့် သားသမီးကို၊ ကိုယ့် ဘာသာ ဝင်နှိုး

ကြ"

ရယ်သံများ ဝေစည်သွားသည်။

မင်္ဂလာရှိသော အကြင်နာ နံနက်ခင်း။


www.burmeseclassic.com

www.burmeseclassic.com

(၂၁)

"သော့ ခတ်ထားတယ်"

"ငါတို့ ဆီမျှား ထွက်သွားတာလား မသိဘူး" . . ဟု ကိုကို
. . . င်း ပြောဏ်။

"မဟုတ်ဘူး။ ဒီမှာ . . တံခါးကြားမှဖွဲ့ပြုပါရစေကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဇော်သန်းပေးသည့်စာရွက်ကို အားလုံးဖတ်ကြည့်ကြသည်။

မြင့်မြတ်။

မင်းတို့ အားလုံး အတွက်၊ ငါ့ စာကြည့်တဲ့ ပေါ်မှာ၊ တိပ်ခွေတစ်ခွေ ထားခဲ့တယ်။ အဖျင်းချေ နားထောင်ကြည့်ပေါ့။ ငါ . . သွားပြီ။ လော့တာ ကို မလိုက်ချင်တော့ဘူး။

သံလွင်ငြိမ်း

ကျွန်တော် တံခါးသော့ကို ကမန်းကတန်း ဖွင့်လိုက်သည်။ နော်ဇာဝတ်ရည်က၊ ကျွန်တော့် လက်မောင်းကို ခိုတွယ်၏။ အခြား တစ်ဘက်မှ နွယ်နွယ်ဦး၏ ပခုံးကို၊ လှမ်းကိုင်ထားသည်။ မျက်ရည် တွေ ဝဲနေသည်ကို ကျွန်တော် မြင်သည်။

စာကြည့်စာပွဲပေါ်တွင်၊ နော်ဇာဝတ်ရည်၏ ဓာတ်ပုံတစ် ပုံကို တွေ့၏။ စာမေးပွဲမတိုင်ခင်က, ရိုက်ထားသော၊ ကျွန်တော် တို့ သူငယ်ချင်း တစ်အုပ်စုလုံး၏ ဓာတ်ပုံ။ နော်ဇာဝတ်ရည်နှင့် ရိုက်ထားသော ဓာတ်ပုံတို့ကို၊ စီစီရီရီ တင်ထား၏





အနီးတွင်၊ ကက်ဆက်ငယ်တစ်လုံး။ တိပ်ခွေတစ်ခွေ။ ကက်ဆက်အတွင်းသို့၊ တိပ်ခွေကို ထည့်ပြီး ကျွန်တော် ဖွင့်လိုက် သည်။ ပီသ, ကြည်လင်သော၊ သံလွင်ငြိမ်း၏ အသံ။

". . . ငါ့ စကားသံကို ကြားနေရတဲ့ အချိန် မှာ၊ မင်းတို့ အနားမှာ၊ ငါ ရှိတော့မှာ မဟုတ်ဘူး . . မြင့်မြတ်။

ငါ့ အဖေ နေမကောင်းဘူး။ အဲဒါကြောင့် မင်းတို့ အနားက၊ ငါ . . အမြန်ဆုံးသွားလိုက်ရ တာပါ။

မခွဲခွာခင်။ ဒါမှမဟုတ်၊ ခွဲခွာပြီးတဲ့နောက် မှာ၊ ငါ ပြောချင်တာလေးတွေ၊ ပြောခဲ့ပါရစေ"

ကျွန်တော့် အနီးတွင် နော်ဇာဝတ်ရည် ဝင်ထိုင်သည်။ ကက်ဆက်ငယ်၏ အနီးသို့၊ အားလုံး ဝန်းဝိုင်းနေကြ၏။

"ဘယ်သူ့ကိုမှ၊ မပြောပြဘူးခဲ့တဲ့၊ ငါ့ . . မိသားစု အကြောင်းကို၊ ငါ ပြောပြပါရစေကွာ။



www.burmeseclassic.com

www.burmeseclassic.com



.........................။

မေမေမြင့် . . ဆိုတာ၊ ငါ့ အဘွား နာမည်။ သူ့မှာ သမီး တစ်ယောက်ရှိတယ်။ သူ့သမီးနာမည်က၊ မဥ္စူမြင့် . . တဲ့။ အဲဒီ မဥ္စူမြင့်နဲ့ ဒရိုက်ဘာ မင်းခိုင် . . တို့၊ အိမ်ထောင်ကျတယ်။ အဲဒီ . . ဒရိုက်ဘာ ဦးမင်းခိုင်က . . တောသား။ ဒေါ်မဥ္စူမြင့်က . . ရန်ကုန်သူ။ အဲဒါ . . ငါ့ အဖေနဲ့ ငါ့ အမေပေါ့ကွာ။

ငါ့ကို မွေးပြီးလို့ သုံးနှစ်လောက် အကြာမှာ အဖေ ကားမှောက်တယ်။ ခြေထောက်ဖြတ်ရတယ်။ ဒုက္ခိတ ဖြစ်သွားတယ် ပေါ့ကွာ။

အလုပ်မလုပ်နိုင်တော့တဲ့၊ အိမ်ထောင် ဦးစီးတစ်ယောက်။ ယောက္ခမ အိမ်မှာ နေရတဲ့ ဒုက္ခိတ တစ်ယောက်ရဲ့ နေရာ၊ မရှိတော့သလို ဖြစ်သွားတယ်။

အဘွားက၊ ချမ်းသာပေမဲ့၊ သဘောကောင်း ပါတယ်။ အဖေ့ကို လုံးဝ . . ၊ မငြိုငြင်ခဲ့ဖူးဘူး။





သဘောမကောင်းတော့တာ၊ ငါ့ အမေ ဖြစ်နေ တယ်။

ဟိုသွား ဒီသွား၊ အဖေ မပါတော့ဘူး။ သုံးနှစ်ကျော် ကလေးလည်း၊ မပါတော့ဘူး။ မအေ စကားလည်း နားမထောင်တော့ဘူး။

အဖေ့အပေါ် အော်လိုက် ငေါက်လိုက် ဖြစ်လာတယ်။ နောက်ဆုံး . . အလုပ်ကိစ္စနဲ့ အပြင် သွားမယ့်အခါ၊ တုံ့နှေးတုံ့နှေးနဲ့ ဖြစ်မှာ မဟုတ်ဘူး ဆိုတဲ့ စကားမျိုး၊ သုံးနှုန်းလာတယ်။

အဲဒါတွေကို၊ ငါ . . အားလုံး သိနေလေ တော့၊ မေမေ တစ်ယောက်တည်း အပြင်သွားမယ့် အခါ၊ ငါပါ လိုက်ဖို့ ပူဆာတော့တာပဲ။ မရရင်၊ အော်ငိုပစ်လိုက်တာတွေ၊ ငါ . . မှတ်မိနေတယ်။

ငိုတဲ့ငါ့ကို ရိုက်ပုတ်ပြီး၊ ပစ္စလက်ခတ် အိမ်မှာ ထားခဲ့တာက၊ လွဲရင်၊ မေမေ့ဆီက၊ ငါ . . ဘာမှ မရခဲ့ပါဘူး။

အဖေက . . ချိုင်းထောက်လေးထောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုချီ။ . . ချော့ . . ။ အဘွားက . . မျက်ရည်စက်လက်။

အဲဒီ ကာလတွေနဲ့ သိပ်မကွာခြားခင်မှာ၊ ဒေါ်မဥ္စူမြင့်က၊ အဖေ့ကို ကွာရှင်းခွင့် တောင်းတယ်။

အဖေ့ရဲ့ တောင်းပန်သံ၊ တိုးလျှိုးသံ၊ တုန်လှုပ်ပေါက်ကွဲသံတွေကို၊ ငါ . . အနီးကပ် ကြားခဲ့ရတယ်။

အကျဉ်းချုပ်ပြောရရင်၊ မေမေ့ တောင်းဆိုမှုကို၊ အဖေ လိုက်လျောတယ်။ အဘွားက,တော့ သူ့ သမီးကို၊ အိမ်ပေါ်က နှင်ချလိုက်တယ်။ မေမေက . . သာသာယာယာပဲ၊ အိမ်ပေါ်က ဆင်းသွားတယ်။

အံ့ဩစရာ နှစ်ခု ပြောပြမယ်။ အဲဒီနေ့က မေမေ ငါ့ကို၊ လှည့်တောင် မကြည့်ဘူးကွာ။ ပြီးတော့ . . အဲဒီနေ့က၊ ငါ မငိုဘူး။

ဒါတွေကို၊ ငါ . . စကားဖော့ပြောတာပေါ့





ကွာ။ ပြင်းပြင်းထန်ထန် ပြောရရင်၊ မေမေ . . နောက်အိမ်ယောင်ပြုသွားတာ။

နောက်အိမ်ထောင်ကလည်း၊ သူစိမ်းပြင်ပြင် မဟုတ်ပါဘူး။ အဖေ့ သူငယ်ချင်းတစ်ယောက်နဲ့ပါ။

မြန်မာ့ လူ့ အဖွဲ့အစည်းမှာ၊ မနေရဲကြဘူးနဲ့ တူပါရဲ့။ မေမေတို့ . . အိမ်ထောင်သစ်စုံတွဲ၊ နိုင်ငံရပ်ခြားကို၊ ထွက်သွားကြတယ်။

တစ်နှစ်လောက်အကြာမှာ၊ ငါ့ အဖေက၊ စာလေးတစ်စောင် ရေးပြီး၊ အဘွားနဲ့ ငါ့ကို ထားခဲ့ ပြန်တယ်။

ငါ့ အဖေ ရေးခဲ့တဲ့ စာလေးကို ငါ . . ဖတ်ပြမယ်နော်။

အမေ . . တဲ့။

အမေ့ကို၊ မိခင်ရင်း တစ်ယောက်လို . . ၊ ကျွန်တော် ပြုစု ချင်ပါတယ် . . တဲ့။ အမေ့အနားမှာလည်း၊ သားလေးနဲ့ အတူ နေချင်ပါတယ် . .



www.burmeseclassic.com

www.burmeseclassic.com


တဲ့။ ဒါပေမဲ့ . . ကျွန်တော် ဒုက္ခိတပါ . . အမေ အမေ့ကို ဒုက္ခမပေးချင်ဘူး . . တဲ့။

ပြီးတော့ . . လူ့လောကကို၊ ကျွန်တော် အရမ်းကြောက်သွားပြီ။ အဲဒါကြောင့်၊ သားလေးကို အမေနဲ့ ထားခဲ့ပါရစေ။ စွန့်ပစ်ခဲ့တာ မဟုတ်ပါဘူး အမေ။ စွန့်ခွာခဲ့တာပါ . . တဲ့။

ငါ့ အမေ ရေးခဲ့တဲ့ စာလေး၊ ငါ့ အံဆွဲထဲမှာ၊ အခုထိ ရှိနေသေးတယ်။

အမေက ဝေးဝေးလံလံ သွားတာ မဟုတ်ပါဘူး။ သူ့ရွာကို သူ ပြန်သွားတာပါ။ ရွာမှာလည်း မနေတော့ဘဲ . . ၊ ရွာဦးဘုန်းကြီးကျောင်းမှာပဲ ကျောင်းဝေယျာဝစ္စလုပ်ပေးရင်း၊ ဘဝကို နှစ်မြှုပ်ပစ်လိုက်တာ။

ငါ ဆယ်နှစ်သား အရွယ်မှာ၊ ငါ့ မေမေ ဖုန်းဆက်တယ်။ အဘွားက လုံးဝ စကားလက်ခံ မပြောဘူး။ ငါ့ကိုတော့ . . ပြောခွင့်ပြုတယ်။

သားအမေ နေကောင်းလား . . လို့ မေးပြီ



မေမေ ငိုတယ် . . ကွ။ ပြီးတော့ . . , ငါ့ကို . . ဟိုကို လိုက်ယာဖို့ ခေါ်တယ်။ ငါ . . ဘာမှ ပြန် မပြောလိုက်ဘူး။

နောက်ပိုင်း ငွေတွေ ပို့တယ်။ အဘွားက လုံးဝ, လက်မခံဘူး။ သိပ်မကြာခင်မှာပဲ၊ အခု . . ဒီအိမ်ကို၊ မြေးအဘွား နှစ်ယောက် ပြောင်းလာခဲ့ကြတယ်။

ဒီကြားထဲမှာ၊ အဖေ့ဆီကို၊ ငါ . . မကြာမကြာ သွားတယ်။ တစ်ခါတစ်ရံ ဒရိုက်ဘာ လိုက်ပို့တယ်။ တစ်ခါတစ်ရံ အဘွားလည်း၊ လိုက်လာတာပေါ့။

နောက်ပိုင်းကျမှ၊ ငါ့ ဘာသာ သွားဖြစ်တော့တာပါ။

မောင်မယ်သစ်လွင် ကြိုဆိုပွဲ နေ့က, ငါ့ အဘွား ဆုံးတယ်။ နော်ဇာရော . . မင်းတို့အားလုံးရော၊ ငါ့ကို တစ်မျိုးထင်နေကြတာ၊ ငါ သိပါတယ်။

ဒါပေမဲ့ . . , ငါ ရှင်းမပြချင်ဘူးကွာ။


www.burmeseclassic.com

www.burmeseclassic.com

ဒရိုက်ဘာ လာခေါ်လို့ ငါ . . လိုက်သွားရတာပါ။ အိမ်ရောက်တော့၊ အကြွားအသက်ကို၊ ငါ . . မမီ ခဲ့ပါဘူး။

မင်းတို့ အထင်လွဲတာတစ်ခုတည်းကို ဖြေ ရှင်းပြဖို့၊ ငါ့ တစ်ဘဝလုံးစာကို ပြောပြရမှာ၊ ငါ ဝန်လေးခဲ့တာပါ။

အရွယ်ရောက်ပြီ ဆိုတာနဲ့၊ အဖေက . . သူ့ရဲ့ ဖြစ်စေချင်တာတွေ . .၊ ငါ့ကို ပြောတော့ တာပါပဲ။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ အဖေ့ စကားတိုင်းကို၊ ငါ . . မချွင်းမချန်၊ လိုက်နာဖြစ် တယ်။

မိန်းမ,တွေနဲ့ မရောဖို့၊ ဘယ်သူ့ကိုမှ မယုံ ကြည်ဖို့၊ ဘယ်သူနဲ့မှ မခင်မင်ဖို့ ငါ့ကို ဆုံးမတယ်၊ သတိပေးတယ်။ မာယာလောက, . . လို့ ဟောခဲ့ လူ့လောက,ကြီးကို၊ အဖေ အမည်တပ်ခဲ့တယ်လေ။

ငါလည်း လူပဲ သူငယ်ချင်းရာ။ လူ့စိတ်ရှိ တာပေါ့။ ဒါပေမဲ့ . . ငါ့ရဲ့ လူ့စိတ်, သံယောဇဉ်





စိတ်ကို၊ အဖေ့ ဆန္ဒတွေထဲမှာ နှစ်မြှုပ်ပစ်လိုက် တယ်"

မိန်းကလေး သုံးဦးစလုံး၏၊ ငိုရှိုက်သံကို ကြားရသည်။ ကျွန်တော် ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။

"မပြီးသေးဘူးလေ"

ကျွန်တော်က, ကိုကိုမင်းကို ဘာမျှ ပြန်မပြောဘဲ . .

"မငိုကြနဲ့လေဟာ။ နင်တို့ ငိုရင်၊ ဆက်မဖွင့် တော့ဘူး"

မျက်ရည်တွေ ဖယ်သုတ်ကြလေ၏။

နွယ်နွယ်ဦးက . .

"သနားလို့ ငိုတာပါဟယ်"

နော်ဇာဝတ်ရည်က . . စီးကျသော မျက်ရည်စ,တို့ကို တစ်စစီ ဖယ်သုတ်ပြီး၊ မျက်လုံးကို ဖြည်းညင်းစွာ ပိတ်မှိတ်ထားး၏။


www.burmeseclassic.com

www.burmeseclassic.com

ဇော်သန်းက, ကက်ဆက်ခလုပ်ကို ဖွင့်လိုက်သည်။

သံလွင်ငြိမ်း၏ တည်ကြည်စကားသံများ ထပ်မံ ပေါ်ထွက်လာ၏။



(၂၂)

"အဘွားဆုံးပြီးတဲ့နောက်၊ ဒီအိမ်ကြီးထဲမှာ၊ ငါ တစ်ယောက်တည်းပေါ့ကွာ။ ငါ့ အဖော်ဆိုလို့ ဂစ်တာတစ်လက်ပဲ ရှိခဲ့တယ်။

အဖေ့ ဆန္ဒအရ၊ အဘွားရဲ့ ဓာတ်ပုံတွေ၊ မေမေ့ရဲ့ ဓာတ်ပုံတွေကို၊ ဘယ်နံရံမှာမှ မချိတ်ဘဲ သိမ်းဆည်းထားခဲ့ရတယ်။

ဒီအိမ်ကို အဖေ တစ်ခါမှ၊ မရောက်ဖူးဘူး။ ဒီအိမ်ကိုတွင် မဟုတ်ပါဘူး။ ရန်ကုန်ကို လုံးဝ . . မရောက်တော့တာပါ။

ငါ့ဘဝ ရည်ရွယ်ချက်က၊ ထွေထွေထူးထူး ဘာမှ မရှိပါဘူး။ ကျောင်းမြန်မြန်ပြီးအောင်လုပ်။ ပြီးရင်၊ အဖေနဲ့ပဲ၊ အဲဒီ နေရာမှာ သွားနေဖို့၊ ဆုံးဖြတ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးကိုမှလည်း၊ ငါ . . အ

မဝင်ခဲ့ဘူး။ ဘယ်သူနဲ့မှလည်း ခင်ခင်မင်မင်

ခဲ့ဘူး။

မမျှော်လင့်ဘဲ၊ မင်းတို့နဲ့ ခင်ခဲ့ရတာ၊

ဘဝရဲ့ ပထမဆုံးပါပဲ။ ငါ . . မင်းတို့ အားလုံး

ခင်ပါတယ်။

အဖေ့ကို ပြောပြတော့၊ အဖေ ကန့်ကွ

တယ်ကွာ။ ဘယ်လောက်အထိ ပြောဆိုကန့်ကွ

ခဲ့သလဲဆိုရင်၊ လူတွေနဲ့ ရောရင်၊ မင်း . . လူဆ

မိလိမ့်မယ် . . တဲ့။

မင်းတို့နဲ့ တွေ့ပြီးတဲ့နောက်ပိုင်းမှာ၊ အ

စကားကို၊ မြေဝယ်မကျ နားမထောင်ခဲ့သလို

ခဲ့ရတယ်လေ။

မြင့်မြတ် . . ။

ငါ . . ပွင့်ပွင့်လင်းလင်း ပြောခဲ့ချင်တယ်ကွာ

အဖေက ဘယ်လူနဲ့မှ မရောနှောနဲ့ ဆို

မှဲ၊ ငါ . . မင်းကို၊ အခင်ဆုံး။ အယုံကြည်ဆုံး





လောက,မှာ သစ္စာမဲ့သူရှိသလို၊ သစ္စာတည်

သူလည်း။ ရှိနိုင်တယ်။ ရန်သူ အမျိုးမျိုး ရှိနိုင်သလို၊

မိတ်ကောင်းဆွေကောင်းလည်း၊ ရှိနိုင်တယ် . . လို့

ငါ . . ယုံကြည်ချင်ပါတယ်။

ဘယ်သူ့စကားကိုမှ၊ မယုံကြည်ရင်တောင်၊

မိတ်ရင်းဆွေရင်း စကားကိုတော့၊ ငါ . . ယုံကြည်

ချင်တယ်လေ။

အဲဒါကြောင့်,

ဘယ်ကိစ္စမှာပဲ ဖြစ်ဖြစ်။ ဘယ်သူ ဘာပြောပြော,

မင်း စကားကိုပဲ၊ ငါ အတည်ပြုခဲ့တယ်။ နောက်

ဆုံးကွာ၊ မင်း သဘောထားကိုပါ၊ ငါ . . သိချင်လာ

တယ်။ အဲဒီ သိချင်တာ တစ်ခုတည်းနဲ့၊ မင်းတို့

အပေါ်မှာ၊ ငါ . . ဟန်ဆောင်ခဲ့မိတယ်။ အဲဒီ

အတွက်, မင်းတို့ အားလုံး၊ ငါ့ကို ခွင့်လွှတ်ကြပါ။

နော်ဇာဝတ်ရည် ကိစ္စကို၊ ငါ . . သိတယ်

သူငယ်ချင်း။

ပိတောက်ပင်ပေါ်က, လိမ့်ကျပြီး ငါ . .



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကွဲသွားတာ။ သတိလစ်သွားရတာ။ အဲဒါ တွေကိုရော . . တခြားကိစ္စတွေကိုရော၊ ငါ . . တစ်ခုမှ မမေ့ခဲ့ပါဘူး။

ငါ . . သတိရတဲ့အချိန်မှာ၊ မျက်လုံး မဖွင့်နိုင်ခင်၊ မင်းတို့ ပြောဆိုနေကြသံတွေကို၊ ငါ . . ကြားရတယ်။ ကြားကြားချင်း၊ ငါ စိတ်မကောင်းဘူး။

ဒါပေမဲ့ . . , မင်း၊ ငါ့ အပေါ် ဘယ်လို သဘောထားရှိမလဲ . . ။ နော်ဇာဝတ်ရည် အပါ အဝင်, အားလုံးကရော . . ၊ ငါ့ကို ဘယ်လောက် အထိ၊ လှည့်စားကြမလဲ သိချင်လို့၊ ငါ . . သတိ မရသေးချင်ယောင်ဆောင်ပြီး၊ နာရီများစွာ နေ ခဲ့ရတာပါ။

မင်းတို့ သတိမထားမိလို့ပါ။ မင်းတို့ အိပ် ပျော်နေတဲ့ အချိန်မှာ၊ ငါ . . အပေါ့အပါး ထ သွားခဲ့ပါသေးတယ်။

ဇော်သန်းရဲ့ အစီအစဉ်၊ နော်ဇာဝတ်ရည် . . ရဲ့၊ စိန်ခေါ်မှုတွေကို၊ မင်း . . ငါ့ဘက်က မခံ





ချင်လို့၊ ရောင့်နှုတ်ပိတ်ပြီး၊ လက်ခံခဲ့ရတာကို၊ ငါ . . သိပါတယ်။

ငါ မင်းကို စိတ်မဆိုးပါဘူး။ အားလုံးကို၊ စိတ်မဆိုးပါဘူး။

ဖြစ်နိုင်ရင်၊ ဒီ . . အကြောင်းကို၊ ဘယ် တော့မှ၊ ပြောမပြဘဲ၊ ငါ . . ထွက်သွားမလို့ပါ။ ဒါမှမဟုတ်, နောက်နောင်မှ၊ အေးအေးဆေးဆေး ငါ . . ပြောပြမလို့ပါ။

ဒါပေမဲ့,

ငါ့အဖေ နေမကောင်း . . လို့၊ အမြန်ဆုံးသွားရ မယ့် အတူတူ၊ ငါ ပြောချင်တာတွေကို၊ တစ်ခါ တည်း ပြောခဲ့ဖို့၊ ငါ . . ဆုံးဖြတ်လိုက်တာပါ။

မင်း . . ဘယ်နေ့ ငါ့ကို ဖွင့်ပြောပြမလဲ . . လို့၊ ဥပါယ်တံမျဉ်နဲ့ ငါ စောင့်ခဲ့ပါသေးတယ်။ ငါ့ အထင်တော့၊ မင်း . . , ကြားညပ်နေတယ်လို့ ထင်တာပါပဲ။

နော်ဇာ့ကိုရော . . မင်းကိုရော . . အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို၊ ငါ့, စိတ်မဆိုးပါဘူး။ ပျော်ရွှင်စရာတစ်ခုအား နဲ့၊ ဝိုင်းပြီး ကျီစယ်ကြတယ် . . လို့ပဲ၊ ငါ တွေးပါ တယ်။

မိတ်ကောင်းဆွေကောင်း ဆိုတာ၊ မရှိဘူး . . လို့၊ ပြောဆို ဆုံးမခဲ့တဲ့ အဖေ့ကို၊ မိတ်ကောင်း ဆွေကောင်း ဆိုတာ ရှိပါတယ် . . လို့၊ တိတ်ကျတ တော့၊ ငါ . . ပြောပြခွင့် မရဘူးပေါ့ကွာ။

အခု နောက်ပိုင်းမှာတော့ . .

အဖေက . ., ငါ့ကို စကားတစ်ခွန်း ပြောပြန် သေးတယ်။

မုန်းသူကိုလည်း မေ့နိုင်အောင် ကြိုးစား

ချစ်သူကိုလည်း တွေ့အောင်ရှာ . . တဲ့။

အဖေ့ကို ကန်တော့တဲ့ အခါတိုင်း၊ မုန်းသူ ကို မေ့၍၊ ချစ်သူကို တွေ့ပါ စေ . . လို့၊ အဖေ ဆုတောင်းပေးတယ်။

အမိပ္ပါယ်က,တော့၊ ကိုယ့် အပေါ်၊ မလို မုန်းထားဖြစ်နေတဲ့သူ၊ ကိုယ်က . . မုန်းနေတဲ့သူ





တွေကို၊ စိတ်ထဲမှာ ထည့်မထားနဲ့ ဆိုတဲ့ သဘော ပေါ့ကွာ။

ချစ်သူ ဆိုတာက,တော့၊ ကိုယ့်ကိုယ်ကို ချစ် ဖို့။ ကိုယ့်ကိုယ်ကို စိတ်ကောင်းနှလုံးကောင်း ထား ဖို့၊ ဆိုလိုတာ . . တဲ့။

မိမိကိုယ်တိုင်သာလျှင်၊ မိမိရဲ့ ချစ်သူဖြစ် နေဖို့လိုတယ်တဲ့။ ကိုယ့်ကိုယ်ကို ချစ်မှ၊ ကိုယ့်ကိုယ် ကို . . မွန်မြတ်အောင် နေဖြစ်မှာ . . တဲ့။

ငါ . . အဲဒီ စိတ်နဲ့ နေခဲ့တာပါ။ ဘယ်သူ့ ကိုမှ၊ မမုန်းဘူး။ ကိုယ့်ကိုယ်ကို ချစ်နိုင်အောင်၊ ကြိုးစားတယ်။ ကိုယ့်ကိုယ်ကို မွန်မြတ်အောင်၊ မနေနိုင်သေးရင်တောင်၊ သက်သာအောင်၊ နေခဲ့ တယ်။

ကိုယ်က,လွဲပြီး၊ တခြားသူကို၊ ချစ်ရမှတမ်း ဆိုရင်တော့၊ ငါ . . နော်ဇာ့ကို ချစ်ချင်ပါတယ် ကွာ။ ဒါပေမဲ့ . ., နော်ဇာက ငါ့ကို တော်တော် မုန်းနေတာကွ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဆိုတော့လည်း၊ မိန်းမ, မာန စိတ် ဖြစ်တာ နေမှာပါ။

ငါ့ အဖေ စကားနဲ့ ပြောရရင်၊ ငါ . . မင်းတို့ အားလုံးကို စွန့်ခွာခဲ့တယ် . . ဆိုပါတော့ကွာ။ ရိုးရိုးလေး ပြောရရင်၊ ငါ့ . . သက်သာရာကို ငါ . . ရှာလိုက်တာပဲပေါ့။

ဒီမှာ ဆက်နေရင်၊ ငါ လူတစ်ယောက်ရဲ့ လူ သံယောဇဉ်စိတ်တွေ ဖြစ်လာမယ်။ အဲဒီအခါ ပူပန်မှုတွေ . . တိုးလာနိုင်တယ်လေ။

အဲဒါကြောင့်၊ အားလုံးနဲ့ ဝေးရာကို ငါ . . ထွက်သွားပြီ ဆိုပါတော့။ အားလုံးဆိုတာ၊ မင်းတို့ကိုသာ ဆိုလိုတာမဟုတ်ဘူး။ လူအားလုံးနဲ့ ဝေးရာကို ဆိုလိုတာ။

ဘာပဲပြောပြော၊ ငါ့ နှလုံးသားက . . , လူ နှလုံးသား ဖြစ်နေတဲ့ အတွက်၊ ဘယ်လောက်ပဲ သံယောဇဉ် ကင်းစင်အောင် နေချင်တယ်ပဲ ဆိုဆို အလွမ်းဆိုတာ လက်တစ်ဆစ်လောက်တော့၊ ပါ





သွားအုံးမယ် ထင်ပါရဲ့။

မရေးတတ်ရေးတတ်နဲ့ ပေါ့ကွာ။ ငါ့ အံဆွဲမှာ၊ နော်ဇော့အတွက်၊ ကဗျာလိုလို ဘာလိုလိုလေး၊ ငါ . . ရေးခဲ့သေးတယ်။

မင်း . . နော်ဇော့ကို ယူပေးလိုက်ပါ။ တစ်ခေါက်လောက် ဖတ်ဖြစ်ရင်၊ ငါ . . ကျေနပ်ပါတယ်။ လောလောဆယ်တော့ . . , အလွမ်းလက်တစ်ဆစ်လောက် ငါ့မှာ၊ ပါသွားတယ် . . လို့၊ ဝန်ခံတာပေါ့ကွာ။

နောက်တော့လည်း၊ တဖြည်းဖြည်း၊ သက်သာ သွားအုံးမယ် ထင်ပါတယ်။

တစ်ဆက်တည်း မှာခဲ့ချင်တယ်ကွာ။ ငါ့ အံဆွဲထဲမှာ၊ ဒီ အိမ်ရဲ့ အိမ်ဂရန် နဲ့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းတွေရယ်။ မင်းတို့ အားလုံးကို လွှဲပြောင်းပေးထားတဲ့ စာချုပ်ရယ်၊ အိမ်သော့တွေရယ် ထားခဲ့တယ်။ မင်းတို့ လိုရာသုံးပါ။ ငါ . . လက်ဆောင်ပေးခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ အတွက်တော့၊ နော်ဇာ့ကို လွမ်းတဲ့ အလွမ်း . . အားလုံးကို လွမ်းတဲ့ အလွမ်းလေး လက်တစ်ဆစ်လောက် ယူဆောင်သွားပါတယ်။

ငါ့ သူငယ်ချင်းအားလုံး၊ မုန်းသူကို မေ့၍ ချစ်သူကို တွေ့ပါစေ . . ပေါ့ကွာ။

ဒါပါပဲ။

ငါ . . နှုတ်ဆက်ခဲ့တယ်နော်။ သူငယ်ချင်းတို့ . .

. . . . . . . . . "

ကျွန်တော် မျက်ရည်များ စီးကျလာသည်။

မည်သူကိုမျှ ကျွန်တော် ငဲ့မကြည့်မိတော့ချေ။

နော်ဇာဝတ်ရည်က, နှုတ်ဖူးဖြင့် စားပွဲကို ဆောင့်လျက် ငိုသည်။ နွယ်နွယ်ဦးနှင့် ဝေဝေဦးတို့ ဝိုင်းဆွဲကြသည်။

ကျွန်တော် နှုတ်ခမ်းကို ဖိကိုက်ထားမိ၏။

အောက်နှုတ်ခမ်း တစ်ခုလုံး နာကျင်လာသည်။

သူငယ်ချင်းတစ်ယောက် အပေါ်၊ မည်သည့် စကားမျှ ပြောခွင့် မရလိုက်သော၊ ခံစားမှု အဟုန်သည်၊ ရှိုက်ငင်ငိုကြွေးရုံ





ဖြင့်၊ မလုံလောက်။

နောင်တ, ဟူသည်၊ မျက်ရည်ဖြင့် တိုက်စားမိသည့်တိုင် မည်သို့မျှ အရာမယွင်းသော . . ကျောက်စိုင်, ကျောက်တုံးပမာ၊ ထည်ဝါစွာ တည်ရှိနေတတ်၏။ ကြီးလေးသော နောင်တသည်၊ ဘယ်သောအခါမျှ၊ ပ,ပျောက်ခြင်း အလျဉ်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

## အလွမ်းလက်တစ်ဆစ်

မုန်းသူ့ ရန်ဘက်တွေလား
ချစ်သူ့အား
ခွန်းဟ, မေးဝံ့ချင်ပါသည်။

နေ အဟုန်ပြင်းလို့

ရေအိုင်၊ ချောင်းစပ်
ခြောက်ကပ် ခန်းခြောက်ခဲ့လျှင်တောင်,
အိုင်ထွန်း ကွက်လပ်
ချောင်းရိုးနေရာ
ရေမလာလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြွင်းထင်ဆဲပါ။

လေ အဟုန်ပြင်းလို့

ပင်လယ်၊ သမုဒ္ဒရာ
မုန်တိုင်းထန် မာန်ဟုန်ခွင်းခဲ့လျှင်တောင်

ပင်လယ် မပျောက်
သမုဒ္ဒရာ မပျက်
ကမ်းအထက်နား
မြေသားများစွာ
ကြွင်းရစ်ဆဲပါ။

မိုး အဟုန်ပြင်းလို့

သစ်ကြီး ဝါးကြီး
တောထီးတည်း မကျန်





ပြင်းထန် ပြိုလဲခဲ့လျှင်တောင်၊

ပန်းအကြွေ
ရွှေအပွင့်တွေကြား
မြက်ပင်ငယ်များ . . .
အသက်ဝင်ဆဲ ကျန်နေမြဲပါ။

မုန်းသူ့ရန်ဘက်ပမာ
နာကျင်အောင် ရက်စက်ချင်သော
ချစ်သူငဲ့။

အမုန်း နေပြင်း
အငြိုး မုန်တိုင်း
ရက်စက် ထစ်ချုန်း
ပြင်းထန်ဦးတော့၊
ချစ်တုန်း ခဏ
ပျော်တုန်း နာရီ


www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခဲ့သော . . . . . .

စကား ပုလဲ

နားမှာ ဆွဲပါ။

သွား၊ လာ ကြည်ဖြူ

ရည်တူ အပြုံး

ထိုပန်းကုံးကို၊

ပခုံးမှာတင်

မေ . . ပန်ဆင်ပါ။

အပါး မခွာ

ဖဝါး နားနီး

ညှာတာ ဖြီးဖျ၊

ရင် ဆန္ဒ . . ခင်း

ထို တလင်းကို၊

သီချင်းဆိုရင်း

မေ . . စီးနင်းပါ။





လ,ရိပ်မပေါ်

အမှောင် ကျော်လွှား၊

ည,အိပ်မပျော်

အဖော်မဝေး၊

မမေးစက်ခင်

အိပ်ရာဝင်ဖို့,

နှုတ်ဆက် အသံ

ည . . , ဝန်း . . ရံ . . ထွေး

ထို အတွေးဖြင့်၊

နှိမ်စိတ်မပျက်

မေ . . အိပ်စက်ပါ။

မုန်းမပြေလို့

မေ . . မပြုံးရင်လည်း . . ၊

အမုန်းများ . . အောက်

နှလုံးသား ပေါက်ပက်

ဤနှံ့ထက်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

အလွမ်း လက်တစ်ဆစ်

ကြွင်း, ကျန်ရစ်ကြောင်း . . .

အတိတ်ဟောင်းကို၊

နှောင်း,

ပျက်,

ကြွေ,

ကျ,

မြေခ, မျက်ရည်

နွေ . . . ရက် ရှည်လျား

လောင်ကျွမ်းသွားမှ

မေ့ . . အမျက်ပြေဖို့ မှာချင်တယ် . . ။

-သံလွင်ငြိမ်း





သံလွင်ငြိမ်း၏ ကဗျာ စာရွက်ကို ခေါက်သိမ်းလိုက်ပြီး နောက်၊ နော်ဇာဝတ်ရည်ကို လှမ်းပေးရင်း၊ ကျွန်တော်က . . .

"ငါတို့ ဘာလုပ်ကြမလဲ"

ကျောက်တောင် ကျောက်သားတို့အကြားမှ၊ တောင်ကျရေသွယ် စီးဆင်းလာသကဲ့သို့၊ ကျောက်ရုပ်ပမာ တောင့်တင်းစွာ၊ မလှုပ်မယှက် ငြိမ်သက်နေသည့် နော်ဇာဝတ်ရည်၏ မျက်လုံးများကြားမှ၊ မျက်ရည်တို့သာ စီးနွှယ်သွယ်ကျ နေလေ၏။ လက်ထဲရှိ ကဗျာစာရွက်ကို ကျစ်လစ်စွာ ဆုတ်ကိုင်ထားလေသည်။

"ငါ . . မောင့်ကို တွေ့ချင်တယ်။

ငါ, သူ့ကို တွေ့ချင်တယ်"

ကျောက်စွန်း, ကျောက်သား, အထပ်ထပ်ကြားမှ၊ ပွဲဆင်းဟိန်းထွက်လာသကဲ့သို့သော ဆန္ဒအဟုန်ဖြင့်၊ နော်ဇာဝတ်ရည် အော်ဟစ်တောင်းဆိုလေသည်။ ဇော်သန်းက, လည်း . . . ,

"ငါလည်း တွေ့ချင်တယ်ကွာ။

တောင်းပန်ချင်တယ်။


www.burmeseclassic.com

www.burmeseclassic.com



အပျော်သက်သက်ဆိုပေမဲ့၊ မျက်မှန်းတန်း လို့ ထိခိုက်စေချင်တဲ့ စိတ်၊ ငါ့မှာ ပါခဲ့တယ်။ ဒါပေမဲ့ . . သံလွင်ငြိမ်းကို မထိဘူး။ ငါ တို့ကို ထိသွားတယ်"

ကိုကိုမင်းက . .

"သူ့ကိုလည်း၊ ထိမှာပါကွာ။ ဒါပေမဲ့ , အပြင်းထန်ဆုံးတွေ ထိခိုက်ပြီးတဲ့၊ သူ့နှလုံးသားကို တခြား ဘယ်အရာကမှ ပိုပြီး ထိခိုက်အောင် လုပ် နိုင်မှာ မဟုတ်ဘူး"

"ငါ့ကို လိုက်ပို့ကြပါဟာ"

နော်ဇာဝတ်ရည်၏ ဆန္ဒစကား။

"ဘယ်မှာ မှန်းမှ၊ မသိတာ"

နွယ်နွယ်ဦး၏ ရင်မောသံ။





"နေရပ်ကို စုံစမ်းရတာ၊ မခက်ပါဘူး။ ဒါပေမဲ့ . . , အဲဒီမှာ၊ သူ ရှိတော့မယ် မထင်ဘူး"

ကျွန်တော်က အစစအရာရာကို သုံးသပ်လျက်၊ ထင်မြင် ချက် ပြုမိသည်။ နော်ဇာဝတ်ရည်က . . ,

"သူ့ အဖေမှ၊ နေမကောင်းတာ။ သူ . . ရှိနေအုံးမှာပါ"

"ဒီနေ့တော့၊ သွားလို့ ရမှာ မဟုတ်သေးဘူး နော်။ လိပ်စာ စုံစမ်းရအုံးမှာ"

"မြန်မြန်လုပ်ကြပါဟာ" . . ဟု၊ နော်ဇာဝတ်ရည် ငိုမဲ့စွာ ပြော၏။ ရင်ထဲတွင် ထိခိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

သံလွင်ငြိမ်း ထွက်သွားခဲ့သော ဒေသကို သုံးရက်ခန့် စုံစမ်းရ၏။ တစ်နေ့တာမျှ သွားရောက်ရသည့် ဒေသ။ သိလျှင်သိချင်း၊ ကျွန်တော်တို့ အားလုံး၊ အရောက်သွားခဲ့ကြသည်။

ရွာဦး ဘုန်းကြီးကျောင်း၏ အဝင်ဝ, လက်ျာဘက်တွင်၊ သံလွင်ငြိမ်း၏ ကားရပ်ထားသည်ကို တွေ့မြင်ရ၏။ ကျောင်းပရဝုဏ်အတွင်း၊ မည်သည့် လူအရိပ်အရောင်ကိုမျှ မတွေ့ရ။ ကျောင်းထိုင်ဘုန်းတော်ကြီး ရှိရာသို့၊ အပြေးလှမ်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


"တပည့်တော်တို့ သူငယ်ချင်း၊ သံလွင်ငြိမ်း နဲ့ တွေ့ချင်လို့ပါ ဘုရား"

ကျွန်တော်က၊ ဦးဆောင် လျှောက်ထားသည်။

ဘုန်းတော်ကြီးက . . .

"ဒကာလေး မောင်သံလွင် မရှိတော့ဘူး ထွက်သွားပြီ"

"ရန်ကုန်ပြန်သွားတာလား ဘုရား"

"ရန်ကုန်တော့ မဟုတ်ဘူးကွဲ့။ လူ့ရပ်ရွာ ရဲ့ အဝေးကို သွားမယ် . . လို့၊ ဘုန်းကြီးကို လျှောက်သွားတာပဲ"

"ဘယ်နေ့ ပြန်လာမှာလဲ ဘုရား"

နော်ဇာဝတ်ရည်၏ အမေး၊အလျှောက်။





"ဘယ်တော့မှ ပြန်လာမှာ မဟုတ်ဘူးကွဲ့"

"သူ့ ကားကိုတော့၊ တပည့်တော်တို့ ကျောင်းအဝင်နား မှာ တွေ့ခဲ့တယ် ဘုရား" . . ဟု၊ ကိုကိုမင်း ဝင်ပြောသည်။

ဘုန်းတော်ကြီးက . . .

"ကျောင်း ဝေယျာဝစ္စ၊ ရပ်ရွာရဲ့ ဝေယျာဝစ္စ သာသနာရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ဖို့၊ အဲဒီ ကားကို၊ ဒကာလေး မောင်သံလွင်က၊ လှူသွား တာကွဲ့"

ဇော်သန်းက . . .

"သူ့ အဖေနဲ့ တွေ့ချင်ပါတယ် ဘုရား"

"ဒကာကြီး မင်းခိုင် ကွယ်လွန်ပြီးပြီကွဲ့။ မနေ့က၊ တစ်ပတ်ပြည့်တယ်"


www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ချီထားသည့် နော်ဇာဝတ်ရည်၏ မျက်ဝန်းမှ မျက်ရည်များ စီးကျလာသည်။ ဘုန်းတော်ကြီးက . . .

"ဒကာလေးတို့၊ ဒကာမလေးတို့ အပေါ်၊ မောင်သံလွင်၊ အရှုပ်အရှင်းများ၊ ပြုမူခဲ့လို့လား"

ကျွန်တော်က . . ,

"မဟုတ်ပါဘူး ဘုရား။ တပည့်တော်တို့ အားလုံးက,သာ၊ သူ့အပေါ် တောင်းပန်စရာရှိလို့ လာတောင်းပန်ကြတာပါ"

"အေး။ သူ သွားတာ နှစ်ရက်လောက်ရှိ ပြီကွဲ့။

သူဖခင် ဈာပနကိုတောင်၊ မီမသွားပါဘူး။ ဒကာလေးတို့တတွေ၊ ဘာဖြစ်ခဲ့ကြသလဲ တော့ ဘုန်းကြီး မသိဘူး။ သို့ပေမဲ့, ဒကာလေး မောင်သံလွင်က၊ ခွင့်လွှတ်မှာပါ"





"သူ ဘယ်ကို သွားတယ်ဆိုတာ တပည့် တော်တို့ သိခွင့်ရှိပါသလား ဘုရား"

"ဘုန်းကြီးတောင် မသိပါဘူးကွယ်။ လူနဲ့ ဝေးရာကိုသာ သွားမယ် . . လို့ပဲ၊ ဘုန်းကြီးကို အသိပေးသွားတာ"

နော်ဇာဝတ်ရည်က . . .

"သူ ပြန်လာနိုင်သလား ဘုရား"

"ပါရမီကြီးတဲ့သူ၊ သမာဓိကြီးတဲ့သူ ဆိုရင် တော့။ ပြန်လာမယ် မထင်ဘူးကွဲ့"

ကျွန်တော်တို့ ပြန်လာခဲ့ကြရသည်။

ပျောက်သောသူ ရှာလျှင်တွေ့ . . ဟူသော ယုံကြည်စိတ်ဖြင့်၊ သံလွင်ငြိမ်းကို ရှာဖွေခဲ့ကြသည်။ နှစ်ပေါင်းများစွာ . . . . . . ။



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

ဆယ့်ငါးနှစ်တင်းတင်း ပြည့်သည့်နေ့တွင်၊ သံလွင်ငြိမ်း၏ အိမ်ကို၊ "ငြိမ်းချမ်းရေး" စာကြည့်တိုက် အဖြစ်၊ ကျွန်တော်တို့ လှူဒါန်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးနှစ်ကျော် အတွင်း၊ သံလွင်ငြိမ်း ရှိနိုင်မည်ထင်သည့် နေရာတိုင်းသို့ ကျွန်တော်တို့ သွားရောက် ရှာဖွေကြသည်။ သတင်းစာများထဲမှာလည်း၊ ထည့်ခဲ့ကြသေးသည်။ သို့သော် . . . မည်သည့် အရိပ်အရောင် သတင်းစကားမျှ၊ မတွေ့၊ မမြင်၊ မသိ မကြား။

ဝေဝေဦးနှင့်ကိုကိုမင်း အိမ်ထောင်ကျသည်။ သူတို့ နှစ်ဦး၏ အိမ်ထောင်သက်ပင်၊ ငါးနှစ်ခန့် ရှိပေပြီ။ နွယ်နွယ်ဦးနှင့် နော်ဇာဝတ်ရည်တို့သည် အပျိုကြီးများ ဖြစ်နေကြပေပြီ။ ဇော်သန်းက၊ ပြည်ပ,နိုင်ငံ တစ်ခုတွင်၊ စီးပွားရေးလုပ်ငန်း တစ်ခု လုပ်ကိုင်လျက်ရှိ၏။ ကျွန်တော်က,မူ၊ စာပေသမား။

ငြိမ်းချမ်းရေး-စာကြည့်တိုက် အတွင်းမှ၊ ကျွန်တော် အထွက်တွင်၊ စာကြည့်တိုက်၏ ရှေ့သို့၊ ကားလှလှလေးတစ်စီး





ထိုးစိုက်၏။ ကားတစ်ခါး အဖွင့်တွင်၊ အမျိုးသမီး တစ်ယောက်ကိုတွေ့သည်။

“နော်ဇာ”

နော်ဇာဝတ်ရည်က၊ ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်း၊ ပြုံးပြ၏။ ရင့်ကျက်တည်ကြည်နေသော ဝင်းပပ အလှပြုံး။ ကျွန်တော် သူ့ ကားအနီးသို့ သွားသည်။

“နင်တစ်ယောက်တည်းလား”

“အင်း၊ ဟုတ်တယ်။ ဝေဝေဦးတို့ လင်မယား နဲ့ နွယ်နွယ်ဦးနဲ့၊ လိုက်လာကြလိမ့်မယ်။ နင့်ဆီကိုတောင် ဖုန်းဆက်သေးတယ်။ ဖုန်းလိုင်းမဝင်ဘူး”

“ငါ . စာကြည့်တိုက်ထဲ ရောက်နေလို့ ဖုန်းပိတ်ထားတာ” . . ဟု၊ ကျွန်တော် ပြောလိုက်သည်။

ပြီးနောက် . . ကျွန်တော်က,



www.burmeseclassic.com

www.burmeseclassic.com



"နင် . . ဘာလာလုပ်တာလဲ"

"သတိရလို့ပေါ့။ သတိရတိုင်း၊ ငါ . . ဒီ
စာကြည့်တိုက်လေးကို လာကြည့်နေတာပဲ။ ဒီ
. . , မောင်နေခဲ့တဲ့ အိမ်လေးလေဟာ"

ပြုံးလျက်ပြောနေသော်လည်း၊ အပြုံးရိပ်ထက် အလွမ်း
ရိပ်တွေ ဝေရီသည်။

"မြင့်မြတ်"

"ပြောလေ . . နော်ဇာ"

"သူ . . ကမ္ဘာလောကမှာ၊ ရှိမှ ရှိပါတော့
မလားဟင်"

တိမ်ထူထပ်နေသည့် ကောင်းကင်အနှံ့သို့ ကျွန်တော်
မော့ကြည့်ရင်း . . .





"ငါတို့ရှေ့မှာ သူမရှိပေမယ့်၊ ကမ္ဘာကြီးရဲ့
တစ်နေရာရာမှာတော့၊ သူ . . ရှိနေတယ်လို့ ငါ
ယုံကြည်တယ် . . နော်ဇာ"

"ငါ . . , သူ့ကို မတွေ့ရတော့ရင်တောင်၊
သူ . . ဘယ်မှာ ရှိနေမလဲ ဆိုတာလောက်တော့
သိချင်တယ်။

ကမ္ဘာကြီးရဲ့ တစ်နေရာရာမှာ ရှိနေတယ်
လို့ပဲ၊ ငါ ယုံကြည်ထားလိုက်တော့မယ်"

"ယုံကြည်မှုဟာ၊ ရဲရင့်ခြင်းရဲ့ ပထမသတ္တိပဲ" . . . ဟု၊
ကျွန်တော် ပြောလိုက်သည်။

နော်ဇာဝတ်ရည်က . . ,

"ဆယ့်လေးငါးနှစ်ကျော်ခဲ့ပြီပဲဟာ။ နင်
. . ဘာဖြစ်လို့ ဒီ အကြောင်းတွေကို၊ ဝတ္ထု မရေး
သေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မချိစွာ ပြုံး၍၊ ခေါင်းငုံ့မိသည်။ ပြီးမှ -

"တရားခံ စာရင်းထဲမှာ . . ငါ ပါနေတယ်လေဟာ။ ရေးတဲ့ ဝါကျစဉ်တိုင်း . . , ငါ ရင်ဆို့ရလိမ့်မယ်။ ငါ . . . မရေးရဲသေးဘူး"

"မခံစားချင်လို့လား"

"မခံစားချင်တာ မဟုတ်ဘူး။ မခံစားနိုင်တာ။ မရှက်တမ်း ပြောရရင်၊ ငါ . . မျက်ရည်ကျမလားတောင် မသိဘူးဟ . . ။ ရေးရင်းနဲ့"

နော်ဇာဝတ်ရည်က . . ,

"ကိုယ့်သူငယ်ချင်း အကြောင်း ကိုယ်ရေးတာဆိုတော့၊ ပို ခံစားရမှာပေါ့"

"အင်းပေါ့။ ပြီးတော့ . . . ရေးတဲ့သူက အရမ်း ခံစားပြီး ရေးပေမဲ့၊ ဖတ်တဲ့သူက ဘာမှ





မခံစားရရင်၊ ရှက်စရာကြီး။

ငါတို့ သူငယ်ချင်း ဆိုပေမယ့်၊ ဖတ်တဲ့သူရဲ့ သူငယ်ချင်း ဖြစ်အောင်၊ ငါ . . မရေးနိုင်မှာ စိုးတယ်။

နောက်ပြီး . . ဆရာတစ်ယောက်က,လည်း သင်ထားဖူးတယ်။ ကိုယ့်ကိစ္စ ကိုယ်ရေးတဲ့ အခါ၊ သူတစ်ပါး ကိစ္စလို၊ ခွဲပြီး မြင်နိုင်စွမ်းမှ ရေးပါတဲ့။ မဟုတ်ရင်, အတ္တစွဲ ပါတတ်တယ် . . တဲ့"

"အေးပါဟာ။ ငါကတော့၊ စာပေအနုပညာ အကြောင်း သိပ်မသိပါဘူး။

တကယ်လို့ နင့်ဘက်က, ရေးဖို့ အဆင်ပြေတဲ့အခါ၊ ငါ့ အကြောင်းရေးရင်၊ ငါ့ character ကို၊ မညှာမတာ ရေးစမ်းပါဟာ့။

ဘာကိုမှ အားမနာနဲ့။ မငဲ့နဲ့ . . . ငါ့ အမှားတွေကို၊ အများဆုံးထည့်ရေးစမ်းပါ"

စီးကျသော မျက်ရည်စ,များကို၊ လက်ကိုင်ပဝါဖြင့်၊ ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



တို့သည်။

"နှင် .. ဘာဖြစ်လို့ ရေးစေချင်တာလဲ .. နော်ဇာ"

"မောင်များ ဖတ်မိရင်။ ငါ့ကို ခွင့်လွှတ်အောင်လို့ပေါ့"

"သူက .. ခွင့်လွှတ်ပြီးသားပါ"

"သိပြီး၊ ခွင့်လွှတ်တာမျိုး။ နားလည်ပြီး ခွင့်လွှတ်တာမျိုး၊ ဖြစ်ချင်တာ"

"ငါ .. ရေးဖြစ်မယ် ထင်ပါတယ်။ ဖတ်တဲ့သူ ခံစားရရုံတစ်ခုတည်းနဲ့တော့၊ ငါ ကိုယ်ရေးကိုယ်တာကို၊ ငါ သိပ်မရေးဖြစ်ဘူး။ အဖြစ်အပျက်ကို၊ အကြောင်းပြုပြီး၊ တခြားတစ်ခုခု ပေးနိုင်လိမ့်မယ် .. လို့ ယူဆ,တဲ့ အချိန်





မှာ၊ ငါ ရေးဖြစ်မှာပါ။

ငါ .. ရေးဖြစ်ရင်လေ .. စာအုပ်ရဲ့ ရှေ့ဆုံးမှာ သံလွင်ငြိမ်း .. သို့ .. လို့ ထည့်လိုက်မယ်။

သူ မဖတ်ဖြစ်ခဲ့ရင်တောင်၊ နှင်ရော .. ငါရော .. အားလုံး၊ စိတ်, နည်းနည်း ပေါ့သွားတာပေါ့"

နော်ဇာဝတ်ရည် ခေါင်းညိတ်သည်။

ပြီးနောက် ..

"မုန်းသူကို မမေ့၍
ချစ်သူကို တွေ့ပါစေ .. ဆိုတာလေးလည်း၊
နှင် .. ထည့်ရေးနော် မြင့်မြတ်"

"ဒါပေါ့ ထည့်ရမှာပေါ့။
အဲဒါ .. သံလွင်ငြိမ်းရဲ့၊ ငြိမ်းချမ်းရေး ဒဿနပဲ"



www.burmeseclassic.com

www.burmeseclassic.com

ခပ်လှမ်းလှမ်းမှ၊ ကားတစ်စီး မောင်းလာသည်ကို မြင်ရ၏။

စာကြည့်တိုက် ခေါင်မိုးအစွန်းမှ၊ ခိုဖြူတစ်ကောင် ပို၍ မြင့်သော နေရာသို့၊ ပျံတက်သွားသည်ကို၊ ကျွန်တော် မြင်လိုက်ရ၏။

သံလွင်ငြိမ်း၏ အရိပ်အယောင် . . ဟု၊ မှတ်ထင်လိုက်မိသည် . . . . . . . ။ ။

ဝေးဝေးခင်မင်လျက် –

အောင်လှမျိုး (ချင်းချောင်းခြံ)

2006.May .21

12;35 (P, M)

မိုးသစ္စ ၈၁၈၀

www.burmeseclassic.com